
www.burmeseclassic.com

အချစ်နှင့်စွန့်စားခန်း လုံးချင်းဝတ္ထုသည်နှင့်သန့်

# ရွှေဘဝင်

နတ်ညိုမိုး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သစ္စာမှန်စာပေတိုက်
ရဲ့
စင်တင်ကလောင်ရှင်

BURMESE CLASSIC .com

# ရွှေဘဝင်

နတ်ဆိုး

(အချစ်နှင့်စွန့်စားခန်းလုံးချင်းဝတ္ထုသန့်သန့်)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

စိမ်းရွက်တွေနှင့် ခြယ်သထားသော တောင်တန်းကြီးမှာ မှိုင်းညို့စွာဖြင့် နဂါးကြီးတစ်ကောင် အိပ်စက်နေသည်ဟု ထင်ရသည်။ထိုတောင်တန်းကြီးကို နဂါးငွေ့တောင်တန်းရယ်လို့ ခေတ်အဆက်ဆက် ခေါ်တွင်ခဲ့တာ ယနေ့တိုင်ထိပင်. . . ဤတောင်တန်းကြီး၏အနီးဆုံးမှာတော့ နံ့သာရိုင်းကျေးရွာကလေးတစ်ရွာရှိခဲ့သည်။ ရွာမှာအိမ်ခြေ(၄၀၀)လောက်ရှိသော ရွာကြီးတစ်ရွာဆိုလျှင်မမှား. . တောင်ယာနှင့်အမဲလိုက်လုပ်ငန်းများကို အဓိကလုပ်ကိုင်နေကြသော ရွာကလေးတစ်ရွာ၊ ရွာလူကြီးဦးစံဖအိမ်တွင် ရွာရှိလူများ စုံညီစွာပင်ရောက်ရှိနေကြပြီဖြစ်၏။ နံ့သာရိုင်းရွာ၏ နာယကလူကြီး(၅)ဦးမှာတော့ ခေါင်းချင်းဆိုင်ပြီး ဒီနေ့သူတို့လုပ်ဆောင်ရမည့် ဆုံးဖြတ်ချက်အတွက် ဆွေးနွေးနေကြလေသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ရွာကလူတွေ စုံပြီလားဟေ့. . .”

“စုံနေပါပြီ သူကြီး. . .”

တပည့်ဖြစ်သူ ပေါက်ကျော်က အနားကိုကပ်ပြီးပြော လိုက်ခြင်းကြောင့်. . .

“မင်းတို့အားလုံးစုံပြီဆိုရင် အရင်ဆုံးမင်းတို့ရွာသူရွာသားတွေဆန္ဒကို အရင်မေးမယ်. . .”

ဦးစံဖ. . နာယကလူကြီးတွေကို တစ်ချက်လှည့်ကြည့်လိုက်ပြီး. . .

“ဒီကလေးကို ရွာမှာဆက်ပြီးမွေးမယ့်သူ မရှိတော့ဘူးလား. . .”

“မရှိတော့ပါဘူး. . .”

ဦးစံဖအမေးစကားကို ပြန်တုံ့ပြန်လိုက်သော အသံတွေက ရွာသူ၊ ရွာသားအားလုံးပင်ဖြစ်နေသည်။

“မင်းတို့ဘက်ကရော ဘယ်လိုလုပ်ချင်တဲ့ဆန္ဒရှိလဲဆိုတာကို တင်ပြနိုင်တယ်. . .”

“သူကြီး. . ကျွန်တော်တစ်ခုတင်ပြချင်ပါတယ်”

နံ့သာရိုင်းရွာတွင် ငွေချေးပြီး ချမ်းသာကြွယ်ဝနေသော ဦးမြသာမတ်တတ်ထရပ်ပြီး တင်ပြခွင့်တောင်းလိုက်သည်။





“ကိုမြသာ. . တင်ပြပါ”

“ဒီကလေးရဲ့ရာဇဝင်ကို အရင်ဆုံးလေ့လာသုံးသပ်ကြည့်ပြီး ဘာလုပ်သင့်တယ်ဆိုတာကို ဆုံးဖြတ်ရတာသဘာဝပိုကျပါတယ်. . ဒီကလေးဟာ မွေးလာကတည်းက သူ့ရဲ့မိဘရင်းတွေကို ကံကြမ္မာဆိုးထဲကိုပို့ခဲ့တာ တစ်ရွာလုံးသိပါတယ် ဒီနောက်သူ့ကိုဆက်ပြီးမွေးစားခဲ့တဲ့သူတွေကိုလည်း ကံကြမ္မာဆိုးထဲကို ဆက်ပြီးပို့ခဲ့တယ်. . ခုဆိုကျွန်တော်တို့ရွာကြီးကို ကံကြမ္မာဆိုးထဲကိုပို့ဖို့ အစပြုနေပါပြီ. . ဒီအချက်ကိုလူကြီးတွေအနေနဲ့ သေသေချာချာစဉ်းစားရမယ့်အချက်ဖြစ်ပါတယ်”

“ကိုမြသာပြောတဲ့အချက်ဟာ သိပ်ပြီးအရေးပါပါတယ်သူကြီး. . ကျွန်တော်တို့ရွာလောက် တောင်ယာထွက်သီးနှံတွေဟာ ဘယ်ရွာမှလိုက်လို့မမီပါဘူး. . ဒီကလေးမွေးပြီးကတည်းက တောင်ယာတွေ ပိုးကျ၊ တောထဲကလူတွေ ဘေးအန္တရာယ်ကြုံရနဲ့ ဘေးဆိုးကပ်ဆိုးကြီးဆိုက်လာခဲ့တာ တစ်နှစ်ပြည့်နေပါပြီ. . ဒီတော့အရှင်းဆုံးပြောရရင် ဒီကလေးကို ရှင်းပစ်လိုက်ပါ. . .”

“ဟုတ်တယ် သတ်ပစ်လိုက်. . .”

“ဒီကလေးက ဂြိုဟ်ဆိုး. . .”



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းတဲ့ မိစ္ဆာလေး"

"နတ်ဆိုးလေးပဲ"

ရွာသူရွာသားတွေထဲမှ အသံမျိုးစုံထွက်ပေါ်လာသဖြင့်. . .

"အားလုံးတိတ်စမ်း"

"ဒုန်း. . ."

ဦးစံဖစားပွဲခုံကိုထုပြီး တိတ်ခိုင်းလိုက်မှ အားလုံးတိတ်သွားသည်။

"လူတစ်ယောက်အသက်ကို သတ်ချင်တိုင်းသတ်လို့ မရဘူးကွ. . တရားဥပဒေဆိုတာရှိတယ် ပြီးတော့(၁)နှစ်သားကလေးတစ်ယောက်ကို မင်းတို့ဖြစ်ချင်တိုင်းလုပ်ပေးလို့ မရဘူး ခုလိုတောင်းဆိုတာတောင် ဥပဒေအရအရေးယူလို့ရတယ် နားလည်ရဲ့လား. . ."

ဦးစံဖက ယခင်က ခရိုင်တရားသူကြီးလုပ်ခဲ့ပြီး ကျန်းမာရေးကြောင့် ပင်စင်ယူကာ နံ့သာရိုင်းရွာတွင် ရွာသူကြီးလုပ်နေသူဖြစ်သဖြင့် ဥပဒေမဲ့လုပ်ရပ်ကို လက်မခံနိုင်ချေ။

"ဒါဆိုသူကြီးက ဘယ်လိုဆုံးဖြတ်ထားလဲ. . ."

"တို့ရွာမှာဖြစ်ပွားနေတဲ့ အဖြစ်အပျက်တွေဟာ တ





ကယ်တော့ ဒီကလေးနဲ့ဘာမှမသက်ဆိုင်ဘူး. . တိုက်ဆိုင်မှုသက်သက်ပဲ. . ဒါပေမယ့်တစ်ရွာလုံးက အစွဲကြီးကိစ္စဖြစ်နေတာကြောင့် အပြစ်မဲ့တဲ့ကလေးကိုလည်း မနစ်နာစေချင်ဘူး ငါတို့လူကြီးတွေ အကောင်းဆုံးဖြစ်အောင်တော့ စီစဉ်ထားတယ်. . ခဏစောင့်ကြ"

"သူကြီး. . ကျွန်တော်တစ်ခုတင်ပြချင်သေးတယ်"

"ကိုမြသာ. . ခင်ဗျားဘာပြောချင်သေးလို့လဲ"

"ဒီကလေးကိုသတ်ရင် ထောင်ဘယ်လောက်ကျနိုင်ပါသလဲ"

"မင်းက ဘာသဘောနဲ့မေးတာလဲ မြသာ"

"ကျွန်တော့်တပည့်တစ်ယောက်ကို ထောင်ကျခံပြီး သတ်ခိုင်းလိုက်ပါ့မယ်. . တစ်ရွာလုံးအတွက် တစ်ယောက်တော့ အနစ်နာခံရမှာပေါ့"

"ဘာကွ. . တော်စမ်းမြသာ မင်းဆိုတဲ့ကောင်က ရွာမှာငွေတိုးချေးစားပြီး အမြတ်ထုတ်ဖို့လောက်ပဲသိတဲ့ အသိလေးနဲ့ ပါးစပ်ထဲရှိရာတွေ လျှောက်ပြီးမပြောနဲ့ကွ. . ဒီကလေးကိုသတ်ဖို့ သဘောတူလိုက်တာနဲ့ တစ်ရွာလုံးကြံရာပါတွေဖြစ်ပြီး နံ့သာရိုင်းရွာကို ထောင်စည်းရိုး ခတ်လိုက်ရုံပဲရှိတယ်. .



www.burmeseclassic.com

www.burmeseclassic.com



တော်တော့ ဘယ်သူမှထပ်ပြီးမတင်ပြနဲ့. . ကောင်းတဲ့အကြံများရမလားမှတ်တယ်. . ဘာမှအသုံးမကျတဲ့ စကားတွေကိုပဲကြားရတယ်. . ငါတို့စီစဉ်တာကိုပဲလိုက်နာကြ မလိုက်နာတဲ့သူကတော့ မြို့ကအချုပ်ကို လူသတ်ဖို့ကြံစည်မှုနဲ့ သွားဖို့သာပြင်တော့. . ."

ဦးစံဖအသံခပ်မာမာနှင့် ပြောလိုက်သဖြင့်. . တစ်ယောက်မှ အသံထွက်လာခြင်းမရှိကြတော့ပေ။ ဦးစံဖ သူအုပ်ချုပ်နေရသောရွာအတွက် တကယ်ပင် ရင်လေးမိသည်. . အားလုံးက အသိဉာဏ်ဗဟုသုတ အားနည်းကြသည်။ ဒါကြောင့်မြသာဆိုတဲ့သူရဲ့ ခြယ်လှယ်သွေးစုပ်မှုကို ခံနေကြရခြင်းဖြစ်သည်။

မြသာသည် ဦးစံဖကိုကြောက်ရွံ့သာ. . နို့မို့ဆိုရင် ရွာတွင် ဘုရင်တစ်ဆူလိုနေချင်သူ။ဦးစံဖကိုငွေကြေးနဲ့ဆွယ်ပြီးသိမ်းသွင်းဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် ဘယ်လိုမှမရနိုင်သောကြောင့် လက်လျှော့ခဲ့ရသည်။ ကျေးရွာကိုလည်း ရင်ဝယ်သားပမာ ဥပဒေနှင့်အညီအုပ်ချုပ်သူဖြစ်သဖြင့် ဘယ်သူမှ ဦးစံဖကိုမလှန်ဝံ့ကြပေ. . .။

"သူကြီး. . စောထီးလာနေပြီ"





"မောင်ချင်း သွားပြီးခေါ်ခဲ့ကွာ. . ."

"ဟုတ်ကဲ့. . ."

စောထီးဆိုသူမှာ နဂါးငွေ့တောင်တန်းကြီးတွင် နေထိုင်၍မုဆိုးအလုပ် လုပ်ကိုင်နေသူတစ်ဦး. . တစ်ချိန်က ဦးစံဖထံတွင် တပည့်အဖြစ်နေထိုင်ပြီး သူဝါသနာပါသော တောပစ်အလုပ် လုပ်ရင်း တောထဲကိုရောက်သွားသူပင်ဖြစ်၏။

"ဆရာ. . ကျွန်တော့်ကို ခေါ်တယ်ဆို"

"ဟုတ်တယ် စောထီး. . မင်းကိုအကူအညီတစ်ခုတောင်းချင်လို့ မင်းပေးနိုင်မယ်လို့ ငါမျှော်လင့်တယ်စောထီး"

"ဆရာနဲ့ကျွန်တော်ဟာ ပြောရမယ့်သူတွေမဟုတ်ပါဘူး. . ကျွန်တော်ဘာလုပ်ပေးရမလဲပြောပါ. . ."

"မင်းလုပ်ပေးရမှာ တခြားတော့မဟုတ်ဘူး (၁)နှစ်သားအရွယ်ကလေးတစ်ယောက်ကို မွေးစားပေးဖို့. . ."

"ကျွန်တော် သတင်းကြားထားတဲ့ကလေးလား. . ဆရာ"

"မင်းက ဘာတွေသတင်းကြားထားလို့လဲ စောထီး"

"ဒီကလေးက နှုတ်ဆိုးလေးတဲ့. . သူ့ကြောင့်ရွာကြီးတောင် ဘေးဒုက္ခတွေကြုံနေရပြီတဲ့ဆရာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်စောထီး ဒီကလေးပဲကွ. . မင်းကရော ရွာကလူတွေစကားပေါ်မှာ ယုံကြည်လို့ရှိလားစောထီး. . ."

စောထီး. . ဦးစံဖစကားကို ပြုံးလိုက်ပြီးနောက်. . .

"ဆရာရယ်. . ကလေးဆိုတာ ကလေးပါပဲ လူတွေရဲ့ အဓိပ္ပာယ်မဲ့တွေးခေါ်မှုတွေနဲ့ ကလေးပေါ်မှာ ပုံချတာဟာ ရယ်စရာကောင်းပါတယ်. . ဒီကလေးကို ကျွန်တော်မွေးစားပါ့မယ်"

"ကျေးဇူးပဲကွာ. . ကဲအားလုံးနားထောင်ကြ မင်းတို့ရွာမှာ ဒီကလေးမရှိဖို့အဓိကမဟုတ်လား. . ဒီတော့ဒီကလေး မင်းတို့ရွာကနေ ထွက်သွားပေးမယ်. . ဟောဒီကစောထီး လက်ထဲကို ခုကစပြီးအပ်လိုက်ပြီ ဘယ်သူဘာပြောချင်လဲ"

တစ်ယောက်မှ အသံမထွက်လာတော့ပေ။

"ဆရာ. . သူတို့ပြောစရာမရှိရင် ကျွန်တော်တစ်ခု တော့ပြောထားမယ်"

"ပြောပါစောထီး"

"ကျွန်တော်နေထိုင်တဲ့နေရာဟာ နံ့သာရိုင်းရွာနဲ့ (၁၀) မိုင်လောက်ဝေးတဲ့ တောနက်ထဲမှာပါ. . ဒီနောက်ပိုင်းမှာ ဘာတွေပဲဖြစ်ဖြစ် ကလေးအပေါ်မှာ အပြစ်ပုံချမယ်ဆိုရင်





တော့ ကျွန်တော်သည်းခံမှာမဟုတ်ဘူး"

"အပြစ်ပြောတဲ့ပါးစပ်တွေကိုပိတ်အောင် ငါလုပ်မယ် အားလုံးသွားနိုင်ကြပြီ. . ."

လူကြီးဦးစံဖအိမ်ရှေ့မှ အသီးသီးပြန်သွားသူများထဲတွင် မကျေနပ်နှင့် ပြန်သွားသူများမှာ. . ကိုမြသာတို့လူစုပင် ဖြစ်၏။

"စောထီး. . ."

"ပြောပါဆရာ. . ."

"ဒီကလေးဘဝလေးကို မင်းဘဝနဲ့ထပ်တူ ပျိုးထောင်ပေးပါကွာ. . ကလေးနဲ့ပတ်သက်ပြီးလိုအပ်တာရှိရင် ငါ့ဆီကိုလာခဲ့. . ."

"ကျွန်တော်ကတိပေးပါတယ်ဆရာ. . ဒီကလေးကို ကျွန်တော့်ရင်သွေးတစ်ယောက်လို မွေးထားပါ့မယ်"

"မင်းဆီက ဒီစကားကြားရတာ ငါဝမ်းသာတယ် စောထီး. . မင်းပြန်ဖို့မိုးချုပ်မယ် သွားတော့ကွာ. . တကယ် အပြစ်ကင်းစင်တဲ့ကလေးပါကွာ"

ဦးစံဖ. . ကလေးငယ်ကို ပွေ့မပြီး စောထီးလက်ထဲသို့ ပေးလိုက်သည်။ ကလေးငယ်မှာ အိပ်ပျော်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်ကသွားမှာလဲ စောထီး. . ."

"ရွာအပြင်ဘက်ကပဲ သွားမယ်. . ကျွန်တော့်သားကို ရွာထဲကခေါ်မသွားဘူး. . အလကားလူတွေ"

စောထီး. . ကလေးငယ်ကို ပခုံးပေါ်သို့တင်ပြီး ဦးစံဖ ပေးလိုက်သော အဝတ်ထုပ်လေးကိုသိုင်းလွယ်လျက်. . ရွာ အပြင်ဘက်သို့ ကျောခိုင်းထွက်လာခဲ့တော့သည်။

သူ့ရင်ထဲမှာ ကလေးငယ်အတွက် နာကျင်မှုတွေက ကပ်တွယ်ပါသွားခဲ့လေပြီ. . .။

## အခန်း ◀ ၁ ▶

ကောင်းကင်ကြီးတစ်ခုလုံး မှိုင်းညို့ပြီး တိမ်တိုက်တွေက မြေပြင်ကြီးကိုရန်ငြိုးဖွဲ့ထားသော မျက်နှာအသွင်ရှိနေလေ၏။ အချိန်ကနွားရိုင်းသွင်းချိန် ညနေခင်းလေး. . .

"ဝေါ. . ."

အနောက်ဘက်တောင်တန်းကြီးများကို ဖြတ်သန်းပြီး တိုက်ခတ်လာသောလေတိုးသံကြီးမှာ တုန်လှုပ်ဖွယ်ကောင်း လောက်အောင် မြည်ဟီးသွားလေတော့သည်။

"အောင်ကြီးနဲ့ ငပေါ်မြန်မြန်လုပ်ကြကွာ. . ."

"ပြီးပါပြီဆရာမြသာ. . ."

"လေတင်မဟုတ်တော့ဘူး. . မိုးပါပါလာပြီကွ"

လေမိုးတွေကြားမှာ အလုပ်များနေသူတွေက မြသာ



www.burmeseclassic.com

www.burmeseclassic.com



တို့အုပ်စုပင်. . သူတို့လုပ်ကိုင်နေသည်မှာ တောထဲမှသစ်များကိုခိုးခုတ်ပြီး ထော်လာဂျီပေါ်သို့တင်နေခြင်းဖြစ်သည်။

"အားလုံးပြီးသွားပြီ ဆရာမြသာ. . ."

"ပြီးရင် မင်းတို့ထော်လာဂျီနဲ့လိုက်ခဲ့ကြတော့. . ငါနဲ့အောင်ကြီးက ဆိုင်ကယ်နဲ့ သွားနှင့်မယ်"

"ဟုတ်ကဲ့. . ဆရာမြသာ"

ကိုမြသာ ဆိုင်ကယ်ပေါ်သို့ အောင်ကြီးကိုတင်ပြီး မိုးရေထဲ မောင်းထွက်လာခဲ့တော့သည်။

"ဒီနေ့မှကွာ မိုးကကောင်းနေသေးတယ်"

"ဆရာမြသာကို မိုးနတ်မင်းကြီးက ကူညီတယ်လို့ သဘောထားလိုက်ပါ. . နို့မို့ ဟိုဥပဒေစာအုပ်ကြီးသမားစံဖသာ သိသွားရင် မလွယ်ဘူး"

"ဒီလူကြီး ဒီရွာမှာ လူကြီးဖြစ်နေတာ ငါ့အတွက် အကုသိုလ်ပဲ. . ."

"ရှင်းပစ်လိုက်ပါလား"

"အောင်ကြီး မင်းပါးစပ်ပြောမလွယ်နဲ့ကွ. . ဒီလူကြီးကို ရှင်းပစ်ဖို့ လွယ်တာမဟုတ်ဘူး"





"လွယ်အောင်လုပ်ရင်. . လွယ်ပါတယ်"

"အောင်ကြီး မင်းပါးစပ်ပိတ်တော့. . တောက် မိုးရေလေရော ကောင်းချက်ကကွာ"

"ဆရာမြသာ ရှေ့တံတားရောက်ရင် သတိထားမောင်း. . တံတားက သိပ်ပြီးကောင်းတာမဟုတ်ဘူး"

"ငါတို့ ထော်လာဂျီ ဖြတ်ကူးလို့ရော အဆင်ပြေပါ့မလား"

"ငပေါက ဒီတံတားကို ဖြတ်နေကျပါ. . ဘာမှ မစိုးရိမ်ပါနဲ့ ဆရာ"

"ဝေါ. . . ဟိ. . . ဟိ"

ချောင်းဆီမှ ရေစီးသံကြီးမှာ ကြက်သီးထစရာကောင်းလှ၏။

"တောင်ကျရေတွေပါ ဆင်းလာပြီ"

"ခုနေကျသွားလို့ကတော့ အသက်ဘယ်က ထွက်ရမလဲတောင် သိလိုက်ရမှာ မဟုတ်ဘူး"

ကိုမြသာ ဆိုင်ကယ်ကို ဖြည်းဖြည်းချင်းမောင်းပြီး. . တံတားတစ်ဖက်ဆီကို ကူးလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှာ ပါလာပြီလား"

"ပါလာပြီ . . ဆရာမြသာ"

ထော်လာဂျီမှာ မိုးမှောင်ကျနေသဖြင့် မီးထွန်းပြီး မောင်းလာနေသည်။

"ငပေါကတော့ လုပ်ပြီ. . ."

"ဘာဖြစ်လို့လဲ"

"မီးထွန်းပြီး မောင်းရတယ်လို့ကွာ. . ကိုယ်လုပ်နေတဲ့ အလုပ်က လိုင်စင်ရအလုပ်များ မှတ်နေလားမသိဘူး၊ တော်ကြာ သူကြီးကောင်တွေက တွေ့သွားမှဖြင့်ကွာ. . ."

"ဒီအချိန် အပြင်ထွက်ရဲတဲ့သူဆိုလို့ ကျွန်တော်တို့ပဲ ရှိတာယ်ဆရာ. . ."

"မုန်တိုင်းဝင်နေတာဖြစ်မယ်. . ."

"မိုးလေဝသ သတင်းကတော့ ပြောထားတယ်. . လေပြင်းတိုက်မယ်တဲ့"

"ဒီက စောင့်ကြမယ်"

ဆိုင်ကယ်ကို ရပ်ပြီး. . သစ်ပင်ကြီးအောက်မှ နေ၍ ထော်လာဂျီကို စောင့်နေစဉ်မှာပဲ၊ မိုးရော လေရော ပိုပြီးပြင်း





ထန် တိုက်ခတ်လေတော့၏။

"အောင်ကြီး"

"ဗျာ. . . ဆရာမြသာ"

"မင်း. . မိုးနတ်မင်းကြီးက ကူညီတာက အရမ်းများနေပြီ ထင်တယ်"

"လေပါ ထန်လာပြီဆရာ. . ."

မြသာတို့နောက်မှ လိုက်လာသော ထော်လာဂျီမှာ တံတားကြီးကို စတင်ပြီး ဖြတ်ကူး၍. . တံတားတစ်ဝက် အရောက်တွင်. . .

"ဂျွတ်. . . ဂျွတ်. . ."

"ဟာ. . တံ. . တား. . ကျိုး. . ကျိုးတော့မယ်"

"ဆင်း. . . ဆင်း. . ."

ထော်လာဂျီပေါ်တွင် လိုက်ပါလာကြသော၊ ငပေါနှင့် ကျွဲကြီးတို့အုပ်စု အောက်ကိုဆင်းကာ တံတားတစ်ဖက်သို့ သုတ်ခြေတင်ကြတော့သည်။

"ကျွတ်. . . ဝုန်း"

"သွားပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



တံတားကြီးမှာ ခါးပိုင်းမှကျိုးကျသွားပြီး၊ ထော်လာဂျီရော တင်ဆောင်လာခဲ့သည့် သစ်တုံးတွေပါ. . ချောင်းထဲသို့ ကျသွားခဲ့လေပြီ။

"ငပေါ. . ."

"ဗျာ. . . ဆရာ. . မြသာ"

"မွဲပါပြီကွာ. . ."

"ကျွန်. . ကျွန်တော်တို့ ဘယ်လိုမှ ဆက်ပြီးမောင်းမရလို့ဆင်းပြေးလာတာပါ"

"မင်းတို့ ထော်လာဂျီတစ်စီးတန်ဖိုးကို သိလားကွ"

"သိပါတယ်. . ."

"ငါ (၅)နှစ်လောက်ရထားတဲ့ငွေတွေနဲ့ စုပြီးဝယ်ထားတာကွ. . ကုန်ပါပြီကွာ"

"ဆရာရယ်. . နောက်တစ်ခါ ဒီထက်ကောင်းတဲ့ လုပ်ကွက်ရရင် ပိုက်ဆံပြန်ပြီးရမှာပါ"

"ထော်လာဂျီကို ပြန်ပြီးဆယ်ဖို့တော့ [illegible]းရမယ်"

"မင်းပထွေး ချောင်းရေက. . ငါ့ထော်လာဂျီကို တစ်စစီတောင် လုပ်ပစ်လိုက်ပြီကွ"





"ဆရာမြသာ. . ."

"ဘာလဲကွ"

"ဆရာ့အတွက်. . တပည့်တို့ ကြံပေးပါ့မယ်"

"မင်းတို့က ဘာကိုကြံပေးမှာလဲ"

"ဆရာသာ ဒါကို ရအောင်ရှာလိုက်. . "

အောင်ကြီးက လက်ညှိုးကလေးကို ကွေးပြလိုက်သည်။

"မင်း. . ပြောတာဘာလဲ"

"သေနတ်. . သေနတ်"

"သေနတ်က. . ဘာလုပ်ဖို့လဲ"

"ဆရာက. . ဒုံးဝေးပြန်ပြီ၊ စားပြတိုက်မှာပေါ့"

"ဟာကွာ. . ."

"ဆရာမြသာ. . ဒါဟာ ဆရာနဲ့ကျွန်တော်တို့အတွက် အခွင့်အရေးနော်. . ခုဆို ဘေးရွာတွေမှာ ချမ်းသာတဲ့သူတွေ များနေပြီ၊ ... ဂစဉ်းစားဦး"

လောဘရမ္မက်ကြီးသော မြသာအတွက် မကောင်းသောစိတ်က ချက်ချင်းဝင်လာပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါကြံမယ်"

"ကြံမယ်ဆိုရင်. . အမြန်ဆုံးသာ ကြံပေတော့"

"ကြံရမယ်. . ကြံရမယ်၊ ငါဆုံးရှုံးသွားတဲ့ငွေတွေအတွက် မြန်ပြီးရအောင် လုပ်ရမယ်"

"ကျွဲကြီး"

"ဘာလဲ. . အောင်ကြီး"

"မင်းဆီမှာ အရက်ပါလာသေးလား"

"ပါတာပေါ့ဗျာ. . ဒီမှာလေ၊ ထော်လာဂျီပေါ်က ဆင်းပြီးပြေးကတည်းက အရက်ပုလင်းကို ရအောင်ယူပြီးပြေးခဲ့တာ"

"တော်တော် ဟုတ်တဲ့ကောင်. . ငါ့ ထော်လာဂျီကျတော့ ရအောင်ယူမလာနိုင်ဘူး"

"ဆရာ့ထော်လာဂျီကို မပြီးယူလို့ရရင် ယူပေးပါတယ်ဆရာ. . ."

"ဆရာမြသာ. . ဘာမှ ဒီအတွက်မပူနဲ့ သိပ်မကြာခင် ဒီငွေတွေထက် (၁၀)ဆလောက်ပိုပြီး ရစေရမယ်"

"ရကိုရမှ ဖြစ်မယ်ဟေ့. . ကဲခုသောက်တဲ့အရက်ဟာ





သစ္စာရေပဲ၊ သစ္စာဖောက်တဲ့အကောင် ဘေးတွေ့မယ်မှတ်"

အရက်ပုလင်းကို တစ်ယောက်တစ်မော့စီသောက်လိုက်ကြသည်။

"ဆရာ့ကို ပြောရဦးမယ်"

"ဘာလဲ. . ကျွဲကြီး"

"ဆရာ. . နတ်ဆရာတွေဘာတွေကို ယုံကြည်လား"

"မယုံလို့ရမလားကွ. . ယုံတယ်၊ ငါ့ကို စောင့်ရှောက်တာ ပန်းဘီလူးကွ၊ သူ့ကို အိမ်မှာသီးသန့်စင်လုပ်ပြီး ကိုးကွယ်ထားတာ. . နေပါဦး၊ မင်းက ဘာလို့မေးတာလဲ"

"ကျောင်းကုန်း သင်္ချိုင်းဇရပ်မှာ ဆရာတစ်ယောက်ရောက်နေတယ်. . သိပ်ပြီးမှန်တာ သူ့ဆီက ကျွန်တော်တို့အတွက် လက်ဖွဲ့လေးဘာလေး သွားပြီးတောင်းမလားလို့"

"သူတကယ်စွမ်းရင်တော့. . ကိုးကွယ်ရတာပေါ့"

"လက်တွေ့သွားပြီး အရင်လေ့လာကြည့်မယ်. . ပြီးမှ ဆရာစဉ်းစားပေါ့"

"ငါလည်း ငါ့ဆရာကြီးမရှိကတည်းက ဆရာတစ်ယောက်လိုချင်နေတာနဲ့ အတော်ပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘယ်နေ့သွားမလဲ"

"မနက်ဖြန်သွားမယ်. . ."

"သူက ညဘက်ပဲ. . လူတွေနဲ့စကားပြောတာဆရာ၊ မနက်ဆိုရင် ဂူမှာ တရားကျင့်နေတာ"

"ညဘက်ဆိုတော့လည်း ညဘက်ပဲပေါ့ကွာ. . ."

မြသာတို့ နတ်ကိုးကွယ်မှုက သူ့လက်ထက်မှ မဟုတ် မိဘဘိုးဘွားလက်ထက်ကတည်းက ကိုးကွယ်ခဲ့ပြီး. . မြသာ၏ အမေဆိုလျှင်ရွာတွင် နတ်ကတော် လုပ်ခဲ့သူ. . မြသာအိမ် ပေါ်တွင် နတ်ရုပ်ပေါင်းစုံကို ထားရှိခဲ့သည်။

"ဆရာကောင်းနဲ့တွေ့ရင်တော့ အောင်ပြီပေါ့ကွာ. . သွားကြမယ်ဟေ့"

"ဆရာမြသာ. . ဆိုင်ကယ်စီးလို့ ရပ့ါမလား"

"စီးလို့မရလဲ တွန်းသွားရုံပဲဟေ့. . ဟား. . ဟား. . ဟား. . နံ့သာရိုင်းရွာမှာ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးဖြစ်ရ မယ်ကွ ဟား. . ဟား. . ဟား. . ."



## အခန်း ◀ ၂ ▶

သုသာန်ထဲသို့ ဝင်လိုက်သည်နှင့် တောခွေးအူသံကြီး ကို ကြားလိုက်ရခြင်းကြောင့်. . မြသာ၊ အောင်ကြီးနှင့် ကျဲကြီး တို့ (၃)ယောက်လုံး ကြက်သီးတွေပင် ထသွားကြသည်. . သုသာန်ဇရပ်အိုကြီးကို လှမ်းပြီးကြည့်တော့ သစ်ခြောက်ပင် အိုကြီးနှင့် စိတ်ချောက်ချားဖွယ်ကောင်းလှ၏။

ဇရပ်ကြီးဆီသို့ မတက်မီ. . ဇရပ်ပေါ်တွင် အုန်းပွဲတစ် ပွဲနှင့် ဖယောင်းတိုင်တစ်တိုင် အမွှေးနံ့သာတိုင်ကို ထွန်းထား ပြီး. . အဖြူရောင်ဝတ်စုံကြီး ဝတ်လျက်၊ တရားထိုင်နေသော လူကြီးတစ်ယောက်ကို နောက်ကျောမှ မြင်တွေ့နေရသည်။

မြသာတို့သုံးယောက် နောက်ဖက်တွင်ဝင်ထိုင်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



တရားပြီးချိန်ကို စောင့်နေကြစဉ်. . .

"မင်းတို့ ရောက်လာကြပြီလားကွ. . ."

"ဗျာ. . ."

"ဟင်. . ."

မြသာတို့ကို လှည့်မကြည့်ဘဲ ပြောလိုက်သော အသံကြီးက အက်ရှရှကြီးမို့ နတ်မိစ္ဆာတစ်ကောင် ပြောနေသလား ပင်. . .

"ရောက်ပါပြီ. . ဆ. . ဆရာကြီး"

"မရောက်လို့ မရဘူးလေ. . မင်းတို့ ဆရာမြသာကို စောင့်ရှောက်တဲ့ ပန်းဘီလူးက ငါ့ဆီကိုလွှတ်လိုက်တာကွ"

"ဟာ. . . ."

မြသာတို့ ဘိုးဘွားအဆက်ဆက် ကိုးကွယ်ခဲ့သော ပန်းဘီလူးကို ဆရာကြီးက သိနေသောကြောင့် အံ့သြသွားသည်။

"မြသာ. . ."

"ဗျာ. . ဆရာကြီး"

"မင်း ဒုက္ခတွေ ကြုံနေရတယ်မဟုတ်လား. . ."





"ဟုတ်ပါတယ်. . ဆရာကြီး၊ ဒီအတွက် ဆရာကြီးဆီကို လာခဲ့တာပါ"

"မင်းက. . ငါ့ဆီကို လာတယ်ဆိုတော့ ငါ့ကိုယုံကြည်ဖို့တော့ လိုအပ်တယ်ကွ"

"ယုံကြည်လို့ လာခဲ့တာပါ"

"မြသာ မင်းစကားကို အလွယ်မပြောနဲ့. . ငါ့ကို ယုံကြည်လောက်တဲ့အစွမ်းအစကို မတွေ့ဘဲ မင်းက ယုံကြည်မယ့်ကောင် မဟုတ်ဘူး. . ရော့ ဒီအမွှေးတိုင်(၃)တိုင်ကိုမီးညှိပြီး ကန်တော့ပွဲပေါ်မှာ စိုက်လိုက်"

"ဟုတ်. . . ဟုတ်ကဲ့"

မြသာ. . အမွှေးတိုင်(၃)တိုင်ကို မီးညှိပြီး ကန်တော့ပွဲပေါ်တွင် စိုက်လိုက်ပြီး ပြန်ထိုင်နေသည်။ ဆရာကြီးပါးစပ်မှ ဘာဂါထာတွေ ရွတ်နေသလဲ မသိ။ ပြီးတော့မှ လက်မောင်းတွင် လက်ဖွဲ့ကြိုးတွေစည်းပေးကာ. . .

"ငါ့သားတွေ ဘာလုပ်လုပ် အောင်မြင်စေရမယ်ဟေ့"

"ဆရာကြီးက ဒီဇရပ်မှာပဲ ရှိနေမှာလား. . ."

"ငါက. . နေရာတစ်ခုမှာ အကြာကြီးနေလို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com



တခြားနေရာတွေကို သွားရဦးမယ်"

"ဟာ. . ဆရာကြီးမရှိရင်. . ."

"ဘာမှ မပူနဲ့. . ငါ(၇)ရက်အတွင်း မင်းဆီကို ရောက်အောင်ပြန်လာခဲ့မယ်၊ ငါပြန်ရောက်တဲ့အချိန်မှာ ဟိုနဂါးမိစ္ဆာကောင်ကို မင်းကိုယ်တိုင် ဟော့ဒီကင်ငါစီမံထားတဲ့ ဓားမြှောင်နဲ့ ထိုးသတ်ရမယ်. . . ယူထား"

"ဟုတ်. . ဟုတ်ကဲ့"

"မြသာ"

"ပြောပါ ဆရာကြီး"

"ငါ အောင်မြင်တယ်ဆိုတဲ့ သတင်းကိုပဲ ကြားချင်တယ်နော်. . ."

"ကြားစေရပါမယ်. . ဆရာကြီး"

"ကဲ ပြန်ကြတော့. . ငါ့အဓိဋ္ဌာန်ဝင်ချိန်ရောက်ပြီ"

မြသာတို့ ဆရာကြီးကို ကန်တော့ပြီးဇရပ်ပေါ်မှ ပြန်ပြီးဆင်းလာခဲ့ကြတော့သည်။

"အောင်ကြီးနဲ့ ကျွဲကြီး"

"ဘာများလဲ. . ဆရာမြသာ"





"ဆရာကြီးကတော့ ဟိုဂြိုဟ်ဆိုးလေးကို ရှင်းခိုင်းနေပြီဘယ်သွားပြီး ရှင်းမလဲ. . စောထီးဆိုတဲ့ကောင်က မလွယ်လှဘူးနော်"

"ဆရာမြသာကလည်း ရွာထဲက လူ(၁၀)ယောက်လောက်ကို သွေးထိုးစကားပြောပြီး တောထဲကိုသွားပြီးရှင်းပစ်လို့ရတာပဲ. . ."

"စောထီးကိုပါ ရှင်းရမှာပေါ့"

"ရှင်းမယ့်ရှင်း အကုန်သာရှင်းပစ်လိုက်ပေါ့. . ဘယ်သူဘယ်ဝါမှန်း မသိအောင်တော့ ရှင်းရမှာပဲ"

"ငါတို့ အလုပ်ကိစ္စရော ဘယ်တော့စမလဲ. . ."

"ဆရာမြသာဆီက ပစ္စည်းရရင် စကြမယ်. . နောက်ဆို ဆရာကြီးက ဆရာမြသာနားမှာ ရှိနေမှာလေ. . သူ့ဆီက လက်ဖွဲ့တွေနဲ့ အဆောင်တွေတောင်းရမယ်"

အသိဉာဏ်ကင်းမဲ့စွာ မိုက်မဲသူတွေရဲ့ အမှောင်လမ်းက နက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၃ ▶

စောထီး. . ကလေးငယ်ကို ပခုံးတွင် သိုင်းချည်ထားသောပုဆိုးကွင်းကို ဖြေပြီး ပွေ့ချည်လိုက်သည်။

"လူလေး. . ခွာလျှံ၊ ငါ့ကောင်လည်း ငါနဲ့လိုက်ရတာ ပင်ပန်းနေပြီပေါ့ကွာ၊ မင်းတို့အရွယ်ဆိုတာ မိခင်ရင်ခွင်ထဲမှာ နေရမယ့်အရွယ်. . ခုတော့ ငါ့ကောင်ဘဝက ကံဆိုးပါတယ်၊ အသိဉာဏ်မရှိတဲ့ လူတွေကြားမှာ လူသွားဖြစ်ရတယ်လို့ကွာ ခွာလျှံ. . . ဗိုက်ဆာနေပြီလား"

ခွာလျှံဆိုသည့် အမည်ကလေးက စောထီး တောထဲကိုရောက်မှ ပေးထားသောအမည်ကလေး တစ်ခုပင်၊ အရင်ဆုံး ခွာလျှံကို ငှက်ပျောသီးလေးတစ်လုံး အရင်ကျွေးကာ. . .

"အဖေ ထမင်းအိုးတည်လိုက်ဦးမယ်. . ငါတစ်





ယောက်တည်းတုန်းက နေ့စာညစာကို တစ်ခါတည်းချက်ထားလို့ရတယ်. . မင်းနဲ့ကျတော့ ချက်ထားလို့မရဘူး။ မင်းကို ထမင်းအေး ကျွေးလို့ မရဘူးလေ၊ ကဲ. . ဆော့နှင့်ဦးကွာ"

ခွာလျှံ. . စောထီး လုပ်ပေးထားသော အရုပ်ကလေးတွေနှင့် ဆော့ကစားနေလေသည်။

"ဝုတ်. . . ဝုတ်. . ."

"ဟင်. . ."

စောထီး၏ အမဲလိုက်ခွေးဟောင်သံကြောင့် နောက်ဖေးထဲမှ ထွက်လာပြီး. . ဒူးလေးကို ပြင်လိုက်သည်။ စောထီး ခွေးဟောင်သံက သားကောင်တွေ့လို့ ဟောင်သောအသံ မဟုတ်. . လူအနံ့ကိုရ၍ ဟောင်ခြင်းဖြစ်သည်။ စောထီး သူ၏ထရံအပေါက်ငယ်မှ အပြင်ဘက်သို့ ကြည့်လိုက်သော အခါ. . .

"ဟင်. . ."

စောထီးတဲဆီသို့ လူတစ်စု ချည်းကပ်လာနေသည်ကို တွေ့လိုက်ရပြီး. . မျက်နှာကို ရှုပ်ဖျက်ထားကြသည်။

"ခွာလျှံ. . ကျောပေါ်ကို ပြန်ပြီးတက်"



www.burmeseclassic.com

www.burmeseclassic.com



စောထီး တောလိုက်သွားတိုင်း ခေါ်သွားနေကျပုံစံအတိုင်း ပုဆိုးဖြင့်သိုင်းပြီး ချည်ကာ. . ရင်ဆိုင်ဖို့ပြင်လိုက်သည်။ အရင်ဆုံးဝင်လာသည့် တစ်ယောက်ကို ခြံဝသို့မရောက်မီတွင်. . .

"ဝိုး. . . ဒုတ်. . . အီ"

နောက်ထပ်(၃)ယောက်လည်း ဒဏ်ရာကိုယ်စီရသွားသဖြင့် ကျန်လူများဆက်ပြီး မဝင်ရဲတော့ပေ။ စောထီး၏တောလိုက်ခွေးကြီးကလည်း ဝင်လာသည့်ကောင်တွေကို ဆီးပြီး ကိုက်သောကြောင့် တဲထဲကို အလွယ်တကူဝင်ရန် ခက်နေကြသည်။

"ရှိ. . . ဖျောက်"

စောထီးတဲကို မီးမြားနှင့် လှမ်းပစ်ပြီး၊ တဲကိုမီးရှို့ကြလေသည်။

"အပြင်ရောက်တာနဲ့ ဆော်ကြဟေ့"

စောထီး ထွက်ပေါက်ကို ရှာရတော့သည်။ တဲရှေ့ပေါက်မှ ထွက်၍မရနိုင်သလို ဘေးပတ်လည်တွင်လည်း ဝိုင်းထားကြပြီးဖြစ်သည်။





"သူသေကိုယ်သေ ထွက်ရတော့မှာပဲ. . ."

တဲခေါင်မိုးတွင် မီးတွေစွဲလောင်နေလေပြီ. . .။

"ဟီး. . အီ. . ဝါး"

"ခွာလျှံကောင်လေး မငိုနဲ့ မင်းနဲ့ငါ့အတွက် အသက်နဲ့ရင်းရမယ့်ပွဲပဲ. . ငါသေမှ မင်းသေရမယ်။ လူယုတ်မာတွေ အပြစ်မဲ့တဲ့ ကလေးကို ခုထိဒုက္ခပေးကြတယ်"

စောထီး ဓားကောက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး. . တဲပေါ်မှအောက်သို့ ခုန်ချလိုက်သည်။

"ဂူး. . . အူ"

"ဟာ. . ဆင်. . ဆင်ရိုင်းတွေ"

"ပြေး. . ပြေး. . ပြေးကြဟေ့"

"ဟင်. . ."

စောထီးတို့ကို နဂါးငွေတောင်စောင့် နတ်တွေက ကူညီသလား မှတ်ရတော့သည်။ တောဆင်ရိုင်းအုပ်စုကြောင့် လူသတ်ကောင်တွေ အုပ်စုကွဲပြီးပြေးသွားသည်ကို အခွင့်ကောင်းယူပြီး. . စောထီး ပြေးထွက်ခဲ့တော့သည်။

"ဟိုမှာ. . ပြေးပြီ၊ လိုက်. . . လိုက်ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



စောထီးအတွက်တော့ တောလမ်းခရီးက ကျွမ်းကျင်နေသူဖြစ်၍ ခြေရာဖျောက်ပြီးပြေးခဲ့တော့သည်။ ဒါပေမယ့် နောက်မှ လိုက်လာသူတွေကလည်း မီအောင်လိုက်လာနိုင်ကြသည်။

"ဟာ. . ."

စောထီးဆက်ပြေးရန် ရှေ့တွင် ချောက်ကမ်းပါးတစ်ခု ခံနေလေသည်။ အောက်တွင် ချောင်းကြီးတစ်ခုက စီးဆင်းလျက်. . .

"စောထီး မင်းမလွတ်ပါဘူးကွာ၊ ဟား. . ဟား. . ဟား. . ."

စောထီးနောက်တွင် ရပ်ဖျက်ထားသည့်လူ(၅)ယောက် ဓားလှံကိုယ်စီနှင့် ရပ်နေကြသည်။

"ခွေးမသားလူယုတ်မာ မြသာ. . မင်းဘယ်လောက်ပဲ ရုပ်ဖျက်ထားထား မင်းဘယ်သူဆိုတာကို ငါသိတယ်ကွ"

"မင်းသိလည်း ဘာမှ လုပ်လို့မရဘူး. . မင်းတို့ သူကြီး စံဖဆိုတဲ့ကောင်ဆီကို မင်းမရောက်နိုင်တော့ဘူး စောထီး. . ဟော့ကောင်တွေ ကြာတယ်"





စောထီး ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်တော့သည်။

"ခွာလျှံရေ. . မင်းနဲ့ငါ ဘုရားသခင်ရဲ့ ကယ်မခြင်းနဲ့ အသက်ရှင်ကြတာပေါ့ကွာ. . ."

"ဝှီး. . ."

"ဟာ. . ."

"ဟိုက်"

စောထီး. . ခွာလျှံကို ပွေ့ဖက်ပြီး ချောက်ကမ်းပါးအောက်သို့ ခုန်ချလိုက်တော့သည်။ အမြင့်ပေ(၁၀၀)ကျော်သောချောက်ထဲသို့ ခုန်ချသွားခြင်းပေါ်မှာတော့. . .

"ဆရာမြသာ. . ."

"ဘာလဲ. . ကျွဲကြီး"

"ကိုယ်သတ်စရာမလိုဘဲ. . သူ့ကိစ္စသူရှင်းသွားတာကောင်းပါတယ်. . ဒီချောက်ထဲကို ခုန်ချလို့ အသက်ရှင်တဲ့လူဆိုတာ မရှိနိုင်ပါဘူး"

"အောက်မှာ ချောင်းရှိတယ်မဟုတ်လား"

"ဒီချောင်းနာမည်ကို ဆရာမြသာ မကြားဖူးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာချောင်းလဲကွ. . ."

"မရဏချောင်း ရေစီးသန်ပြီးအောက်ဘက်မှာ ရေတံခွန်ကြီးရှိသေးတယ်. . အပေါ်က ပြုတ်ကျလို့ မသေလည်း ရေတံခွန်ကြီးထဲကို ကျပြီး. . သေမှာပဲ ဆရာမြသာရေ"

"ဒါဆိုရင်တော့ ကောင်းတာပေါ့. . ဒါနဲ့ ကွဲကြီး"

"ဘာလဲ. . ဆရာမြသာ"

"ငါတို့ဆရာကြီး နာမည်က ဘယ်လိုခေါ်လဲ. . ."

"ဦးရှုဒ္ဒ"

"ဆရာကြီးရောက်တာနဲ့ ငါတို့ကိစ္စအတွက် အပ်သင့်တာကို အပ်ရတော့မယ်"

"ဘာလဲ ဆရာမြသာ. . လက်နက်ကိစ္စလား"

"ဟုတ်တယ် ဝယ်ထားတဲ့သေနတ်တွေကို ဆရာကြီးကို သိဒ္ဓိတင်ခိုင်းရမယ်"

"ကောင်းတာပေါ့. . ဆရာမြသာရယ်"

"ငါ့ကို ဒုက္ခပေးဖို့ရောက်လာတဲ့ နဂါးမိစ္ဆာကတော့ ရေနစ်လို့သေပြီကွ ဟား. . ဟား. . ဟား. . ."



## အခန်း ◀ ၄ ▶

သက္ကရာဇ်အိုတွေ ပြိုလဲသည့်မှာ အကြိမ်ကြိမ်အခါခါ ကာလရွေ့လျားခြင်းများနှင့်အတူ ပြောင်းလဲခဲ့သော. . နံ့သာရိုင်းရွာကလေးမှာ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကလို မဟုတ်တော့ပါ။ မြို့ကိုသွားသော ကားလမ်းကြီးတွေပင် ရှိနေလေပြီ. . ယခင်က တဲများနေရာတွင် တိုက်ခံအိမ်တွေ၊ လက်ဖက်ရည်ဆိုင်တွေ စားသောက်ဆိုင်တွေတောင် နေရာဝင်ပြီး ယူနေကြလေပြီဖြစ်သည်။

မီးခွက်၊ ဖယောင်းတိုင်နှင့် နေခဲ့ကြသော ရွာကြီးက ခုဆိုရင် ကိုယ်ပိုင်မီးစက်တွေနှင့် ဖြစ်ကုန်ကြလေပြီ. . ထို နံ့သာရိုင်းရွာကို နှစ်ပေါင်းအတော်ကြာအောင် အုပ်ချုပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော ဦးစံဖတစ်ယောက်ကတော့ အောက်ပိုင်းအကြောသေ ရောဂါကြောင့် ချိုင်းထောက်ကို အားပြုနေရပြီး၊ ရွာသူကြီးဘ မှ အနားယူခဲ့လေပြီ. . ယခုရွာကို အုပ်ချုပ်နေသူမှာ ဦးမြသာ မနငွေကြေးဖြင့် ရွာသူရွာသားတွေကို စည်းရုံးပြီး. . ရွာလူကြီ တက်လုပ်နေသူ။ နံ့သာရိုင်းရွာတွင် ငွေကြေးချမ်းသာသူမျာ ကို ကြည့်မည်ဆိုလျှင်. . ဦးမြသာနှင့် ပတ်သက်သောသူမျာ သာ ချမ်းသာကြပြီး၊ ကျန်သူများမှာ ယခင်လိုပဲ တောင်ယာ ထဲတွင် ရုန်းကန်နေရဆဲ. . .

ဦးမြသာတို့၏ဆရာကြီး ရုဒ္ဒဆိုရင်. . နံ့သာရိုင်းရွာမ မိန်းကလေးတစ်ဦးကို ယူပြီး၊ တိုက်အိမ်ကြီးနှင့်ထည်ထည ဝါဝါ နေလေသည်။

ဦးရုဒ္ဒမှာ ဘာစီးပွားရေးမှ လုပ်စရာမလို. . ဦးမြသာ တို့ကို စီမံခန့်ခွဲပေးရုံနှင့် သူ့အတွက်ငွေက ရပြီးသားမဟုတ် လား. . .

"မြသာ. . ."

"ဗျာ. . ဆရာကြီး"

"ဒီညပွဲက သိပ်အရေးကြီးတယ်. . တစ်ယောက်မှ လွဲ





မှားလို့မရဘူး။ ဝင်တိုက်ရမယ့်အိမ်က သူကြီးဟောင်းစံဖရဲ့ ညီမအိမ်ဆိုတော့ ကိုယ့်ဘက်က အစထွက်တာနဲ့ စံဖဆိုတဲ့ ကောင်ထက်. . သူ့တပည့်မောင်ချင်းက သိပ်ပြီးပါးနပ်တာ နော်၊ ပိပိရိရိတော့ ဖြစ်ဖို့လိုတယ်"

"ကျွဲကြီး. . မင်းဦးဆောင်ပြီး သွားရမယ့်ပွဲ"

"ဆရာမြသာ. . ကျုပ် လူတစ်ယောက်ကို ရှင်းချင် တယ်. . ."

"ဘယ်သူလဲ. . ."

"ငပေါ"

"ဟေ. . ဘာဖြစ်လို့လဲကွ၊ ကိုယ့်သူငယ်ချင်းကိုကွာ"

"ဒီကောင်. . ခုတလော ဖောက်ပြန်ချင်နေတယ်၊ ဟို တစ်ခေါက် တောင်ပိုင်းရွာကို ဝင်တိုက်တုန်းကလည်း မလိုက် ခဲ့ဘူး"

"သူမလိုက်တော့. . သူ ဝေစုမရဘူးပေါ့ကွာ"

"ဝေစုထက် ဒီကောင်မြို့ကိုသွားပြီး. . အာဏာပိုင် အဖွဲ့ကလူတွေနဲ့ စကားပြောနေတာကို တွေ့ခဲ့တယ်"

"ဘာကွ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား"

"သိပ်ပြီး သေချာတာပေါ့ . . ဆရာကြီးရယ်၊ ဒီကောင်ရွာကနေလစ်ဖို့တောင် ပြင်နေပြီ. . ."

"မြသာ. . ."

"ပြောပါ. . ဆရာကြီး"

"မင်း ဘာလုပ်သင့်တယ်ဆိုတာကို သဘောပေါက်တော့. . ."

"ပေါက်ပါတယ်. . ."

"အောင်ကြီးနဲ့ ကျွဲကြီး၊ မင်းတို့လုပ်ချင်တာကို လုပ်လိုက်တော့ ကျန်တဲ့ကိစ္စ ငါ့ကိစ္စထားလိုက်. . သေသေသပ်သပ်တော့ လုပ်နော်"

"စိတ်ချပြီးသာ နားစွင့်လိုက်ပါ"

အောင်ကြီးနဲ့ ကျွဲကြီး ဆင်းသွားပြီးနောက် အိမ်ကြီးပေါ်တွင် ဦးမြသာနှင့် ဦးရှုဒ္ဒတို့ ကျန်ရစ်ခဲ့ပြီး. . .

"မြသာ. . မင်း ငါ့ကိစ္စတစ်ခုကို ရှင်းပေးဦး"

"ဘာကိစ္စလဲ. . ဆရာကြီး"

"ရွာလယ်ပိုင်းက မိယုကိစ္စ၊ သူ့မှာ ငါနဲ့ရထားတဲ့ကိုယ်





ဝန် ရှိတယ်ဆိုပြီး ပြဿနာလုပ်နေတယ်ကွ. . သူ့ယောက်ျားအစ်ကို မောင်ချင်းနဲ့ပတ်သက်နေတော့ ယူလိုက်တာနဲ့ မယားခိုးမှုနဲ့ ထောင်ထဲပို့မှာ. . ."

"ဆရာကြီး. . ခေါင်းထဲမှာ ဘာမှထည့်မထားနဲ့ ခုကိစ္စကို ကျွန်တော်လုပ်လိုက်ပါ့မယ်"

"လုပ်မယ်ဆို သိပ်ကြာလို့မဖြစ်ဘူး. . မြသာ"

"မကြာပါဘူး. . ခုချက်ချင်းပဲ စီစဉ်လိုက်ပါ့မယ်"

"ဟ. . ဒီလောက် မြန်လှချည်လား မြသာ"

"ဆရာကြီး အိမ်ပြန်ပြီးသာ. . နားနားနေနေ နေလိုက်ပါ. . ."

ဦးရှုဒ္ဒတစ်ယောက်. . ဦးမြသာအိမ်ပေါ်မှ ဆင်းသွားပြီးနောက်. . .

"မိလုံး. . . မိလုံး"

"ရှင်. . လာပါပြီ၊ သူကြီး ဘာကိစ္စရှိလို့လဲဟင်"

"မိယုကို သွားပြီးခေါ်ခဲ့. . ငါက အရေးကြီးလို့ခေါ်တယ်လို့. . ."

"ဟုတ်ကဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"နေဦး. . သူ့ယောကျ်ားအစ်ကို မောင်ချင်းမသိစေနဲ့နော်. . ."

"ဟုတ်. . ဟုတ်ကဲ့"

ဦးမြသာ ခုလိုတိုက်ကြီးနှင့် ပြည့်စုံအောင် နေခဲ့ရသည်မှာ ဆရာကြီးဦးရှုဒ္ဒ၏ စီစဉ်ပေးမှုကြောင့်ဆိုလျှင်မမှား. . ဒါကြောင့် ဦးရှုဒ္ဒနှင့်ပတ်သက်ပြီး ခိုင်းသမျှကို ဦးမြသာငြင်း၍ မရနိုင်ပေ။ ရွာတွင် သူ့ကိုဒုက္ခပေးနိုင်သော ဦးစံဖက ဒုက္ခိတဘဝကို ရောက်နေပြီဖြစ်၍ သူ့အတွက်မှုစရာမလို. . ဦးမြသာ သတိထားရမည့်သူမှာ မောင်ချင်း။ သူ့ကို အကွက်ကောင်းစောင့်နေသည်မှာ ကြာနေပြီဖြစ်ပေမယ့်. . မောင်ချင်းဆိုသည့်ကောင်က သူ့ဆရာဦးစံဖ၏ လမ်းညွှန်မှုနှင့်အညီ နေတတ်သောသူဖြစ်နေ၍ ဦးမြသာ၏ ထောင်ချောက်ထဲက လွတ်နေသည်။

"ကိုမြသာ. . ."

"ဘာလဲ. . ခင်မှုံ"

သူကြီးဦးမြသာ၏ဇနီး. . ခင်မှုံက ရွာထဲမှ အကြွေးတောင်းပြီး အိမ်ပေါ်သို့တက်လာကာ ခေါ်လိုက်သောအသံ-





"ဘာလဲ. . လုပ်မနေနဲ့ ဟိုကောင် ကြာရိုးကိုခေါ်ပြီး သူကြီးအာဏာနဲ့ ခြောက်ဦး"

"ဘာဖြစ်လာရပြန်ပြီလဲကွာ. . မင်းအကြွေး ပြဿနာတွေက ခဏခဏကို ရှင်းနေရတယ်"

"ဘာလဲ. . ရှင်က မရှင်းပေးချင်ဘူးလား ပြော၊ ကျွန်မရှာနေတာ သားလေးအတွက်ရှင့်. . ကျွန်မသားလေး မြို့မှာ သူများတွေနဲ့ တန်းတူဝတ်နိုင်စားနိုင် သုံးနိုင်အောင် ရှာထားရတာ. . ."

"ခင်မှုံ. . ငါရှာတာလဲ သားအတွက်ပါကွာ"

"နှစ်ယောက်ရှာတော့ သားလေးပိုပြီး သုံးရတာပေါ့"

"ကဲပါကွာ. . ညနေ ကြာရိုးကို ခေါ်ခိုင်းပြီး၊ အချုပ်ပို့မယ်ဆိုပြီး ပြောလိုက်ရင် ဒီကောင်မဖြစ်မနေ ရှာပေးမှာပါ"

"သူရှာမပေးရင် သူ့နွားနှစ်ကောင်ကို ရှင်သွားပြီးသိမ်း၊ ဒီနွားကို ဟိုဘက်ရွာက ဦးလှိုင်တို့က သဘောကျနေတာ၊ ရောင်းလိုက်ရင် ဈေးကောင်းရမှာ. . ."

"ကြာရိုးက ဘာလို့မရောင်းတာလဲ. . ."

"သူ့မိဘ အမွေဆိုပြီး. . မရောင်းတာလေ၊ ရှင်သာ



www.burmeseclassic.com

www.burmeseclassic.com



ရအောင်လုပ်စမ်းပါတော်"

"စိတ်ချပြီးသာ နေပါကွာ. . ."

"သူကြီး. . အောက်မှာ မိယုရောက်နေပြီ"

"ကျုပ်ခု ဆင်းလာခဲ့မယ်. . ."

အိမ်ဖော်မိလုံးခေါ်သံကြောင့် ဟန်ပါပါနှင့် အောက်ထပ်ကို ဆင်းခဲ့တော့သည်။

"မိယု. . ."

"ရှင်. . သူကြီး၊ ကျွန်မကိုခေါ်တာ ဘာကိစ္စများလဲ"

"နင့် အဖေကိစ္စပါ. . ."

"ကျွန်မအဖေကိစ္စ. . အဖေဘာဖြစ်လို့လဲ"

"နင့်အဖေ ဘချစ်က. . ဦးသိန်းဝက်ကို ခိုးပြီးသတ်တာကို ဦးသိန်းက လာပြီးတိုင်ထားတာ နင်သိလား"

"သူကြီး. . ဒါမတရားတိုင်တာပါ၊ အဖေခိုးပြီး သတ်တာမဟုတ်ဘူး"

"မိယု. . နင် ဇွတ်ကြီး ငြင်းမနေနဲ့ တွေ့တဲ့သူတွေက တွေ့လို့ သက်သေလုပ်ပြီး လာတိုင်တာဟ. . သူတို့ဘယ်မှာ သတ်ပြီး ဖျက်တာရော၊ ရောင်းတာရော တိတိကျကျနော်. .





စခန်းထိ မရောက်အောင် ငါကထိန်းထားတာ၊ နင့်အဖေက အရက်နဲ့ ပတ်သက်ရင် ဘာမှမရဘူး. . ငါဘာလုပ်ရမလဲ မြို့က အချုပ်ကို ပို့ပြီး ရှင်းခိုင်းရမလား. . ."

"သူ. . . သူကြီးရယ်. . မလုပ်ပါနဲ့ ရှင်"

"ငါက မလုပ်ချင်လို့ နင့်ကို ခေါ်တာပေါ့. . မိယု၊ ငသိန်းဆိုတဲ့ကောင်ကို ငါ့ဘက်က ကြိုးကိုင်လို့ရတယ်နော်. . ."

"သူကြီးကျေးဇူးကို ကျွန်မမမေ့ပါဘူးရှင်"

"မိယု. . နင်နဲ့ ငါ အပေးအယူတော့ လုပ်ရမယ်"

"ဘာအပေးအယူလဲ. . သူကြီး"

"မင်း. . ဆရာကြီးရုဒ္ဒနဲ့ ရတဲ့ကိုယ်ဝန်ကို ဖျက်ချပေး"

"ရှင်. . ."

"ဒါမှမဟုတ်. . နင့်ယောကျ်ားနဲ့ရတဲ့ ကိုယ်ဝန်လို့ သတ်မှတ်ပေးရမယ်"

"သူ. . သူကြီးရယ်၊ သူက တခြားမှာ အလုပ်သွားလုပ်တာ. . (၁)နှစ်လောက် ရှိနေပြီ၊ ဘယ်လိုလုပ်ပြီး သူ့ကိုယ်ဝန်လို့ ပြောလို့ရပ့ါမလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို. . ဖျက်ချလိုက်လေ"

"မလုပ်ပါရစေနဲ့ သူကြီးရယ်. . ."

"နင် မလုပ်နိုင်ဘူးဆိုရင်တော့ ရတယ်. . ငါ့အဆိုး မဆိုနဲ့ နင့်အဖေ ထောင်ကျတာမြင်ချင်ရင် ငါခိုင်းတာကို ငြင်း"

မိယု. . သူ့အမှားတစ်ခုက သူ့ကို ဒဏ်ခတ်လေပြီ. . ခင်ပွန်းဖြစ်သူအတွက် ဦးရှဒ္ဒဆီမှာ မေးမြန်းရင်း. . ဦးရှဒ္ဒ၏ ရမ္မက်ထောင်ချောက်ထဲကို ကျခဲ့ရသူဖြစ်သည်။

"ဘယ်လိုလဲ. . မိယု"

"ကျွန်မ. . လုပ်. . လုပ်ပါ့မယ်"

"ဒါမျိုးလုပ်စမ်းပါ. . ရော့ ငွေတစ်သောင်း လိုအပ်သလိုသုံးစွဲ ကြားလားမိယု. . ."

"ဟုတ်. . ဟုတ်ကဲ့ပါ သူကြီး"

"နင်ပါးစပ်တော့ လုံနော်. . မလုံခဲ့ရင်တော့ နင့်အဖေကို ငါက ငဲ့ညှာမှာ မဟုတ်ဘူး။ သွားတော့. . ."

မိယု ငွေကိုဆုပ်ကိုင်ပြီး. . သူကြီးဦးမြသာ အိမ်မှ ထွက်လာခဲ့တော့သည်။

"ဟဲ့ မိယု. . ."





"ဟင်. . ကိုမောင်ချင်း"

"နင် ဘာဖြစ်လာတာလဲ ပြောစမ်း. . နင့် မျက်နှာလည်း မကောင်းပါလား"

"ဘာမှ မဖြစ်ပါဘူး. . ကိုမောင်ချင်းရယ်၊ သူကြီးကတော်ဆီမှာ ငွေလိုတာနဲ့ လာပြီးချေးတာပါ"

"မိယု. . နင်ဒီကုပ်သွေးစုပ်တဲ့လင်မယားနဲ့ ပတ်သက်ပြန်ပြီလား. . ."

"မလွဲသာလို့ပါရှင်. . ."

"နောက် ငွေအခက်အခဲရှိရင် ငါ့ဆီကိုလာခဲ့. . ငါ့မှာရှိတာတော့ပေးမယ်. . ."

"ဟုတ်. . ဟုတ်ကဲ့ သွား. . သွားမယ်နော်"

မောင်ချင်း. . မိယုကိုကြည့်ပြီး စိတ်ထဲမှာတော့ တစ်မျိုးဖြစ်သွားသည်။ မိယုခြေလှမ်းတွေကို သိပ်ပြီးသဘောမတွေ့ပေမယ့် တိတိကျကျဘာမှမသိရဘဲနှင့် သူ့ဘက်က ဘာမှမပြောချင်သောကြောင့် ကြည့်နေခြင်းဖြစ်သည်။ ဦးမြသာတို့ ကိုးကွယ်နေသော ဦးရှဒ္ဒဆိုသည့်လူကြီးကိုလည်း မောင်ချင်း သက်မကင်းဖြစ်နေသည်မှာ ကြာပြီဖြစ်ပေမယ့် ဦးရှဒ္ဒက



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင် ပိရိခြင်းကြောင့် မောင်ချင်းသဲလွန်စမရခဲ့ပေ. . သူ့ဆရာ ဦးစံဖကလည်း ဦးရုဒ္ဒနှင့် ဦးမြသာတို့ခြေလှမ်းတွေကို မကြိုက်ပေမယ့်လည်း ယခုအချိန်တွင် ဦးမြသာက ရွာသူကြီးဆိုတော့ အကာအကွယ်တစ်ခု ရနေလေသည်။ ဆရာဦးစံဖ ပြောသည့်စကားလေးကိုတော့ သူ ယုံကြည်နေမိသည်။

"အမှန်တရားဆိုတာ နှေးကွေးသလိုရှိနေပေမယ့်. . အချိန်အခါရောက်ရင် ဘယ်လိုမှတားဆီးလို့မရဘူး. . မြသာတို့အတွက် အမှန်တရားတစ်ခု မဖြစ်မနေပေါ်လာမှာပါကွာ"

ထိုအချိန်ကို မောင်ချင်းအမြန်ဆုံး ရောက်ချင်နေမိသည်။ နံ့သာရိုင်းရွာကြီးသည် ဦးမြသာကြောင့် များစွာနစ်နာနေလေပြီမဟုတ်လား. . .။

## အခန်း ◀ ၅ ▶

အင်္ဂျင်နီယာချုပ် ရုံးခန်းထဲမှထွက်ခဲ့သော နွေဦးဝတီရင်ထဲတွင် ကျေနပ်ခြင်းများစွာနှင့် သူမသိပ်ပြီးသွားချင်နေသော ချင်းတောင်တန်းဒေသသို့ သွားရတော့မည်ဖြစ်၏။ သွားရမည့်တာဝန်က ချောင်းကူးတံတားတစ်ခုကို တာဝန်ယူပြီး တည်ဆောက်ပေးဖို့ဖြစ်သည်။

"ဟေး. . . ဝတီ"

သူငယ်ချင်းဖြစ်သူ ဆုလဲ့သူမှ. . လှမ်းပြီးခေါ်သောကြောင့် စားသောက်ဆိုင်ဘက်ဆီသို့ (၂)ယောက်အတူတူလာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် နယ်တာဝန်ကျပြီဆို. . ."

"ဟုတ်တယ်. . ငါသိပ်ပြီးသွားချင်တဲ့ ဒေသကို သွားရမှာဟ. . ."

"ဘယ်ဒေသလဲ. . ."

"ချင်းပြည်နယ်ဘက်"

"ဟယ်. . ဝေးလိုက်တာ ဝတီရယ်၊ နင့်အိမ်က ခွင့်ပြုပါ့မလား"

"မပြုလို့ရမလားဟ. . ဒါက နိုင်ငံတော်တာဝန်လေ"

"ဝတီရယ်. . နင့်လိုဘဝမျိုးနဲ့ ဒီလိုနေရာကိုများ သွားရတယ်လို့. . ."

နွေဦးဝတီတို့ ဆောက်လုပ်ရေးအင်ဂျင်နီယာဌာနတွင် နိုင်ငံတော်မှ နိုင်ငံခြားသို့ ပညာတော်သင်လွှတ်ခြင်းခံရသူများထဲတွင် နွေဦးဝတီတစ်ဦးသာကျန်တော့သည်။ တခြားသော နိုင်ငံခြား ပညာတော်သင်များမှာ ဝင်ငွေကောင်းသော ဆောက်လုပ်ရေးကုမ္ပဏီများသို့ ရောက်သွားကြပြီဖြစ်သည်။

"ဆိုလဲ့ရာ. . ငါသင်ကြားခဲ့ရတဲ့ပညာတွေကို ငွေရဖို့အတွက်တစ်ခုတည်းကြည့်ပြီး အသုံးမချချင်ဘူး. . တိုင်းပြည်





ရဲ့တကယ်လိုအပ်တဲ့နေရာမှာပဲ အသုံးချချင်တာ. . ."

"ဟုတ်မှာပေါ့ဟာ. . နင်က ချမ်းသာဖို့မှ မလိုအပ်တာ နင့်ဘဝက ရွှေရောင်ကောင်းကင်ကြီးအောက်မှာ တစ်ဦးတည်းသောသမီး. . ဒီဘဝမပြောနဲ့ နောက်ဘဝတွေတောင် ဘာမှမလုပ်ဘဲ စားလို့ရနိုင်တဲ့သူပဲ"

"ဆိုလဲ့. . ငါကမိဘချမ်းသာတဲ့ပေါ်မှာ ခိုမှင်နေတဲ့လူ မဟုတ်ဘူးနော်. . ငါမက်မောတာ ငါ့ပညာနဲ့ရတဲ့ငွေကြေးပဲ"

"ဒါနဲ့. . နင်တစ်ယောက်တည်းသွားရမှာလား"

"တွဲဘက်အင်ဂျင်နီယာတစ်ဦးတော့ လိုက်ရမယ်လို့တော့ C.Eကပြောတာပဲ ဘယ်သူဆိုတာတော့၊မသိသေးဘူး"

"ဘယ်သူမှမဟုတ်ဘူးဟေ့. . ငါပဲ"

"ကိုယ်တော်ကြီး"

နွေဦးဝတီတို့နှင့် ဌာနတစ်ခုတည်းမှ ကိုကြီးကျော်ဖြစ်သည်။ သူမတို့စားပွဲဝိုင်းတွင် ဝင်ထိုင်ပြီး. . .

"ကဲဆိုးသူ ဘဝလေးကို ဘုရားသခင်က သနားဖို့များ မေ့သွားသလားပဲဟာ. . ."

"ကိုယ်တော်ကြီးကြည့်ရတာ ငိုများငိုဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင်. . ဇာတ်ထဲကလိုဆိုင်းနဲ့ဗုံနဲ့သာ အားပါး တရငိုလိုက်ချင်တယ်"

"ချင်းပြည်နယ်ကိုသွားရတာ ငရဲပြည်ကိုသွားရတာ ကျနေတာပဲဟာ. . ."

"ဝတီ. . နင်က ကိုယ်ချင်းစာစိတ်ရှိတဲ့သူမှ မဟုတ် တာ. . ."

"အံမယ်. . လူကိုများ အသားလွတ်ကြီးနော်"

"အသားလွတ်ကြီးမဟုတ်ဘူး. . နင့်မှာက ချစ်သူ ရည်းစားရှိတာမှမဟုတ်တာ ငါကချစ်ချစ်နဲ့ခွဲပြီး သွားရမှာဟ"

"အမလေး. . ဘယ်လောက်ကြာကြာ ခွဲရတာမှတ် လို့. . အဖြစ်သည်းနေလိုက်တာ ပိုကိုပိုလွန်းတယ်"

"အဲဒါကြောင့် နင့်ကိုပြောတာ. . ချစ်ခြင်းတရားနဲ့ ပတ်သက်ပြီး နင်ဘာတွေသိလဲဝတီ. . ."

"သိစရာမလိုဘူး. . ."

"အေး. . သိစရာမလိုရင် မပြောနဲ့. . ချစ်တဲ့သူနဲ့ တစ် စက္ကန့်လေးခွဲရရင်တောင် ဘယ်လောက်ခံစားရတယ် မှတ်လဲ"

"ကဲ. . ကိုယ်တော်ကြီး တော်တော့. . ဘာသောက်





ချင်လဲပြော၊ ဒီအချစ်အဘိဓမ္မာတွေ ဆက်ပြီးပြောမနေနဲ့ တော့. . ."

"ငါသောက်ချင်တာ နင်တိုက်မှာလား"

"တိုက်ရမှာပေါ့ရှင်. . ."

"အချိုမြိန်ဆုံး အဆိပ်တစ်ခွက် သောက်လိုက်ချင် တယ်. . ."

"ကိုယ်တော်ကြီး. . ရှင်သေချင်ရင် တခြားမှာသွားပြီး သေပါတော်. . ကျွန်မတို့တော့ အမှုမပတ်ပါနဲ့"

"နင်တောင် အမှုတွဲပြီးခေါ်သေးတာပဲ. . ငါကလည်း အမှုတွဲရမှာပေါ့ဟ"

"ကိုယ်တော်ကြီး. . ရှင့်ကို ဘယ်သူမှခေါ်တာမဟုတ် ဘူး. . C.Eကရုံးမှာ မျက်စိနောက်လို့ ထည့်လိုက်တာဖြစ် မယ်"

"သူ့ကို ယောက္ခမမတော်တာကို အငြိုးထားပြီး လုပ် တာပဲဖြစ်မယ်. . ."

"ဒီစကား ရှင်ပြောတာနော်. . ဆုလဲ့သူ နင်သက်သေ ရှိတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ရှိတယ်"

"ဟ. . ဟာ. . ဟဲ. . ဟဲ. . အလကားစတာနေ
တော်ကြာအမြင်ကတ်ပြီး သင်တန်းတွေပို့လိုက်မှ အီသွားမယ်
နင်စေတနာရှိတာပဲသောက်ပြီး ချစ်ချစ်လေးနဲ့ အလွမ်းတွေ
ဖောင်ဖွဲ့ရဦးမယ်. . ."

"သောက်ပြီးတာနဲ့ လစ်တော့. . ကိုယ်တော်ကြီးဒေ

"နင့်ခရီးစဉ်က ဘယ်တော့လဲ. . ."

"(၃)ရက်အတွင်း လေယာဉ်နဲ့သွားရမှာ နောက်ကျ
သွားရင်လည်း ရတယ်လေ. . ငါကကြိုပြီးသွားချင်လို့. . .

"ဘာလို့ကြိုပြီးသွားချင်ရတာလဲ. . ."

"ခု ငါတို့တည်ဆောက်ရမယ့် တံတားကြီးနဲ့ ပတ်
သက်ပြီး ရေမြေအနေအထားကို လေ့လာချင်လို့ပါ. . ."

"ဒီတံတားဟာ နင့်အတွက်တတိယမြောက် ဦးစီးပြီ
ဆောက်ရတဲ့တံတားမဟုတ်လား"

"ဟုတ်တယ် ဆုလဲ့သူ. . ဟိုရောက်မှ နယ်မြေ
ဆောက်လုပ်ရေးအဖွဲ့တွေနဲ့ ညှိနှိုင်းပြီးဆောက်ရမှာလေ"

ကိုကြီးကျော်ကတော့ ရွှေဦးဝတီတိုက်သည့်ကော်





ကိုသောက်ပြီး ခပ်သုတ်သုတ်ထွက်သွားလေသည်။

"ဝတီ. . နင့်ကိုမေးရဦးမယ်. . ဟို တောသူကြီးသား
မလာတာကြာပြီနော်"

"စိတ်ပျက်စရာပါဟာ. . မာမီနဲ့ပတ်သက်ပြီး ခင်မင်
မိတာကိုက ငါ့ရဲ့အမှားတစ်ခုပဲ မိဘကတောမှာ ဘယ်လိုရှာ
ဖွေပြီး ထောက်ပံ့နေသလဲမသိဘူး. . သူ့ကိုယ်သူ ဘီလျံနာ
သူဌေးသားကျနေတာပဲ"

"နင့်မာမီနဲ့ ဘယ်လိုပတ်သက်သွားတာလဲ"

"ဒင်းက ငါတို့တစ်ခြံကျော်အိမ်မှာ ကျောင်းတက်ဖို့
လာနေတာ. . တစ်နေ့သူ့မိဘက ပတ္တမြားလက်စွပ်တစ်ကွင်း
ကို မြို့မှာလာပြီးရောင်းရင်း မာမီကသဘောကျလို့ ဝယ်လိုက်
ရာက လူကြီးချင်းရင်းနှီးသွားခဲ့တာက စတာပါပဲဟာ"

"တောမှာတော်တော်လေးကို ချမ်းသာတဲ့ပုံစံပဲ. . ."

"မသိဘူး. . သူ့အကြောင်းကို စိတ်မဝင်စားလို့ မလေ့
လာပါဘူး. . ."

"သူ့အဖေက ရွာသူကြီးဆို. . ."

"သူပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အယ်. . သက်တော်ရှည်ဦးမယ် ဟိုမှာလာနေပါပြီ တော်. . ."

"သေချင်လိုက်တာနော်. . ."

(+/- × - × )အဖြူရောင်ကားလေးကို မောင်းဝင်လာသော သူကြီးသားကျော်ဦးမြသာကို တွေ့လိုက်သဖြင့် နွေဦးဝတီ စိတ်ပျက်သွားတော့သည်။ နွေဦးဝတီနှင့် စတင်ပြီး တွေ့ကတည်းက ချည်းကပ်မှုနှင့်ရောက်လာသူဆိုသည်ကို နွေဦးဝတီ သဘောပေါက်ထားသဖြင့် သာမန်မိတ်ဆွေအဆင့်လောက်သာ ဆက်ဆံခဲ့သည်။

ကားလေးပေါ်မှ ဟန်ပါပါနှင့်ဆင်းလာပြီး နွေဦးဝတီတို့ရှိနေသောဆိုင်ဆီသို့ လျှောက်လာသည့်ပုံစံမှာ မျက်စိစပါးမွေးစူးချင်စရာ. . .

"ဝတီ. . ရုံးဆင်းပြီလား"

"ရှင်နာရီတော့ ကြည့်တတ်မှာပေါ့နော်. . ခုမှ(၂း၀၀) နာရီတောင် မထိုးသေးဘူး. . ရုံးဆင်းလို့ရပေါ့မလား"

"ဆောရီးကွာ. . ကိုယ်မေးတာ ဆန္ဒစောသွားတယ် ကိုယ်ကဝတီကို ညနေစာတစ်ခုခုလိုက်ပြီး ကျွေးချင်လို့ပါ"





"စိတ်မကောင်းပါဘူး. . ကိုကျော်ဦးမြသာ၊ ကျွန်မ အပြင်ကအစားအသောက်ကို မကြိုက်ဘူး"

"ကိုယ့်ရဲ့မွေးနေ့လေး အမှတ်တရဖြစ်ချင်လို့ပါ"

"ရှင်ရယ်. . ကိုယ့်မွေးနေ့မှာ ကောင်းမှုကုသိုလ်လေး တစ်ခုခုလုပ်လိုက်ပါလား"

"သိပ်ပြီးလုပ်ချင်တာပေါ့ ဝတီရယ်. . ."

"ဒါဆို. . ဘုရားကိုသွားပြီး တွေ့သမျှလူတွေကို စားချင်တာ ဝယ်ကျွေးပစ်လိုက်လေ. . မကောင်းဘူးလား"

"ဟာ. . ဝတီရာ"

"ကိုကျော်ဦးမြသာ. . ကျွန်မရုံးချိန်မှာ ဧည့်သည်ကို မိနစ်ပိုင်းထက်ပိုပြီး ဧည့်ခံပိုင်ခွင့်မရှိဘူး"

"ကိုယ့်ကိုတမင်ရှောင်တာလား ဝတီ. . ."

"ရှင့်ကို မြန်မာစကား ဘာသာပြန်ပေးဖို့ မလိုဘူးလို့ ထင်ပါတယ်. . ကျွန်မကရုံးဝန်ထမ်းရှင့်. . သွားမယ်နော်"

"ကောင်း. . ကောင်းပါပြီ"

ကျော်ဦးမြသာ အောင့်သက်သက်ဖြင့် ကျန်ခဲ့တော့သည်။



www.burmeseclassic.com

နွေဦးဝတီက တမင်စကားမပြောချင်၍ ထွက်ခဲ့ခြင်း ဖြစ်၏။

"ဝတီ. . ."

"ဘာလဲ. . ဆုလဲ့"

"နင်ဒီတစ်သက် ယောကျ်ားရော ယူဦးမှာလား"

"ဟဲ့. . ကောင်မရဲ့ ငါကယောကျ်ားမယူလို့ မိန်းမယူရမှာလားဟ"

"ကိုယ်တော်ကြီးပြောသလို နင့်ကိုကြည့်ရတာ အချစ်နဲ့ပတ်သက်ပြီး ခံစားချက်ဘာမှမရှိသလိုပဲနော်. . ."

"ဒါက နင်တို့အမြင်လေ. . ငါ့ရင်ထဲမှာ ဘယ်လိုခံစားမှုရှိသလဲဆိုတာ ဘယ်သူကသိနိုင်မှာလဲ"

"နင့်ကိုယ်နင်ရော သိရဲ့လား. . ."

"ဟင့်အင်း"

"သေပါတော့ဟာ. . ."

"ငါ့နှလုံးသားကို ကိုင်လှုပ်နိုင်တဲ့ချစ်သူတစ်ယောက်တော့ တစ်နေ့ပေါ်လာမှာပါ"

"တကယ်လို့ ပေါ်လာခဲ့ရင်. . ."





"သူဖွင့်မပြောရဲရင်တောင် ငါကဖွင့်ကြီးကို ဖွင့်ပြောပြီး ရာစုသစ်မှာတီထွင်မှုတစ်ခုကို လုပ်လိုက်မှာ"

"ဘာများလုပ်ဦးမှာလဲ ဝတီ. . ."

"မိဘတွေဖွင့်ပြောပြီး တောင်းရမ်းခိုင်းလိုက်မှာ"

"ဘုရားရေ. . သွားပါပြီတော်"

"ဘာသွားတာလဲ"

"ကျွန်မတို့ မိန်းမဈေးကွက်တော့ ထိုးကျပါပြီ"

နှစ်ဦးသား ပြိုင်တူလေး ရယ်မောလိုက်တော့၏။

www.burmeseclassic.com

## အခန်း ◀ ၆ ▶

အနောက်ဘက်တောင်တန်းကြီးမှ မိုးတိမ်တွေကို ဦးစံဖနှင့် မောင်ချင်းတို့ရပ်ကြည့်ပြီး. . .

"ဟူး. . ."

"ဆရာ. . ဘာလို့သက်ပြင်းချတာလဲ"

"မောင်ချင်း. . ဟိုမှာကြည့်လေ"

ဦးစံဖ ပျက်စီးနေသော တံတားပျက်ကြီးကို ပြလိုက်သည်။ ထိုတံတားကြီးကို ဦးစံဖလက်ထက်တွင် (၃)ကြိမ်တိတိ ပြုပြင်ခဲ့ပေမယ့်. . တောင်ကျရေကြောင့် နှစ်ရှည်မခံဘဲ ကျိုးခဲ့သည်။ ဦးမြသာသူကြီးဖြစ်သည့် အချိန်မှာတော့ တံတားပျက်ကြီးကို ပြင်ဖို့မပြောနှင့်. . လှည့်ပင်မကြည့်တော့ဘဲ ချောင်းကို





ကူးတို့စက်လှေတွေနှင့်သာ ကူးစေခဲ့တော့သည်။ နွေနှင့် ဆောင်းအခါလောက်သာ ချောင်းကိုကူးလို့ရပြီး မိုးကျပြီဆိုရင် တောင်ကျရေစီးဆင်းမှုသန်သောကြောင့် ဘယ်သူမှ စက်လှေဖြင့် ကူးသွားလို့မရနိုင်. . ဒါကြောင့်လည်း တစ်ဖက်ကမ်းတွင်ရှိသော လယ်ယာများကို ဖိဖိစီးစီးမလုပ်နိုင်ကြ။ တစ်ဖက်တွင် နေပြီး လုပ်ကိုင်ဖို့ကျတော့လည်း တောင်ခြေနှင့် နီးကပ်နေသောကြောင့် လူဆိုး၊ ဓါးပြအန္တရာယ်၊ တောကောင်အန္တရာယ်များကြောင့် ဘယ်သူမှ မနေရဲကြပေ။

"မိုးမကျခင် ဒီတံတားကိုဆောက်ချင်တယ်ကွာ"

"ဆရာရယ်. . စိတ်လျှော့လိုက်ပါ၊ ဆရာလုပ်နိုင်သလောက် လုပ်ပေးခဲ့ပြီပဲ. . မြို့ကအင်ဂျင်နီယာတွေတောင် လက်လျှော့ထားတဲ့တံတားဆိုတော့ ဘာမှမတတ်သာဘူး"

"ဒါကအရင်ခေတ်ကပါကွာ. . ခုလိုစက်ကိရိယာ ထွန်းကားတာမှမဟုတ်တာ. . ငါတို့တုန်းက သစ်မျှောတိုင်တွေနဲ့ဆောက်ရတာဆိုတော့ ဒီတောင်ကျရေစီးဒဏ်ကို နှစ်ရှည်တောင့်ပြီး မခံနိုင်တာပါ. . ခုနေပစ္စည်းကောင်းတွေနဲ့သာ ဆောက်ရရင် သိပ်ကောင်းမှာပဲကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . မြို့ကဆောက်လုပ်ရေးရုံးကို တင်ပြထားတယ် မဟုတ်လား။ ဘာမှမထူးခြားသေးဘူးလား"

"ဆောက်လုပ်ရေးရုံးချုပ်ကို ဆက်ပြီးတင်ပြထားတယ်လို့တော့ ပြောတာပဲ. . သူတို့ဆီမှာ အခုတာဝန်ကျနေတဲ့ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေက ငါတို့ချောင်းကူးတံတားကိုဆောက်ဖို့ဘက်မှာ အားနည်းနေလို့တဲ့. . . ရုံးချုပ်က အဆင့်မြင့်ပညာရှင်တွေနဲ့ ဆောက်ရမယ်လို့တော့ပြောတာပဲ"

"ဩော်. . ဆရာ စောထီးတို့သတင်း ဘာမှထပ်မကြားရတော့ဘူးနော်"

"စောထီးနဲ့ခွာလျှံတို့ဟာ လူ့လောကကြီးမှာ အသက်ရှင်မယ်လို့ မထင်တော့ပါဘူးကွာ. . ."

"သူတို့သေဆုံးတာ မရိုးသားဘူးလို့ထင်တယ်ဆရာ"

"ငါသိပါတယ်ကွာ. . ဒါပေမယ့်ငါတို့ဘက်က ခိုင်လုံတဲ့သက်သေမှ မရှိတာ. . ကံဆိုးတဲ့ကလေးပါကွာ"

ဦးစံဖ. . ခွာလျှံနဲ့ စောထီးတို့အကြောင်းကိုတွေးပြီး စိတ်ထဲမှာမကောင်းခဲ့ပေ။ ဦးမြသာတို့လူစုကို သံသယရှိနေသော်လည်း ခုချိန်မှာဦးစံဖ ဘာမှမတတ်သာတော့ပါ. . ဦးစံဖ





လူကြီးဖြစ်စဉ်ကတည်းက သဲလွန်စကို မောင်ချင်းနဲ့ရှာဖွေခဲ့ပေမယ့် မရခဲ့ပေ။

"ဆရာ. . ပြန်ကြရအောင်"

"မောင်ချင်း"

"ပြောပါဆရာ. . ."

"ငါ့ကို ကူးတို့ဆိပ်ဘက်ကို လိုက်ပြီးပို့ပေးကွာ"

"ဆရာသွားချင်ရင်သွားလေ"

မောင်ချင်း. . ဦးစံဖကိုတွဲပြီး လှေကူးတို့ဆိပ်ဆီသို့ ဆင်းလာခဲ့သည်။ ကူးတို့ဆိပ်ကမ်းမှာ မြို့လိုက်နေပြီဖြစ်ပေမယ့် ပျော်ပြင်ခြင်းတော့မရှိပေ. . .။

"အန္တရာယ်ကြီးလိုက်တာကွာ. . ."

"ဆရာရေ. . မြသာဆိုတဲ့ကောင်က သူ့အတွက်အကျိုးမရှိတဲ့ကိစ္စဆိုရင် ဘာမှစိတ်ဝင်စားတာမဟုတ်ဘူး။ ကဲပါ ဆရာရယ်. . ဆက်ပြီးကြည့်နေရင် စိတ်ထဲမကောင်းတာတွေပဲတွေ့ရမှာ. . ပြန်ကြရအောင်"

ဦးစံဖအတွက် မီးဇာကုန်ဆီခမ်းဘဝကို ရောက်နေပြီဖြစ်သဖြင့် နံ့သာရိုင်းရွာကြီးကိုကျောပေးရုံပဲရှိတော့၏။ ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်ဘက်ကို တစ်ချက်လှည့်ကြည့်တော့ ဦးစံဖတို့ဘက်ကို လျှော်ခတ်လာနေသော လှေတစ်စင်းနှင့် ခမောက်ကို ခပ်စိုက်စိုက်လေးဆောင်းထားသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။

"သွားကြမယ်. . ."

"ဟုတ်ကဲ့ဆရာ"

မောင်ချင်း. . ဆရာဖြစ်သူလက်မောင်းလေးကို ကူတွဲပြီး ချောင်းကြီးကိုကျောခိုင်းပြီးအထွက်တွင်. . .

"ဦး. . ဦးလေးတို့ ခဏလေးနေပါဦး"

လှေကလေးပေါ်က လူငယ်က လှမ်းပြီးခေါ်လိုက်သောကြောင့် ရပ်ပြီး စောင့်နေလိုက်ကြသည်။ အနားသို့ရောက်တော့. . .

"ဘာများလဲ ငါ့တူ. . ."

"ဒီရွာက နံ့သာရိုင်းရွာ ဟုတ်ပါတယ်နော်. . ."

"ဟုတ်တာပေါ့ကွယ်"

"ဒီရွာမှာ ဦးစံဖဆိုတဲ့ ဦးလေးတစ်ယောက် သက်ရှိထင်ရှားရှိသေးရဲ့လားဟင်"





"ဟင်. . ."

"ဟာ. . ."

ဦးစံဖ. . ထိုလူငယ်ကိုသေချာစွာ ကြည့်ပြီးနောက်. .

"မင်းက ဦးစံဖကို တွေ့ဖူးလို့လား"

"ဟင့်အင်း. . တစ်ခါမှမတွေ့ဖူးပါဘူး"

"ဘာကိစ္စနဲ့တွေ့ချင်တာလဲ. . ."

"တွေ့ချင်တဲ့ကိစ္စကတော့ ပြောလို့မရပါဘူး. . ရှိ မရှိဘဲသိချင်တာပါဦးလေး. . ."

"ဦးစံဖဆိုတာ ငါပဲ"

"ဗျာ. . ."

လူရွယ်မှာ အံ့အားသင့်စွာဖြင့် ကြည့်နေသည်။

"ဘာလဲ. . မင်းကမယုံလို့လား"

"ယုံပါတယ်ဦးလေး"

"မင်းဘယ်သူ့သားလဲ. . မင်းကိုတော့ တစ်ခါမှငါမတွေ့ဖူးဘူး. . ."

လူငယ်က သူ့လွယ်အိတ်ကြီးထဲမှ ဓါးမြှောင်လေးကို ထုတ်ပြီးပြလိုက်တော့မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒါ ငါစောထီးကိုပေးခဲ့တဲ့ခါးမြှောင်ပဲ. . မင်းဘယ်ကရလာတာလည်းငါ့တူ. . ."

"အဘက ကျွန်တော့်ကို ဒီခါးမြှောင်ကိုပြပြီး တွေ့ဖို့အတွက် ပေးလိုက်တာပါဦးလေး"

"ဟင်. . မင်း. . မင်းက"

"ခွာလျှံပါ"

"ဟာ. . ."

"ဘာ. . ."

ဦးစံဖနှင့် မောင်ချင်းတို့ မယုံနိုင်စရာတစ်ခုကို တွေ့လိုက်ရသလို. . .

"မင်းတို့. . မသေကြဘူးပေါ့"

"မသေခဲ့ကြပါဘူး"

"မောင်ချင်း. . အိမ်ကျမှအကြောင်းစုံ ပြောကြတာပေါ့. . တစ်ခုတော့မင်းကိုပြောထားမယ် ခွာလျှံ"

"ဟုတ်ကဲ့. . ပြောပါဦးလေး"

"မင်းဟာ စောထီးရဲ့သားခွာလျှံဆိုတာကို ဘယ်သူမှ မသိစေနဲ့. . နယ်ကငါ့တူတစ်ယောက်ပုံစံမျိုး နေရမယ်"





"ဟုတ်ကဲ့"

ချောင်းကမ်းနားဆိပ်မှ ရွာဘက်ဆီသို့ အပြန်လမ်းတွင် သူကြီးဦးမြသာတို့လူစုနှင့်တိုးလေသည်။

"အလဲ့. . သူကြီးပင်စင်စားကြီးက လမ်းလျှောက်နေပါလား. . ဘာလဲ တံတားပျက်ကြီးကို သွားကြည့်ပြီး ပြန်ဆောက်ဖို့ ကြိုးစားဦးမလို့လား"

"ကြိုးစားသင့်ရင် ကြိုးစားရမှာပဲကွ. . မင်းလိုကိုယ်နဲ့မဆိုင်သလိုမနေနိုင်ဘူး. . ."

"သိပ်ပြီးအရှူးမထနဲ့ ဦးစံဖ. . ခင်ဗျားသေတာတောင် ဒီတံတားကြီးကို ဆောက်လို့ရမှာမဟုတ်ဘူး. . တစ်ခုထပ်ပြီး သတိပေးရဦးမယ်. . ဒီရွာမှာကျုပ်ကသူကြီး ကျုပ်ကိုအသိမပေးဘဲ မြို့မှာသွားပြီးလုပ်တာတွေကို ဆင်ခြင်ပါ"

"ဆင်ခြင်စရာမလိုဘူး. . ငါလုပ်တာ ငါ့ရွာအတွက် လုပ်သင့်တာကို လုပ်တာပဲ. . မလုပ်စေချင်ရင်မင်းလုပ်ပေါ့"

"ခင်ဗျားကြီးတော့နော်"

"မြသာ. . မင်းဆရာ့ကိုထိတာနဲ့ သူကြီးတွေဘာတွေ ခွဲခြားမှာမဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချင်း. . မင်းသိပ်ပြီး လူတွင်ကျယ်မလုပ်နဲ့"

"ဆရာမြသာရယ်. . စကားနဲ့ပြောမနေနဲ့၊ ကျွန်တော်တို့ရှင်းလိုက်မယ်"

"နေကြစမ်း. . မောင်ချင်း မင်းနဲ့ငါတွေ့ဦးမှာပါ"

"သိပ်တွေ့တာပေါ့ကွာ. . ."

"ဟေ့ကောင်. . မင်းဘယ်သူလဲ၊ ဘယ်ကလဲ. . ."

ဦးမြသာ. . ခွာလျှံကိုကြည့်ပြီး မေးလိုက်သဖြင့်. . .

"သူကငါ့တူ. . ငါ့ဆီမှာနေဖို့ရောက်လာတာ"

"ဦးစံဖ. . ရွာတွေမှာက လူဆိုးသူခိုးတွေ သောင်းကျန်းနေတာ ရွာထဲကိုဘာမှန်းမသိတာတွေ လက်ခံလို့မရဘူး"

"တူဖြစ်တဲ့သူက ဦးလေးဆီမှာ လာပြီးနေတာကို ဘယ်လိုဥပဒေနဲ့ မင်းကတားမှာလဲ. . ပြောစမ်းပါဦး. . အေး ငါ့တူက မင်းဘေးမှာရှိနေတဲ့ကောင်တွေထက်စာရင် စိုးရိမ်စရာမရှိဘူး. . ငါ့တူကိုငါတာဝန်ယူတယ်"

"ခင်ဗျားကြီး စကားပြောရင်ကြည့်ပြီးပြော. . ."

ဦးမြသာနောက်က ရွာဆော်သော်က ဦးစံဖနားသို့ တိုးပြီး ပြောရင်းမှဆောင့်ပြီးတွန်းဖို့ ဟန်ပြင်လိုက်သည်





နှင့်. . .

"ဖြောင်း. . ."

"အီး. . ."

ခွာလျှံ့လက်က မြန်လှသည်။ သော်မျက်နှာပေါ်သို့ ဘယ်ဝိုက်လက်သီးရောက်သွား၍ နောက်ပြန်ကျသွားပြီး ပြန်မထနိုင်တော့ပေ။

"ဟေ့ကောင်တွေ တော်တော့"

ကျန်သည့်ကောင်တွေကပါ တိုက်ခိုက်ရန်ပြင်သည်ကို သူကြီးဦးမြသာတားလိုက်သည်။ သူ့ရှေ့တွင် ရန်ပွဲဖြစ်ခြင်းကို မတားနိုင်လျှင် သူ့အတွက်မကောင်းသည်ကို သိထားခြင်းကြောင့်ဖြစ်သည်။

"မင်းတူက ရိုင်းလှချည်လား"

"ငါ့တူကမရိုင်းဘူး. . မင်းကောင်က ရိုင်းစိုင်းတာကို ဆုံးမလိုက်တာ. . မင်းဖမ်းချင်ရင်ဖမ်း ငါကရှင်းပြီးသားပဲ"

ဥပဒေလုမ်းကြောင်းပေါ်မှာ သူကြီးဦးမြသာ အနေဖြင့် ဦးစံဖကို မယှဉ်ရဲတာတော့အမှန်. . .။

"မင်း ကောင်းကောင်းသတိထား. . ဟေ့ကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ငသော့်ကိုခေါ်ခဲ့ကြ"

ခွာလျှံ့ ဘယ်လက်သီးထိုးချက်က ဘယ်လောက်
ပြင်းသလဲမသိ . . ငသော်တစ်ယောက် သတိပင်မရတော့
"ငါ့ကောင်လက်သီးက ဟုတ်လှချည်လားကွ . . မ
က ဘယ်သန်လားခွာလျှံ့"

"ဟုတ်ပါတယ် ဦးလေး . . ခုလိုလက်သီးပြင်းအော
အဘက ငယ်ငယ်လေးကတည်းက ကျင့်ခိုင်းခဲ့တာပါ"

"စောထီးရော . . လူ့လောကကြီးမှာရှိသေးလား"

"အဘမနှစ်ကဆုံးသွားပါပြီ"

"ဟာကွာ . . ."

"ဘာလို့ ငါ့ဆီကို အဆက်အသွယ်မလုပ်တာလဲ"

"အဘဟာ ချောက်ထဲကို ခုန်ချစဉ်က ကျွန်တော့်
အရကယ်ရင်း . . ခြေထောက်တစ်ဖက်ဟာ ကျိုးသွားခဲ့
တယ်၊ ဒါ့ကြောင့်ဘယ်လိုမှ နံ့သာရိုင်းရွာကို ပြန်ပြီးမလာနို
တော့ပါဘူး . . အဘဆုံးခါနီးကျမှ ကျွန်တော့်ကိုဖြစ်ပျက်ခဲ့တ
တွေကို ဖွင့်ပြောပြပြီး လာခိုင်းခဲ့တာပါဦးလေး . . ကျွန်တော့်
နံ့သာရိုင်းရွာကို ပြန်လာခိုင်းတာ ဦးမြသာဆိုတဲ့လူကြီးကို လ





ဘားချေဖို့အတွက်ပါ . . ."

"ဟင် . . ."

ရာဇဝင်ကြွေးဆပ်ရန်အတွက် ခွာလျှံ့တစ်ယောက်
နံ့သာရိုင်းရွာကြီးဆီ ရောက်ခဲ့ခြင်းအစပင် မဟုတ်လား . . ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၇ ▶

"မင်းတို့တဲကို မီးရှို့ပြီးလုပ်ကြံခဲ့တာ မြသာပေါ့. . ."

"အဘကတော့ မြသာနဲ့သူ့ကောင်တွေ လုပ်ကြံခဲ့တာ လို့ပြောခဲ့တာပဲ ဦးလေး"

"ဆက်ပြီးပြောပါဦး. . မင်းတို့သားအဖ ချောက်ထဲကို ခုန်ချသွားပြီး ဘာတွေဖြစ်ခဲ့လဲ၊ မင်းက(၁)နှစ်ကျော်အရွယ်ဆို တော့ ဘာမှမှတ်မိမှာတော့မဟုတ်ဘူး. . မင်းအဘပြောပြ တာကိုပဲ သိရမှာပေါ့ကွာ. . ."

"ဟုတ်ပါတယ်. . ကျွန်တော်တို့သားအဖ ချောက် ကမ်းပါးကြီးအောက်ကို ခုန်ချပြီး အောက်ကချောင်းထဲကို ရောက်တော့ အဘဟာကျွန်တော့်ကို သူ့လက်ထဲကလုံးဝမ





သွတ်ဘဲ ကမ်းကိုရောက်အောင်ကူးရင်းနဲ့ ခြေကုန်လက်ပန်း ကျပြီး ချောင်းထဲမှာ မျောလာတဲ့သစ်မြစ်တစ်ခုနဲ့တိုက်မိပြီး ပေါင်ကျိုးခဲ့ရတယ်လေ. . ဒဏ်ရာကိုတောင်ဂရုမစိုက်နိုင်ဘဲ ကျွန်တော့်အသက်ရှင်ရေးအတွက် အဘကကြိုးစားကူးခဲ့တာ ကံကောင်းထောက်မပြီး ဦးခမ်းပါဆိုတဲ့ မုဆိုးတစ်ဦးကတွေ့ သွားပြီး ကယ်နိုင်ခဲ့တယ်. . ဦးခမ်းပါဆီမှာ အဘနဲ့ကျွန်တော် ဘဝကိုရပ်တည်ပြီး နေခဲ့ကြတာပါ. . ကျွန်တော် လူမှန်းသိ တတ်စကတည်းက ယောက်ျားတို့တတ်သင့်တာတွေကို သင် ကြားပေးပြီး နံ့သာရိုင်းရွာကို လာခိုင်းခဲ့တာပဲဦးလေး. . ."

"တောက်. . မြသာ. . မြသာ. . မင်းဟာ ယုတ်မာမှု သရဖူကိုဆောင်းထားတဲ့ကောင်ပါလား"

"ဆရာ. . ဒီကောင့်ကို ဒီအမှုနဲ့ဖမ်းလို့မရဘူးလား"

"ကိုယ့်ဘက်က သက်သေပြနိုင်တဲ့စာထိုးက မရှိ တော့ဘူးလေ. . ပြီးတော့ခွာလျှံက ဘာမှမမှတ်မိတဲ့အရွယ်ဆို တော့ သူ့ဘက်ကငြင်းဆိုလို့ ရနိုင်တယ်. . ဒါပေမယ့်သူ့ယုတ် မာမှုကြီးက မပြီးဆုံးသွားပါဘူး. . ခွာလျှံ"

"ဗျာ. . ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဘနဲ့ပတ်သက်ပြီး. . မင်းရင်ထဲမှာ ဘယ်လောက်နာကြည်းနေမလဲဆိုတာ ဦးလေးသဘောပေါက်ပါတယ်. . ဒါပေမယ့်ဥပဒေမဲ့လက်စားချေခြင်းမျိုးတော့ မလုပ်ရဘူး. . မြသာဆိုတဲ့ကောင်ကို ဥပဒေလမ်းကြောင်းပေါ်ကနေလက်စားချေဖို့ မင်းကြိုးစားရမယ်"

"ဦးလေးစကားကို နားထောင်ရမယ်လို့ အဘက မှာလိုက်ပါတယ်. . ."

"မင်းနာမည်ကိုမြသာကသိတယ်. . ဒီတော့ ဒီနေ့ကစပြီး မင်းနာမည်ပြောင်းရမယ်. . မောင်ချင်း မင်းတူနာမည်ကိုရွေးစမ်းကွာ"

မောင်ချင်း ခဏမျှစဉ်းစားပြီးနောက်. . .

"ငါမင်းနဲ့ပတ်သက်ပြီး တစ်ခုကိုသတိရမိတယ်. . မင်းကိုတစ်ရွာလုံးက သတ်မှတ်ခဲ့ကြတဲ့အမည်လေးတစ်ခုကွ. ."

"ဘာများလဲ ဦးချင်း"

"နတ်ဆိုးတဲ့"

"နတ်ဆိုး. . ."

ခွာလျံ. . နှုတ်ဖျားတွင် ထပ်ခါထပ်ခါ ရွတ်ဆိုမိလိုက်





သည်။

"ဒီနာမည်လေးနဲ့ မင်းဘဝကို နံ့သာရိုင်းရွာမှာ ပြန်ပြီးအသက်ဝင်ရမယ်"

"ကောင်းတယ် ဦးချင်း. . ."

"ဆရာရော ကြိုက်ရဲ့လား"

"မင်းယူဆတဲ့ သဘောကကောင်းတယ်. . ခွာလျံကိုတစ်ရွာလုံးက ရက်စက်ခဲ့တဲ့အပေါ်မှာ ပြန်ပြီးတုံ့ပြန်ပေးရမယ် မင်းရဲ့လက်တုံ့ပြန်ခြင်းဟာ ကောင်းသောတုံ့ပြန်ခြင်းဖြစ်ရမယ်နော်. . ."

"ဖြစ်စေရပါမယ် ဦးလေး"

"ဂူး. . ."

"ဟင်"

အိမ်ရှေ့သို့ ဆိုင်ကယ်တစ်စီး ထိုးရပ်သံကြောင့် ပြောလက်စ စကားကို ရပ်ပြီးကြည့်လိုက်တော့ မြို့မှဆောက်လုပ်ရေးမှူး ဦးသာအောင်ကို တွေ့လိုက်ရသည်။

"ကိုစံဖ ရှိလား. . ."

"ရှိတယ်ကိုသာအောင်. . လာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ချင်းမှ ဖျာချပ်လေးကို ခင်းပေးလိုက်ပြီးနောက်

"ကိစ္စများထူးလာလို့လား ကိုသာအောင်"

"ထူးတယ်ဗျို့. . ခင်ဗျားတင်ပြထားတဲ့ တံတား

ဆောက်ဖို့ကိစ္စကို အထက်ကလူကြီးတွေက ခွင့်ပြုလိုက်ပြီ"

"ဟာ. . ."

"ဟင်. . ဝမ်းသာစရာသတင်းပဲဗျာ"

"ပြီးတော့ အဆင့်မြင့်တံတားဆောက် အင်ဂျင်နီယာ

တစ်ဦးနဲ့ တွဲဖက်တစ်ယောက် မကြာမီ ရောက်လာတော့

မှာ. . ဒီအတွက်လာခဲ့တာဗျို့"

"ကျုပ်တို့ဘက်က ဘာတွေကူညီပေးရမလဲပြောပါ"

"ခုလာမယ့် အင်ဂျင်နီယာက မိန်းကလေးဆိုတော့

သူနေထိုင်ရေးနဲ့လုံခြုံရေးပိုင်းကို တာဝန်ယူပေးရလိမ့်မယ်"

"ကိုသာအောင်. . လုံခြုံရေးကိစ္စကိုမြသာနဲ့ ခင်ဗျာ

စကားပြောဖို့ကောင်းတယ်နော်. . ."

"ကိုစံဖ. . ကျုပ်ကနဲ့သာရိုင်းရွာကို မရောက်ပေမယ့်

ဒီလူ့သတင်းတွေကိုကြားတယ်. . မကြိုက်ဘူးဗျာ. . အရှင်းဆုံး

ပြောရရင် စိတ်မချဘူး. . အင်ဂျင်နီယာမိန်းကလေးတစ်ခုခု





ဖြစ်သွားရင် ကျုပ်ခေါင်းဆောင့်မှာ. . ခင်ဗျားပဲကူညီပါဦးဗျာ"

"ဆရာ. . ."

"ဘာလဲ မောင်ချင်း"

"ကျွန်တော်ကြားက အကြံတစ်ခုပေးပါရစေ"

"ပေးလေကွာ. . ."

"နတ်ဆိုးကို အင်ဂျင်နီယာမလေးအတွက် စောင့်

ရှောက်ဖို့ထားရင် မကောင်းဘူးလား"

"အေး. . မင်းပြောတဲ့အစီအစဉ် ကောင်းတယ်

နတ်ဆိုး. . ."

"ပြောပါဦးလေး"

"မင်း တာဝန်ယူပေးနိုင်လား. . ."

"ယူပေးနိုင်ပါတယ်"

"ကဲ. . ကိုသာအောင် စိတ်ချပြီးသာနေတော့. .

ကျုပ်တို့က စိတ်ချရတဲ့လူပါ"

"ကိုစံဖ. . စိတ်ချရတယ်ဆိုရင် ဘာမှပြောစရာမရှိပါ

ဘူး. . ."

"ကိုသာအောင်. . ခင်ဗျားမြသာကိုတော့ ပြောသင့်



www.burmeseclassic.com

www.burmeseclassic.com



တာ ဝင်ပြီးပြောဦး . . ."

"ပြောရမယ် ကိုစံဖ . . ခုလာကြတဲ့ကိစ္စက ပုဂ္ဂိုလ်ရေးကိစ္စမဟုတ်ဘူး . . နိုင်ငံတော်တာဝန်နဲ့ဆိုတော့ သူ့ကိုအကြောင်းဝင်ပြီး ကြားထားရမှာပေါ့ . . နေထိုင်ရေးရော ဘယ်လိုစဉ်းစားထားလဲ"

"ကျုပ်အိမ်မှာက ကျုပ်ရယ်၊ မောင်ချင်းရယ်၊ ဒီတူနဲ့မှ (၃)ယောက်တည်း . . အပေါ်ထပ်မှာ လွတ်လွတ်လပ်လပ်ကြီး နေလို့ရပါတယ်"

"ကဲ . . အားလုံးအဆင်ပြေသွားကြပြီဆိုတော့ ဟိုလူဆီကိုဝင်ပြီးပြောလိုက်ဦးမယ် ခွင့်ပြုဦး . . ."

"ကောင်းပါပြီ . . ကိုသာအောင်"

ဦးစံဖ၏ အရမ်းဖြစ်ချင်လှသော ဆန္ဒလေးတစ်ခုက ဖြစ်ရတော့မှာကြောင့် ကြည်နူးဝမ်းသာမိသည်။

"မောင်ချင်းနဲ့ နတ်ဆိုး . . ."

"ဗျာ . . ."

"အပေါ်ထပ်မှာ ရှင်းစရာရှိတာတွေ သွားပြီးရှင်းထားကြကွာ . . နတ်ဆိုး မင်းကိုစိတ်ချယုံကြည်မယ်နော်"





"ကျွန်တော့်ဘက်က တာဝန်ကျေစေရပါမယ်ဦးလေး"

ဦးစံဖ နတ်ဆိုးကို ပခုံးလေးဆုပ်ကိုင်ပြီး ကျေနပ်စွာ ပြုံးလိုက်တော့၏။ ဦးမြသာအတွက် တကယ်နတ်ဆိုးတစ်ပါး ရောက်ခဲ့လေပြီဟုလည်း ထင်မှတ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၈ ▶

နွေဦးဝတီ၊ ကိုကြီးကျော်နှင့် နယ်မြေခံဆောက်လုပ်ရေးရုံးမှ နွေဦးဝတီမိန်းကလေးအဖော်ရအောင် မြင့်မြင့်မွန်ဆိုသူ မိန်းကလေးဝန်ထမ်းတစ်ဦးကိုပါ ထည့်ပေးလိုက်ပြီး. . ထိုအဖွဲ့တွင် ဂျစ်ကားမောင်းတဲ့ဒရိုင်ဘာတစ်ဦးပါလာခဲ့ကြသည်။

တောင်ကြားလမ်းသွယ်ဆီမှ. လာခဲ့ကြသဖြင့်. . . နွေဦးဝတီအတွက်တော့ ရှုမောဖွယ်ကောင်းလှသော ဒေသလေးတစ်ခုဖြစ်နေလေပြီ. . .။

"တကယ်သာယာတဲ့ ဒေသလေးနော်. . ကိုကျော်"

"ဟုတ်တယ်ဝတီ. . ငါဖြင့်ဒီရောက်ပြီးရင် လွမ်းစိတ်တွေဘယ်လောက်ဖြစ်မလဲဆိုပြီး တွေးပူခဲ့တာ ခုတော့လည်း





စိမ်းစိုနေတဲ့တောင်တန်းကြီးတွေကိုကြည့်ပြီး စိတ်ထဲမှာလန်းဆန်းလာသလိုပဲ"

"မြင့်မြင့်မွန်. . ."

"ရှင်"

"ဒီတောင်တန်းကြီးတွေ နောက်ကျောဘက်မှာ ဘာတွေရှိသေးလဲဟင်. . ."

"မမဝတီရေ. . ဒီတောင်တန်းကြီးတွေက မြန်မာနဲ့ အိန္ဒိယနိုင်ငံကို တံတိုင်းပြုလုပ်ထားတဲ့တောင်တန်းကြီးတွေ"

"ဟင်. . အိန္ဒိယ-မြန်မာနယ်စပ်နားကို ရောက်နေပြီပေါ့. . ."

"သိပ်အနီးကြီးတော့ မဟုတ်ပါဘူး. . မမဝတီ၊ သွားမယ်ဆိုရင် တစ်ညအိပ်လောက်တော့ သွားရမယ်"

နွေဦးဝတီကားပေါ်မှ လှမ်းပြီးမြင်နေရသော ရွာကလေးတွေကို ကြည့်ပြီးနောက်. . .

"တစ်ရွာနဲ့တစ်ရွာက ဝေးလိုက်တာ. . ကြားမှာ တောင်တွေတောတွေ ခြားနေသေးတယ်"

"ဖောင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

"ဟာ"

ကားဘီးပေါက်သံနှင့်အတူ ဂျစ်ကားလေးထိုးရပ်သွားသည်။

"ပြဿနာပါပဲကွာ. . ရွာနဲ့ဝေးတဲ့နေရာမှ ကားဘီးက ပေါက်ရတယ်လို့"

ဂျစ်ကားဒရိုင်ဘာလေးနှင့် ကိုကြီးကျော်တို့က ပေါက်သွားသော ကားဘီးကိုဖြုတ်ပြီး ပါလာသောဘီးနှင့် လဲတပ်နေချိန်တွင် နွေဦးဝတီနှင့် မြင့်မြင့်မွန်တို့ ဘေးဆီမှ တောင်တန်းကြီးများ၏ သာယာမှုကို ငေးမောကြည့်နေကြစဉ်. . .

"ဝူး. . ဝူး. . ဝူး"

"ဟင်"

ဆိုင်ကယ်(၃)စီး၊ လူ(၆)ယောက် လိုက်ပါလာသော ဆိုင်ကယ်တွေ မောင်းလာသည်ကို တွေ့လိုက်ရသည်။

"ဝူး. . ကျွိ. . ."

ဆိုင်ကယ်တွေ ထိုးရပ်ပြီးနောက်. . .

"အား. . ပါး. . ပါး. . နတ်မိမယ်လေး တစ်ပါးပါ





လားဟေ့"

"ကြုံကြိုက်တုန်း မိတ်ဖွဲ့လိုက်ရအောင်"

"ကောင်းတာပေါ့ကွာ. . ."

ဆိုင်ကယ်ပေါ်မှ ဆင်းလာကြကာ နွေဦးဝတီနားသို့ လျှောက်လာကြသည်။

"ချင်းတောင်တန်းဒေသမှာ ဒီလောက်လှတဲ့သူ မရှိနိုင်ဘူး"

"မိုးပေါ်ကကျလာတာနေမှာပေါ့"

"ဟား. . ဟား. . ဟား. . ."

(၆)ယောက်လုံး အရက်မူးနေကြသည်မှာ သေချာသည်။ မျက်လုံးတွေမှာ နီမြန်းနေပြီး ကြောက်စရာအသွင်ကို ဆောင်နေ၏။

"ဟေ့လူတွေ. . ခင်ဗျားတို့ ကိုယ့်လမ်းကိုယ်သွားကြပါ. . ."

"ဘာကွ. . ဂျပု မင်းကများ ငါ့ကိုအမိန့်ပေးရတယ်လို့ ဒီနယ်တစ်ဝိုက်မှာ ကျားဆိုးနာမည်ကို မကြားမိဘူးလား"

"မကြားဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ."

"ကျုပ်တို့က ခုမှရောက်လာတဲ့ ဧည့်သည်တွေပါ. . ခင်ဗျားနာမည်ကို လေ့လာဖို့လာတာမဟုတ်ဘူး"

"အေး. . မသိရင် သိအောင်တော့ လုပ်ပေးရမှာပေါ့ ကွာ. . ဟော့ကောင်တွေ မိတ်ဆက်ပွဲလေးလုပ်ရအောင်"

"ရှင်. . ရှင်တို့နော် မရမ်းကားနဲ့"

"မင်းလေးအလှကြောင့် မဖြစ်မနေအစွမ်းပြရမှာပါ"

ဂျစ်ကားဒရိုင်ဘာကိုတင့်နှင့် ကိုကြီးကျော်တို့ကို ကျားဆိုးတပည့်တွေက ဝိုင်းပြီး ထိုးကြိတ်ကြတော့သည်။ အင်အားချင်းကမမျှသဖြင့် ကိုကြီးကျော်တို့ ခံနေရစဉ်. . .

"ဝူး. . . ကျွီ. . ."

ဆိုင်ကယ်တစ်စီး ထိုးစိုက်လာပြီး. . ဆိုင်ကယ်ပေါ်တွင် ကိုသာအောင်နှင့် နတ်ဆိုး. . .

"လာပြန်ပြီ နောက်ထပ်(၂)ကောင်. . ရှင်းလိုက်ကွာ"

နတ်ဆိုးဆီကို ပြေးပြီးဝင်တိုက်ခိုက်ပေမယ့်. . ကိုကြီးကျော်တို့(၂)ယောက်ကို အနိုင်ကျင့်သလိုတော့ မရတော့ပေ။ နတ်ဆိုး၏လက်နှင့် ခြေထောက်တို့အောက်တွင်





တစ်ယောက်ပြီးတစ်ယောက် အနားယူသွားပြီး ကျားဆိုးတစ်ကောင်သာ ကျန်တော့သည်။

"ချောက်. . ."

"ဟာ"

ကျားဆိုး. . သူ့ခါးကြားမှသေနတ်ကိုထုတ်ပြီး မောင်းတင်လိုက်သည်။

"ဟော့ကောင်. . မင်းရှေ့မတိုးနဲ့နော်"

"ရှေ့တိုးရင် မင်းကပစ်မယ်ဆိုတဲ့သဘောပေါ့"

"ဟုတ်တယ်. . ငါ့သေနတ်က မသနားတတ်ဘူး"

"မင်းသေနတ်က မသနားတတ်သလို ငါ့ခြေထောက်ကလည်း လူမရွေးဘူး. . လာပြီ"

"ဟင်"

နွေဦးဝတီ ရင်ဖိုစွာနှင့် ကြည့်မိလိုက်တော့သည်. . ကျားဆိုးဆီသို့ နတ်ဆိုးခြေထောက်များမှာ ဝဲပျံပြီး မျက်နှာကို ရောက်သွားတော့သည်။

"ဖြောင်း"

"အီး. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျားဆိုးသေနတ်ပင် ပစ်ချိန်မရလိုက်ဘဲ နောက်သို့ လွင့်ပြီးကျသွားတော့သည်။

"ဘယ်လိုလဲကွ. . ထပါဦး"

"တောင်း. . တောင်းပန်ပါတယ်ဗျာ"

ကျားဆိုး ရှိခိုးမတတ်ပြောဆိုနေတော့သည်။

"ဒါကျတော့လည်း မင်းကကျားဆိုးအမည်နဲ့ မလိုက်ဘူး. . ကြွက်စုတ်အမည်ပြောင်းဖို့ကောင်းတယ်. . ဒီကောင် ငါတီးလိုက်ရ"

"ကိုကျော်. . မလုပ်နဲ့ သက်ဆိုင်ရာနဲ့ပဲ စကားပြော လိုက်ပါ"

"ဟာ. . မ. . မလုပ်ပါနဲ့. . နောက်ဘယ်တော့မှ ဒီလို မျိုးမလုပ်တော့ပါဘူး"

နတ်ဆိုးသည် ကျားဆိုးကို ဆွဲထားသော အကျီစကို လွှတ်လိုက်ပြီးနောက်. . .

"မင်းကောင်တွေလို မင်းလည်းအိပ်ပြီးတော့ အဖမ်းခံ ဖို့စောင့်လိုက်ဦး. . ."

"ခွပ်. . ခွပ်. . ."





"အ"

ကျားဆိုးအသံပင် ကျယ်ကျယ်မထွက်နိုင်ဘဲ နတ်ဆိုး၏ဘယ်လက်သီးအရသာကို ခံစားသွားရတော့သည်. . ကိုသာအောင်မှ သူ့မှာပါလာသော ဟန်းဖုန်းဖြင့် နယ်မြေခံ ရဲတပ်ဖွဲ့ဆီသို့ အကြောင်းကြားလိုက်တော့သည်။

"ကျေးဇူးတင်ပါတယ်. . ."

"မင်း ဘယ်သူ့ကိုပြောတာလဲ"

"ရှင့်ကိုပြောတာ"

"တင်စရာမလိုပါဘူး. . ဒါကကျုပ်လုပ်ရမယ့် တာဝန် ပါ. . ."

နွေဦးဝတီ. . နတ်ဆိုးစကားကို နားမရှင်းသလိုဖြစ် သွား၏။

"ဩော်. . ဒီလိုနွေဦးဝတီ၊ သူက နွေဦးဝတီကိုစောင့် ရှောက်ပေးဖို့ တာဝန်ယူထားတဲ့သူလေ"

"ဩော်. . ."

"နာမည်က နတ်ဆိုးတဲ့"

"နတ်ဆိုး. . ဟုတ်. . ဟုတ်ကဲ့. . ကျွန်မ နွေဦးဝတီ



www.burmeseclassic.com

www.burmeseclassic.com



ပါ. . ."

တစ်ယောက်နှင့်တစ်ယောက် အသိအမှတ်ပြုအပြုံ
လေးတွေ ပြုံးပြလိုက်ကြသည်။ နယ်မြေခံသက်ဆိုင်ရာ ရဲတပ်
ဖွဲ့ဝင်များရောက်လာကြပြီး. . ကျားဆိုးတို့ကို ခေါ်ဆောင်
သွားတော့မှ ရွာသို့ ခရီးဆက်ခဲ့ကြလေသည်။

"ဝတီရေ. . ရွာတောင်မရောက်သေးဘူး ပွဲကကြမ်
ပြီ"

"ကိုကျော်. . တော်တော်လေးနာသွားမှာပေါ့"

"နတ်ဆိုးသာ ရောက်မလာရင်· မသက်သာဘူးပေ
လက်သံကတော့ပြင်းတယ်. . တစ်ယောက်ကိုတစ်ချက်လောက်
ပဲ ဆော်ပစ်လိုက်တာ၊ သတ္တိကမခေဘူးဝတီ. . သေနတ်နဲ့
ချိန်ထားတာကို ပြေးပြီးများ ခုန်ကန်ရတယ်လို့. . ဝတီ"

"ဘာလဲ"

"မင်းအတွက်တော့ ဘော်ဒီဂတ်ကောင်းကောင်း ရ
သွားပြီနော်. . ."

"ဟုတ်မှာပေါ့. . ."

ရွှေဦးဝတီမျက်လုံးထဲတွင် နတ်ဆိုးကိုမြင်ယောင်





လိုက်သည်။

နံ့သာရိုင်းရွာကိုရောက်တော့. . ညနေစောင်းလုလု
ရွာအဝင်လမ်းလေးတွင် ဦးမြသာတို့အဖွဲ့က စောင့်နေကြ
သည်။

"ကိုသာအောင်ရယ်. . လိုက်သွားတာပဲ ကျုပ်ကို
ပြောရောပေါ့. . ကျုပ်ကောင်တွေကို ထည့်ပေးလိုက်မှာပေါ့"

"ရပါတယ်"

"ဒါနဲ့ ဘယ်မှာတည်းကြမှာလဲ"

"ဦးစံဖအိမ်မှာပဲ စီစဉ်ထားတယ်. . ."

"ဟာ. . မဟုတ်တာဗျာ၊ ကျုပ်အိမ်ကနှစ်ထပ်တိုက်
ကောင်းကောင်းမွန်မွန်နေရတာပေါ့. . ဧည့်သည်တွေ အား
နာစရာ"

"ကိစ္စမရှိပါဘူး. . ဟိုမှာက စီစဉ်ပြီးနေပါပြီ"

ရွှေဦးဝတီတို့ ဂျစ်ကားလေး ရွာထဲသို့မောင်း ဝင်လာ
ပြီး ကိုသာအောင်နှင့် နတ်ဆိုးတို့နှင့်အတူ ဦးစံဖအိမ်သို့ မောင်း
ထွက်လာခဲ့တော့သည်။

"ဆရာမြသာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . အောင်ကြီး"

"ဟို ခွေးသားလေးက နေရာရနေပါလား . . "

"ဟုတ်တယ် . . ခုလည်း ကျားဆိုးတို့အုပ်စုကို ဒီကောင်လေးဆော်ခဲ့တာလို့ ကိုသာအောင်ပြောနေတယ်"

"လျှော့တွက်လို့တော့ မရဘူးနော်"

"ကိုယ့်ကို ဒုက္ခပေးမယ့်ကောင်ဆိုရင်တော့ ရှင်းစရာရှိတာကို ရှင်းထားလိုက် . . . "

"ကျွဲကြီး . . သွားမလုပ်နဲ့ဦး"

"ဘာလို့လဲ အောင်ကြီး . . "

"ဒီကောင်က ရွာကိုရောက်နေတဲ့ အင်ဂျင်နီယာမကို စောင့်ရှောက်ဖို့ တာဝန်ယူထားတာ . . တော်ကြာ အင်ဂျင်နီယာမက သက်ဆိုင်ရာကိုတိုင်တော့မှ ဆရာမြသာရဲ့သူကြီးရာထူးပါ ပြုတ်သွားဦးမယ်"

"အောင်ကြီးပြောတာ မှန်တယ်ကွ . . အင်ဂျင်နီယာမကို အစိုးရက အထူးတာဝန်နဲ့လွှတ်လိုက်တာ . . အဆိပ်ပြင်းတယ် သတိတော့ထားရမယ်။ အထူးသဖြင့် ငါတို့လှုပ်ရှားမှုတွေကို သိပ်ပြီးမရဲတင်းနဲ့ . . အရင်ကမြို့ကဂါတ်ကိုသွားဖို့ (၅)





နာရီလောက်သွားမှရတာ . . ခုဆိုဖုန်းနံပါတ်လေးနှိပ်လိုက်တာနဲ့ ချက်ချင်းရောက်သွားမယ်။ သူတို့ဆီမှာ ဟန်းဖုန်းတွေ ကိုယ်စီပါတယ်နော် . . "

"ဆရာမြသာ . . "

"ဘာလဲ ကျွဲကြီး"

"ဒီတံတားကြီးပြီးသွားရင် ကျုပ်တို့အတွက် မကောင်းဘူးနော်"

"ငါသိတယ် . . မင်းစောင့်ကြည့်ပါဦးကွာ၊ ဒီချောင်းကိုဖြတ်ပြီး တံတားဆောက်လို့ရမလားလို့ . . ပြီးတော့ ဒီမိန်းကလေး ဘယ်လောက်စွမ်းနေလို့လဲ လက်လျှော့ပြီးပြန်သွားမှာပါ ဒါနဲ့ဆရာရုဒ္ဒမှာထားတဲ့ အင်းပြားတွေလုပ်ထားပြီးပြီလား"

"ပြီးသွားပြီ"

"ဒါဆို ဒီည . . ငါတို့ကို ပီယဆေး အင်းတိုက်လို့ရပြီ"

"ဆရာမြသာရေ . . အင်ဂျင်နီယာမလေးရဲ့ လှချက်ကတော့ ငေးလောက်ရတယ်နော်"

"ဟုတ်ပ့ါကွာ . . ဟား . . ဟား . . ဟား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၉ ▶

နှင်းစက်ကျသံလေးနှင့် အရုဏ်ဦးကျေးငှက်ကလေးတွေ အော်မြည်သံကြောင့် နွေဦးဝတီမျက်လုံးကလေးဖွင့်ပြီး နာရီကိုကြည့်လိုက်တော့ (၈း၀၀)နာရီပင်ထိုးလုလု။

"ဟယ်. . ."

ခရီးပန်းလာသည်နှင့် ညကချက်ချင်းအိပ်မပျော်သောကြောင့် ခုထိအိပ်လိုက်မိခြင်းဖြစ်သည်။ သူ့ဘေးတွင် မြင့်မြင့်မွန်ကတော့မရှိတော့. . .

"ဝါး. . ."

အိပ်ရာထဲမှ စောင်လေးကိုဖယ်ပြီး ထမည်အပြု. . .

"ဟီး. . အေးလိုက်တာ"





ချင်းတောင်တန်းမှအအေးဒဏ်ကြောင့် စောင်ကိုမခွာရဲသလောက်ဖြစ်နေသည်။ ဆက်ပြီးတော့ မအိပ်သင့်သောကြောင့် ကြိုးစားပြီးထကာ ပြတင်းပေါက်တံခါးကိုဖွင့်လိုက်တော့ အပြင်တွင်မြူနှင်းတွေက ဝေနေဆဲ. . .။

"ဟင်"

မြူနှင်းတွေဝေနေသည့် ကြားထဲတွင် ရေထမ်းနေသော နတ်ဆိုးကို တွေ့လိုက်သည်။

"သူမို့ မချမ်းလိုက်တာ. . ဒီလောက်အေးနေတာကို အင်္ကျီမပါဘဲရေထမ်းနေရတယ်လို့ အံ့ဖွယ်လူသားပဲ"

နတ်ဆိုး၏ ကိုယ်လုံးကိုယ်ပေါက်က တကယ့်ကိုယောကျ်ားပီသသော ခန္ဓာကိုယ်. . အထူးသဖြင့် နတ်ဆိုး၏ မျက်နှာပေါ်တွင် ကြောက်ရွံ့ခြင်းကင်းသော မျက်လုံးတို့သည် ဆွဲငင်အားကောင်းသည်ကို နွေဦးဝတီသတိပြုမိလိုက်သည်။

"ယောကျ်ားလေးဆိုတာ. . ဒီလိုမျက်လုံးမျိုး ဖြစ်ရမယ်"

"မမဝတီ. . ."

"ဟယ်. . မြင့်မြင့်မွန်"



www.burmeseclassic.com

www.burmeseclassic.com



"မမဝတီ နိုးပြီလား . . ကျွန်မက အိပ်ရေးဝဝအိပ်ပါစေဆိုပြီး မနိုးခဲ့တာပါ . . အောက်ဆင်းကြမယ်လေ"

"အေး . . အေး"

ကိုယ်ပေါ်မှစောင်ကြီးကို ခွာလိုက်သည်နှင့် အဲအေးဓာတ်မှာ ခန္ဓာကိုယ်ပေါ် ဆီသို့ တိုးဝင်လာသလို ခံစားလိုက်ရသည်။

"မမဝတီက အိပ်ရာထရင် ရေချိုးနေကျဆို . . ."

"ဟုတ်တယ် . . ခုဘယ်လိုလုပ်ပြီး ချိုးမလဲ၊ ဒီလောက်အေးနေတာ မျက်နှာတောင် ဘယ်လိုသစ်ရမလဲမသိဘူး"

"မမဝတီ . . ရေချိုးလို့ရမှာပါ"

"မြင့်မြင့်မွန် . . ဒီရေနဲ့သာ ရေချိုးရရင် တစ်ခါတည်းသွေးတွေခဲသွားမယ်"

"ခဲမသွားပါဘူး မမဝတီရဲ့ . . ရေပူရေက သိပ်ပြီးနွေးတာ . . အကြောအခြင်တွေရော စိတ်ပါလန်းသွားမယ်"

"ရေပူရေ ရှိတယ်ပေါ့ . . ."

"ရှိတာပေါ့ . . ဟို ကိုနတ်ဆိုး သွားပြီးခပ်နေတာလေ"

"ဟယ် . . အားနာစရာကွာ . . ဘယ်ကတောင် သွား





ပြီးခပ်ရတာလဲဟင်"

"သိပ်ပြီးမဝေးပါဘူး . . ဟိုမှာမြင်နေရတဲ့ တောင်လေးနားက ကျောက်ရေပူအိုင်က"

"ဟယ် . . ဝေးလိုက်တာ"

နွေဦးဝတီလှမ်းပြီးကြည့်တာတောင် နည်းသည့်ခရီးမဟုတ် . . အောက်ထပ်သို့ ရောက်တော့

"ဝတီရေ . . ရေချိုးချင်ရင်ရပြီ၊ သွားပြီးချိုးလိုက် . . ငါကတော့ ချိုးပြီးသွားပြီ . . တကယ်ကောင်းတဲ့ရေပူ"

"ကိုကျော် . . ရှင်ကအားမနာလိုက်တာ၊ သူများကဒီလောက်ဝေးတဲ့နေရာက ခပ်လာတာကို ရှင်မို့ချိုးရက်တယ်"

"ဝတီ . . အသားလွတ်ကြီး ပြောမနေနဲ့ဟ၊ ငါရေပူချိုးတာ နတ်ဆိုးခပ်တဲ့ရေကို ချိုးတာမဟုတ်ဘူး . . သူနဲ့လိုက်သွားပြီး ကျောက်ရေပူအိုင်မှာချိုးတာ"

"ဦးလေးစံဖ"

"ဘာလဲသမီး . . ."

"နောက်နေ့ဆို နတ်ဆိုးကို မခပ်ခိုင်းပါနဲ့နော်"

"ဘာလဲ . . သမီးက နတ်ဆိုးကို ပင်ပန်းတယ်ထင်လို့



www.burmeseclassic.com

www.burmeseclassic.com



လား. . မထင်နဲ့ သူ့အတွက် လေ့ကျင့်ခန်းတစ်ခုလုပ်နေရသလိုပဲ. . ချိုးမှာသာချိုးသမီး"

နွေဦးဝတီဘာမှမပြောတော့ဘဲ အနောက်ဖက်ရေချိုးခန်းလုပ်ထားသော နေရာလေးသို့ ထွက်လာခဲ့တော့သည်။ နွေဦးဝတီရေချိုးပြီးချိန်တွင် နတ်ဆိုးတစ်ယောက် ထင်းပေါက်နေသည်ကို တွေ့လိုက်ရသည်။

"ဝတီရေ. . အဝတ်အစားလဲပြီးရင် မနက်စာစားဖို့လာဟေ့. . တောင်တန်းဒေသရဲ့လက်ရာလေး စားရအောင်"

နွေဦးဝတီသိပ်ပြီး ပြင်ပြင်ဆင်ဆင်မလုပ်တော့ဘဲ တီရှပ်လေးနှင့် အနက်ရောင်ဂျင်းဂျာကင်လေးကိုဝတ်ပြီး ထွက်လာခဲ့တော့သည်။

"သမီးတော့ စားတတ်ရဲ့လားမသိဘူး. . ကောက်ညှင်းနဲ့လုပ်ထားတဲ့မုန့်ချိုတွေ. . တောင်တန်းဒေသရဲ့ လက်ရာစစ်စစ်ပဲ၊ ဒီမှာကော်ဖီပါဖျော်ထားတယ်"

"စားတတ်ရမှာပေါ့ ဦးလေးစံဖရယ်"

"နတ်ဆိုးရေ. . နတ်ဆိုး. . ."

"ဗျာ. . ဦးလေး"





"မင်း ထင်းပေါက်တာ ခဏရပ်ထားပြီး တစ်ခါတည်းလာဝင်စားလိုက်ကွာ. . ."

နတ်ဆိုးမျက်နှာမှ ချွေးစတွေကိုသုတ်ရင်း ဝင်လာသည်။

"ကိုနတ်ဆိုး. . စားလေ"

"မနွေဦးဝတီတို့ စားပါ. . ."

"ကျွန်မတို့စားလို့ ဘယ်လိုလုပ်ပြီးကုန်မှာလဲ. . အတူတူစားကြတာပေါ့ ပိုမကောင်းဘူးလား. . ဘာလဲ ရှက်တတ်လို့လား"

"ဟာ. . မဟုတ်ရပါဘူး"

"ဒါဖြင့်စား"

"ဟုတ်ကဲ့. . ."

နွေဦးဝတီ နတ်ဆိုးနှင့် ရင်းရင်းနှီးနှီးဖြစ်စေလိုသောကြောင့် ခင်မင်မှုလေးတွေကို ပြသနေခြင်းဖြစ်သည်။

"ဝတီ. . နင်ဒီနေ့လုပ်ငန်းစမှာလား"

"စမယ်. . အရင်ဆုံး ချောင်းနဲ့တံတားပျက်ကိုသွားပြီးလေ့လာမယ်လေ. . လေ့လာတယ်ဆိုတာတောင် တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



တည်းနဲ့မရနိုင်ဘူး . . စက်ပစ္စည်းတွေနဲ့တိုင်းတာဖို့ပါ လုပ်ရဦးမယ်”

“ဒီနေ့ လူပဲသက်သက်သွားပြီး လေ့လာမယ့်သဘောပေါ့. . .”

“ဟုတ်တယ်ကိုကျော်. . တိုင်းတာမှုကို နောက်နေ့မှ လုပ်မယ်”

“ဦးစံဖ. . ဦးစံဖ”

အပြင်ဘက်ခြံဝမှ ခေါ်သံကြောင့် အားလုံးကြည့်လိုက်တော့ ရွာလူကြီးဦးမြသာတို့အဖွဲ့ ဖြစ်နေလေသည်။

“မြသာ ဝင်ခဲ့လေ. . ဘာကိစ္စများလဲ”

“ခင်ဗျားဆီကို အကြောင်းကိစ္စမရှိဘဲ မလာပါဘူးဗျာ ဟောဒီက ဧည့်သည်တွေကို ထမင်းစားလာပြီးဖိတ်တာပါ. . ခုကတည်းက ပြောထားမယ်နော်. . ကျုပ်ဖိတ်တာဧည့်သည် သုံးယောက်တည်းပဲ၊ ကျန်တဲ့လူတွေမပါဘူး. . .”

နတ်ဆိုးကို ရည်ရွယ်ပြီး ပြောလိုက်သည်ဟု သဘောပေါက်လိုက်သည်။

“ကောင်းပါပြီ လာခဲ့ပါ့မယ်. . အိမ်ရှင်ဘက်က ဖိတ်





ကြားမှုကို လေးစားတဲ့အနေနဲ့သာ လက်ခံလိုက်တာပါ ခွဲခြားပြီး ဖိတ်တဲ့အပေါ် မှာတော့ စိတ်မကောင်းပါဘူးသူကြီး ခုကတည်းက ကျွန်မဘက်ကပြောသင့်တာကို ပြောထားချင်တယ်. . .”

“ပြောနိုင်ပါတယ်. . .”

“နောက်တစ်ခါများ ဧည့်ခံဖို့စဉ်းစားထားရင် ကျွန်မတို့(၃)ယောက်တည်းကို ရွေးပြီးဖိတ်မယ်ဆိုရင်တော့ အားနာစွာနဲ့ ငြင်းရပါလိမ့်မယ် ဦးမြသာ”

နွေဦးဝတီစကားကြောင့် ဦးမြသာ မျက်နှာပျက်သွားပြီးဟန်ဆောင်ပြုံးလျက် ထွက်သွားတော့သည်။

“ကိုကျော်ရေ. . သွားကြရအောင် ဒီဂျစ်တယ်ကင်မရာလေး ယူခဲ့ဦး”

နွေဦးဝတီတို့(၄)ယောက် အပြင်သို့ထွက်လာရင်း. .

“ကိုနတ်ဆိုး. . .”

“ဘာများလဲ မနွေဦးဝတီ”

“သူကြီးက ရှင့်ကိုမုန်းနေသလိုပဲနော်”

“သေချာတာပေါ့ဗျာ. . .”



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ဘာတွေ ဖြစ်ခဲ့ဘူးလို့လဲ. . ."

"သူနဲ့ကျွန်တော့်ကြားမှာတော့ ဘာမှမဖြစ်ဖူးပါဘူး ဖြစ်ဖူးတာက မိဘတွေနဲ့ပဲဆိုရမှာပေါ့. . လူတစ်ယောက်ရဲ့ မကောင်းကြောင်းကို ကွယ်ရာမှာ မပြောချင်ဘူးဗျာ"

"ကျွန်မကို ကိုသာအောင်က နံ့သာရိုင်းရွာလူကြီးနဲ့ ပတ်သက်ပြီးတော့ ပြောသင့်သလောက် ပြောပြထားပါတယ် ရွာလူကြီးက နတ်တွေ၊ စုန်းတွေကိုသိပ်ပြီး ယုံကြည်တာဆို"

"သူ့ကို ပန်းဘီလူးကစောင့်ရှောက်တယ်ဆိုပြီး ပြော နေတာပဲ. . ကျွန်တော်ကတော့ ဒါတွေသိပ်မယုံတတ်ဘူး"

"ဘာလို့နတ်ဆိုးလို့ နာမည်ပေးရတာလဲ. . ရှင့်မိဘ တွေကပေးခဲ့တာလား"

"မဟုတ်ပါဘူး. . နံ့သာရိုင်းရွာကပေးခဲ့တဲ့ အမည်ပါ"

နတ်ဆိုး. . သူ၏ငယ်ငယ်က ဘဝဖြစ်စဉ်ကို ပြောပြ လိုက်သည်။

"ဟင်. . ဒါကတကယ်ဖြစ်ခဲ့တာလား"

နွေဦးဝတီမယုံနိုင်စရာ ကိစ္စတစ်ခုပင်. . .

"စိတ်ကူးယဉ်ဇာတ်လမ်းကလေး မဟုတ်ပါဘူးဗျာ"





"ရှင့်ကို ရွာက. . အရင်နတ်ဆိုးဆိုတာကို မသိဘူး ပေါ့. . ."

"မသိလို့ပေါ့ဗျာ. . သိရင်ဝိုင်းပြီးများ သတ်မလားပဲ"

"ဒါတော့. . သူတို့ထင်တိုင်းလုပ်လို့မရပါဘူး၊ ဥပဒေ ဆိုတာရှိတယ်. . ရှင့်ကိုတောထဲခေါ်သွားပြီး ခုပြန်ရောက်လာ တာပေါ့"

"မနွေဦးဝတီရေ. . သိပ်ပြီး နာကြည်းစရာကောင်းတဲ့ အတိတ်ကိုနောက်မှ ပြောပြတော့မယ်နော်"

"စိတ်ဝင်စားဖို့ကောင်းလို့ပါ. . ဆက်ဆက်ပြောပြ နော်"

"ဟုတ်ကဲ့. . ပြောပြပါ့မယ်"

ချောင်းကူးတံတားပျက်ကြီးနားသို့ ရောက်လာသဖြင့် စကားကိုဖြတ်ပြီး နွေဦးဝတီတံတားပျက်နားကို လျှောက်လာခဲ့ သည်။ ချောင်းအနေအထားကို သေချာစွာကြည့်ရှုလေ့လာမိ ၏။ ချောင်းရေမှာကျချိန်ဖြစ်သဖြင့် တံတားအောက်ရှိ သဲပြင် တွေပေါ်နေသည်။

"ဟိုဘက်ကမ်းကို ကူးကြရအောင်. . လှေရှာရနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မလား"

"ဟိုမှာ ကူးတို့ဆိပ်ရှိတယ်. . ဒီရွာကလူတွေ ဟိုဘ
ကမ်းကို ကူးတို့ဆိပ်က စက်လှေနဲ့ပဲ ကူးကြတာ"

တံတားကြီးပေါ်မှ အောက်ဖက်သို့ဆင်းလာပြီး
တို့ဆိပ်သို့ရောက်တော့ ကူးတို့ဆိပ်တွင် အရက်ဝိုင်းဖွဲ့
သောက်နေသော လူတစ်စုကိုတွေ့လိုက်သည်။ နတ်ဆို
ကူးတို့ဆိပ်မှ သူ့လှေကလေးကို ဆွဲပြီးယူလာစဉ်. . .

"ဟော့ကောင်. . နေဦး"

နတ်ဆိုးနှင့် ပထမဆုံးလက်ရည်စမ်းခဲ့ကြသည့်သူ
သူ့နောက်မှာ(၄)ယောက်. . လက်ထဲမှာတုတ်ကိုယ်စီနှင့် ရှိ
သည်။

"မင်းနေခိုင်းတိုင်း နေရအောင်. . မင်းကဘာမို့လ

"မင်းနဲ့စာရင်းရှင်းစရာ ရှိတယ်ကွ"

"မင်းစာရင်းရှင်းချင်ရင် သီးသန့်ရှင်း. . ခုဇည့်သ
တွေနဲ့. . ."

"ဘာဇည့်သည်မှမလိုဘူး. . ."

"ရှင်တို့ ဒါသက်သက် နှောင့်ယှက်တာလား"





"မင်းနဲ့မဆိုင်ဘူး မိန်းကလေး. . ဘေးကကြည့်နေ
လိုက်"

"မဆိုင်လို့မရဘူး. . သူက ကျွန်မခေါ်လာတဲ့သူ"

"ဘယ်သူခေါ်ခေါ်ကွာ. . ."

"ရှင်တို့ကို သက်ဆိုင်ရာနဲ့စကားပြောမယ်. . ဒါဟာ
ဝတ္တရားနှောင့်ယှက်မှုပဲ"

"ဟား. . ဟား, . ဟား မင်းက ခြိမ်းခြောက်တာလား
မကြောက်တတ်ဘူးဟေ့. . မင်းတို့ပါရောပါမသွားချင်ရင်တော့
ဘေးဖယ်နေ"

"နွေဦးဝတီနဲ့ ကိုကြီးကျော်တို့ ဘေးဖယ်ပေးလိုက်ပါ
ကဲ. . ရှင်းချင်တယ်ဆိုတဲ့ကောင်တွေ ဝင်လို့ရပါပြီ"

"ဝင်ပြီဟေ့"

"ကျား. . ယိ. . ဟေး. . ."

နတ်ဆိုး တုတ်သမားများ၏ တိုက်ခိုက်မှုကို ရှောင်
တိမ်းပြီး တစ်ယောက်ချင်းဟာကွက်ပေါ်မှာ တန်ပြန်လိုက်
တော့သည်။

"ဖြောင်း. . အီး. . အင့်. . အား"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း . . ဗွမ်း . . ."

ချောင်းထဲသို့ကျသည့်သူကျ . . . ကမ်းပေါ်တွင်မှောက်သူကမှောက်နှင့် နတ်ဆိုးကိုစိန်ခေါ်သည့် ဘဲချီးဆိုသောကောင်သာ ကျန်တော့သည်။

"ရော့ . . တုတ်"

နတ်ဆိုးက တုတ်ကိုလှမ်းပြီး ပေးလိုက်ကာ . . .

"ရိုက်လို့ရပြီ . . ."

"ကဲကွာ . . ရှီး"

"ဖြောင်း . . အား . . ကျိုး . . ကျိုးပါပြီ"

နတ်ဆိုး . . ဘဲချီးလက်ကို ဆုပ်ကိုင်ပြီး လိမ်ချိုးထားလိုက်သည်။

"ဟော့ကောင် . . ခုလွှတ်စမ်း"

"သူ . . သူကြီး . . ကယ်ပါဦး၊ ဒီကောင်သက်သက်ရန်စပြီးချတာပါ"

"ဘာကွ . . မင်းလူပါးဝလှချည်လား . . ဖမ်းကြစမ်းကွာ . . ."

"သူကြီး . . ."





"ဘာများလဲ မိန်းကလေး"

"သူကြီး တစ်ဖက်ကပြောတာနဲ့ ဖမ်းဖို့မလုပ်ပါနဲ့ . . ဒီလူတွေသူကြီးနဲ့ ဘယ်လိုပတ်သက်သလဲဆိုတာ ကျွန်မ,မသိဘူး ကျွန်မကတော့ သူတို့(၅)ယောက်လုံးကို တာဝန်ဝတ္တရားနှောင့်ယှက်မှု၊ ရန်ပြုမှုနဲ့အထက်ကို တိုင်ရမယ်"

"ဟာ . . မိန်း . . မိန်းကလေး ဒီလိုမလုပ်ပါနဲ့ကွာ . . ဦးလေးရှင်း . . ရှင်းပေးပါ့မယ်"

"ခုကိစ္စက သူကြီးရှင်းလို့မရဘူး . . ကျုပ်တို့ဒီကိုလာတာ နိုင်ငံတော်အကြီးအကဲတွေရဲ့ တောင်တန်းဒေသလမ်းပန်းဆက်သွယ်ရေး စီမံချက်ကြီးကို အကောင်အထည်ဖော်ဖို့ရောက်လာတာ . . လေ့လာရေးခရီးထွက်လာတာ မဟုတ်ဘူး . . ထိထိရောက်ရောက်အရေးယူရမယ်"

ကိုကြီးကျော်က စကားလုံးပြင်းပြင်းဖြင့် ပြောပစ်လိုက်သဖြင့် ဦးမြသာမျက်နှာတွင် သွေးမရှိတော့ပေ။ ဘဲချီးဆိုသောကောင်က ဦးမြသာအားကိုးရသည့် လူတစ်ယောက်မဟုတ်လား . . ထို့အပြင် ဦးမြသာမှာဘဲချီးအမေနှင့် ငြိစွန်းနေသူ။

"တူမကြီးရယ် . . ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ . ."



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ဒါမျိုးဖြစ်ခဲ့ရင် ဦးလေးကိုယ်တိုင် မြို့က အချုပ်ကို ပို့ပေးပါ့မယ်ကွယ်"

"ကောင်းပြီ . . ဦးလေးဘက်က တာဝန်ယူတယ်ဆိုရင်တော့ ပြန်ပြီးခေါ်သွားပါ . . နတ်ဆိုး ကျေနပ်ရဲ့လား"

"ကျွန်တော်က ခံရတဲ့သူမှမဟုတ်တာ . . မကျေနပ်စရာမရှိပါဘူး . . နတ်ဆိုးကို ကြိုက်တဲ့နေရာမှာ ထပ်ပြီးစမ်းသပ်လို့လည်းရတယ် သွားကြမယ်"

"အင်း . . ."

နတ်ဆိုးလှေကလေးပေါ်သို့ နွေဦးဝတီတို့ တက်ခဲ့ကြပြီး . . တစ်ဖက်ကမ်းသို့ လှော်ခတ်လာခဲ့ကြသည်။

"နံ့သာရိုင်းရွာမှာ ဦးမြသာ, သာ ဆက်ပြီး လူကြီးဖြစ်နေရင်တော့ . . ရွာအတွက်ရင်လေးစရာပဲ"

"ခက်တာက နံ့သာရိုင်းရွာကလူတွေကိုယ်တိုင် မြေခွေးကို သူတော်ကောင်းထင်နေတာပဲ"

"နတ်ဆိုး . . ."

"ဗျာ . . ကိုကြီးကျော်"

"ဒီလူကြီးက အတော့်ကိုချမ်းသာတယ်လို့ပြောတယ်"





"သူချမ်းသာတာက မတရားငွေတိုးတွေနဲ့ ရထားတဲ့ချမ်းသာမှုတစ်ခုပါ"

"သူ့မှာ ဆရာရှိတယ်ဆို . . ဘာဆရာလဲ"

"နတ်ဆရာကြီးလို့ပြောတာပဲ . . ဘာတွေစွမ်းသလဲတော့မသိဘူး . . ဦးမြသာက ဘုရားထက်တောင် ယုံကြည်နေတာပဲ"

"သူတင်ပဲလား နတ်ဆိုး . . ."

"ပြောရရင်တော့ တစ်ရွာလုံးနီးပါးလို့ဆိုရမယ် . . မပါတာဆိုလို့ ကျွန်တော်တို့ပဲရှိတာ"

"ယနေ့ခေတ်ကြီးမှာ ဒီအယူအဆတွေ ရှိနေတာဟာ မကောင်းဘူး . . ပြီးတော့ရိုးရာဓလေ့တစ်ခုဆိုရင် ထားလိုက်ပါတော့"

"ဒီလိုလူတွေရှိနေလို့ လိမ်ညာတဲ့သူတွေ အကွက်ကောင်းရနေတာပေါ့ဗျာ"

"ဝတီရေ . . ."

"ဘာများလဲ ကိုကျော်"

"ငါတို့တော့ တံတားဆောက်ဖို့လာရင်းနဲ့ နံ့သာရိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရွာကြီးကို စိတ်ဓာတ်ပိုင်းတွေ ပြုပြင်ဖို့ပါလုပ်ပေးရမယ့်ကိန်း ဆိုက်နေပြီ. . ."

"ကျွန်မကတော့ မဖြစ်မနေလုပ်သွားချင်တဲ့ကိစ္စတစ်ခု ရှိတယ်"

"ဘာများလဲ"

"ရွာသူကြီးဦးမြသာကို လူကြီးနေရာကနေ ဖယ်ရှား ချင်တာယ်. . ဒါမှရွာကိုပြောင်းလဲလို့ရမှာ"

"ဖယ်ရှားမယ်ဆိုရင် သူ့ရဲ့မှားကွက်ကိုသေသေချာချာ ဂုံစမ်းပြီး ဖော်ထုတ်ရင်သိပ်ပြီးပြုတ်တာပေါ့"

နတ်ဆိုးက လှေကိုလှော်ခတ်လျက် ဘာမှဝင်ပြော ခြင်းမပြုဘဲ နားထောင်နေလေသည်. . ကမ်းသို့ရောက်တော့ လှေကလေးကိုထားခဲ့ပြီး ကမ်းပေါ်သို့တက်ခဲ့ကြသည်။

"ဝတီ. . မင်းဘယ်လိုတွေးလဲ"

"တံတားတွေကို တောင်ကျရေတိုးပြီး ကျိုးကျရတဲ့ အားနည်းချက်ကိုတော့ တွေ့လိုက်ရပြီ"

"ဘယ်လိုအားနည်းချက်လဲ ဝတီ"

"အားနည်းချက်က. . တံတားစတင်ပြီး အခြေယူတဲ့





မြေအနေအထားပဲ. . ပြီးတော့တည်ဆောက်ရမယ့် တံတား ပုံစံပိုင်းကို လိုက်လျောညီထွေဖြစ်စေမယ့် ပုံစံမျိုးနဲ့တည် ဆောက်ရမယ်. . ."

"အချိန်တော့ ပေးရမယ့်ပုံပဲနော်"

"ဟုတ်တယ်ကိုကျော်. . တံတားကြီးကိုစတင်ပြီး မ ဆောက်ခင်မှာ အသေးစိတ်လေ့လာမှုတွေကို လုပ်ပြီးမှပုံကြမ်း ဆွဲရမှာလေ. . ဒီနေ့တော့ဒီလောက်ပဲ၊ နောက်နေ့မှလိုအပ်တဲ့ ပစ္စည်းတွေနဲ့လာကြတာပေါ့"

"တံတားနဲ့ပတ်သက်ပြီး အစီရင်ခံစာကို တင်ပြဖို့က ရော. . ဝတီဘယ်လိုစီစဉ်ထားလဲ"

"နောက်ထပ်(၃)ရက်လောက်ဆိုရင် ပထမလုပ်ငန်း စဉ်အစီရင်ခံစာကို ရုံးချုပ်ကိုပို့နိုင်မှာပါ"

နွေဦးဝတီတို့ တံတားပျက်ကြီးပေါ်မှ ပြန်ဆင်းလာပြီး အနောက်ဖက်တောင်တန်းကြီးကိုကြည့်ပြီး. . .

"ကိုနတ်ဆိုး. . ဟိုတောင်တန်းကြီးက ဘာတောင် တန်းလဲ"

"နဂါးငွေ့တောင်တန်းကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနတ်ဆိုးနေခဲ့ရတဲ့ တောင်တန်းကြီးပေါ့နော်"

"ကျွန်တော့်ဘဝတစ်လျှောက်လုံး နေခဲ့ရတဲ့တောင်တန်းကြီးဆိုရင် မမှားပါဘူးဗျာ"

"ကိုနတ်ဆိုးဘဝမှာ မိဘအရင်းကို မတွေ့လိုက်ဘူးပေါ့"

"အဖေနဲ့အမေဟာ ကျွန်တော့်ကြောင့် ကံဆိုးခဲ့တာလား. . ကံကြမ္မာရဲ့ရက်စက်မှုလားဆိုတာတော့ မပြောတတ်ပါဘူး. . မိဘဆိုတာ ဘာမှန်းတောင် မသိခဲ့ရပါဘူး"

"လူတွေရဲ့ အကောင်းအဆိုးတွေဟာ. . ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး. . သူတို့နဲ့အတူကပ်ပါလာတဲ့ ကံကြမ္မာအကြောင်းရင်းတစ်ခုကြောင့် ဖြစ်ပျက်ခဲ့ကြတာပါ. . လူ့လောကကြီးမှာ တိုက်ဆိုင်မှုတွေကို လူတွေအယူအဆမှားခဲ့လို့ ဆုံးရှုံးနစ်နာခြင်းတွေ ကြုံခဲ့ရတာ. . ကိုနတ်ဆိုးနဲ့နံ့သာရိုင်းရွာကြီးရဲ့တိုက်ဆိုင်မှုပေါ်မှာ လွဲမှားတဲ့အတွေးအခေါ်တွေက နေရာယူပြီး ဖြစ်ပျက်ခဲ့တာပါ"

"ငါကတော့ ခုလိုနတ်ဆိုးဘဝကို အမှောင်တိုက်သွင်းတဲ့တရားခံဟာ ဦးမြသာလို့ ပြောချင်တယ်"





"ကိုကျော်ကတော့ ကိုနတ်ဆိုးသွေးဆူအောင် လုပ်ပေးနေပြန်ပါပြီ"

"သွေးဆူအောင် လုပ်ပေးတာမဟုတ်ဘူး. . အမှန်တရားကိုပြောတာဝတီ. . ဒီလိုအသိဉာဏ်မရှိတဲ့လူကို ရွာလူကြီးတင်ထားမှတော့ကွာ ဒီရွာရဲ့အနာဂတ်တော့ ပျက်စီးပြီပေါ့. . ."

"ကျွန်မလေ. . ဦးမြသာကိုကြည့်ရတာ ကောက်ကျစ်စဉ်းလဲတဲ့မြေခွေးတစ်ကောင်လိုပဲ"

မြင့်မြင့်မွန်ကပါ ဝင်ပြီးပြောလေသည်။ နတ်ဆိုးဘဝကို ဦးမြသာရက်စက်ခဲ့သည်ကို နွေဦးဝတီတို့ မသိသေးချေ။

"ကိုနတ်ဆိုး. . ."

"ပြောလေ"

"နောက်နေ့ကျရင် ရေသွားပြီးမခပ်ပါနဲ့နော်"

"ဘာဖြစ်လို့လဲ"

"ရှင့်ကို အရမ်းအားနာလို့ပါ. . ."

"မနွေဦးဝတီ ကျွန်တော့်ကိုခင်ရင် အားနာတယ်ဆိုတဲ့စကားကို ဘယ်တော့မှမပြောပါနဲ့ဗျာ. . ကျွန်တော်စိတ်မ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြစ်မိမှာ သေချာပါတယ်"

"ကဲ. . ကဲ. . စိတ်မကောင်းတော့မဖြစ်ပါနဲ့ရှင်. . မနက်ဖြန်ကစပြီး မပြန်မချင်းခပ်ပေးပေတော့"

"ကျေးဇူးတင်ပါတယ်. . ."

"ဘယ့်နှယ့် ကျေးဇူးကတင်ရတာတုန်း"

"ကျွန်တော်ကလူတစ်မျိုး. . ကိုယ်လုပ်ပေးချင်တဲ့ လူ့အပေါ်မှာလုပ်ပေးနေရရင် အရမ်းကိုစိတ်ထဲချမ်းမြေ့တတ်လို့ပါ"

"ဖြစ်မှဖြစ်ရလေရှင်. . ."

အရိုင်းစကားလေးဆိုပေမယ့် နွေဦးဝတီအတွက်. . အမှတ်ရဆုံးစကားကလေးပင် ဖြစ်နေတော့သည်။

BURMESE CLASSIC .com

အခန်း ◀ ၁၀ ▶

"ဒီတံတားကြီး တည်ဆောက်လို့ မဖြစ်ဘူး. . ."

"ဗျာ. . ."

"ဟင်. . ."

ဆရာကြီးဦးရှဒ္ဒ၏ စကားကြောင့် ဦးမြသာတို့အားလုံး နားမလည် နိုင်အောင် ဖြစ်သွားသည်။ တံတားကြီး၏ တစ်ဖက်ကမ်းမှာ သူတို့ဒုစရိုက်လုပ်ငန်းတွေကို လုပ်ကိုင်နေကြသည်မှာ. . မှန်ပေမယ့် တံတားကြီးကြောင့် အကြီးမားဆုံး ထိခိုက်နိုင်မည်လို့တော့ မထင်ထားခဲ့ကြပေ. . .။

"ဒီတံတားကြီး ပြီးသွားရင် နောက်ဆက်တွဲဘာတွေ ဖြစ်လာမယ်ဆိုတာ မင်းတို့သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး . . ဆရာကြီး"

"အေး . . ဒီတံတားကြီးသာ အောင်အောင်မြင်မြ
ဖြစ်သွားရင် အစိုးရက အခြေစိုက်သစ်တောကြိုးဝိုင်းတွေ
မဖြစ်မနေလုပ်တော့မှာ ဘာကြောင့်လဲဆိုတော့ . . တောကြ
နဲ့ တောင်ကြောကြားမှာ ကျွန်းသစ်တွေက ပေါများနေတယ
ဒါတွေကို ထိန်းသိမ်းမှာကွ"

"ကျွန်းသစ်တွေကို ထိန်းသိမ်းတာပဲ ဆရာကြီးရယ
ကျွန်တော်တို့ လုပ်ကိုင်နေတဲ့ အလုပ်ကိုဘာများ ထိခိုက်လို့လဲ

"မြသာ . . မင်းဟာ ရွာလူကြီးဖြစ်ပြီး၊ ဘာမှခေါင်းမ
တဲ့ကောင် သစ်တောကြိုးဝိုင်း လုပ်မှတော့ သစ်တောကြိုးဝိုင်
ထဲမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက စခန်းလုပ်တော့မှာ
ပေါ့၊ နားလည်ရဲ့လား . . ငတုံးရဲ့"

အစိုးရအာဏာပိုင်တွေ ခြေကုပ်ယူပြီဆိုရင်တော့ . .
ဦးမြသာတို့ ဓားပြတိုက်လုယက် စသောလုပ်ရပ်တို့မှာ ဘယ်
လိုမှ မဖြစ်နိုင်တော့ပေ။ ထို့အပြင် ကျွန်းသစ်တွေကို တစ်ဖက်
မှောင်ခိုသမားတွေဆီ ခိုးထုတ်သည့်စီးပွားရေးကိုပါ ထိပါးလာ
နိုင်သည်မှာ သေချာသည်။





"ငါပြောတာ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် . . ဆရာကြီး၊ ဘယ်လိုလုပ်ကြမလဲ
အစိုးရက တံတားကြီးကို မဖြစ်မနေဆောက်တော့မှာ . .
ခုတောင် အဆင့်မြင့်တံတားဆောက် အင်ဂျင်နီယာတောင်
ရောက်နေပြီ"

"ငါအားလုံးသိပြီးပြီ . . ရောက်နေတဲ့ အင်ဂျင်နီယာက
သိပ်လှတဲ့ မိန်းကလေးတစ်ဦးဆို"

"ဟုတ်ပါတယ်"

မိန်းမနှင့် ပတ်သက်လာရင် ဦးရွှေဘဝင်တို့က အလွတ်
မပေးတတ် . .

"မိန်းကလေးဆိုတော့ ရှင်းရတာ လွယ်တာပေါ့ကွာ"

"ဗျာ . . ရှင်းရမယ်ဟုတ်လား ဆရာကြီး"

"ဟုတ်တယ် . . တံတားကြီးကို စပြီးတော့အကောင်
အထည်မဖော်ခင် ရှင်းရမယ် . . ဒါမှ နောက်တွန့်သွားမှာ"

"ဆရာကြီး မလွယ်ဘူးထင်တယ်"

"ဘာလို့ မလွယ်ရတာလဲ ပြောစမ်း"

"ဒီမိန်းကလေးဘေးမှာ ရှိတဲ့ကောင်က အစွမ်းထက်



www.burmeseclassic.com

www.burmeseclassic.com



တယ်. . ."

"နတ်ဆိုးဆိုတဲ့ ကောင်လား. . ."

"သိပ်ဟုတ်တာပေါ့ ဆရာကြီး"

"လူတစ်ယောက်ကို လက်နက်ကိုင်ထားတဲ့ လူအများကြီးက မရှင်းနိုင်ဘူးဆိုတာ ရာဇဝင်ရိုင်းတယ်. . ရအောင်ရှင်း၊ ခု သူတို့ တံတားပျက်ကြီးကို လေ့လာနေတဲ့အချိန်ဟာ နကွတ်ကျတယ်. . သိပ်ကိုကောင်းတဲ့ အချိန်ပဲပေါ့၊ နောက်ဆိုရင် အစိုးရ ဆောက်လုပ်ရေးအဖွဲ့တွေပါ ရောက်လာရင်. . ဘယ်လိုမှ မလွယ်တော့ဘူးနော်"

"ကျွဲကြီး. . ."

"ပြောပါ. . ဆရာမြသာ"

"မင်း. . ဒီကိစ္စကို တာဝန်ယူပေတော့"

"ယူရမှာပေါ့ဗျာ. . ကျွန်တော့်ညီ ကျားဆိုးကို ထောင်ထဲပို့ထားတဲ့ကောင်ကို ဆုံးမချင်တာ ကြာပြီ၊ ခုတော့ ပွဲကြီးပွဲကောင်းပေါ့"

"ကျွဲကြီး. . မင်းသေနတ်ကို သိပ်ပြီးအားမကိုးနဲ့ ကြားလား"





"ဟုတ်ကဲ့ပါ ဆရာကြီး"

"မြသာ. . မင်း မိယုကိစ္စကို ဘယ်လိုရှင်းလိုက်လဲ"

"သူ့ကို ငွေတစ်သောင်းပေးပြီး အပြတ်လုပ်နိုင်းလိုက်ပါပြီ. . ."

"စိတ်ချရရဲ့လား. . ."

"မြသာလုပ်ရင်. . မပီပြင်တာ တစ်ခုမှမရှိပါဘူး ဆရာကြီး"

"ဒါဆို ပြီးရောပေ့. . ရော့ ကျွဲကြီး မင်း. . ငါစီမံထားတဲ့ခါးမြောင်ယူသွား ဟိုကောင်နတ်ဆိုးကို ရှင်းဖို့. . ကောင်မလေးကို မရှင်းခင်. . ငါ့ဆီမှာ တစ်ညလောက်ပို့ထားစမ်း. . ."

"တပည့် ကြိုးစားပေးပါ့မယ်"

"ဆရာမြသာ. . ဆရာမြသာ"

"ဟင်. . ."

အပြင်မှ အောင်ကြီးအပြေးကလေး ရောက်လာကာ ခေါ်လိုက်ခြင်းဖြစ်၏။

"အောင်ကြီး ဘာဖြစ်လာတာလဲကွ. . မင်းပုံစံကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရတာ ကမ္ဘာပျက်တော့မယ့် ပုံစံနဲ့ကွာ"

"ကမ္ဘာပျက်သလိုပဲ ဆရာမြသာရေ. . ."

"ပြောစမ်းကွာ. . စကားကို ပလ္လင်ခံမနေနဲ့"

"ဟို မိ. . မိယု လက်သည် ဒေါ်ဂွမ်းပုံအိမ်မှာ ကလေး

ဖျက်ချရင်း သွေးလွန်ပြီး သေသွားပြီ"

"ဘာ. . ."

"ဟင်"

"မောင်ချင်းတောင် မြို့ကရဲတပ်ဖွဲ့ကို အကြောင်း

ကြားဖို့ လုပ်နေပြီ. . ."

"မြသာ. . မင်း အမြန်လိုက်သွားပြီး လုပ်စရာရှိတာ

သွားပြီး လုပ်စမ်း"

"ဆရာမြသာ လက်ဦးအောင်လုပ်နော်. . ကျွန်တော်

သတင်းတစ်ခု ကြားထားတယ်"

"ဘာသတင်းလဲ. . ."

"မိယုက ဒေါ်ဂွမ်းပုံကို သူ့ရဲ့နောက်ဆုံးစာကို ရေးပြီ

ပေးထားခဲ့တယ်လို့ ကြားတယ်. . ."

"ဟာ. . ."





ဦးမြသာတို့အတွက် ပြဿနာမီးလျှံကြီး တစ်ခုစတင်

လောင်ပြီလားပင် မှတ်ရတော့သည်။

"မဖြစ်ဘူး. . ခုလိုက်သွားမယ်"

ဦးမြသာသည် မိယုသေဆုံးသွားသော ဒေါ်ဂွမ်းပုံ

အိမ်သို့ ခပ်သုတ်သုတ်လေး ထွက်လာခဲ့တော့သည်။

ဒေါ်ဂွမ်းပုံအိမ်သို့ရောက်တော့ ရွာသူရွာသားတော်

တော်များများ ရောက်နေသောကြောင့်. . .

"သွားကြစမ်း. . ကိုယ်နဲ့မဆိုင်ဘဲ ဘာလာလုပ်နေ

တာလဲ သွား. . . သွား"

ဦးမြသာ အားလုံးကို မောင်းထုတ်လိုက်ပေမယ့်. .

မောင်ချင်းကတော့ ထွက်မသွား။

"မင်းလည်း သွားလေ"

"မြသာ. . ဒါ ငါ့ခယ်မကွ၊ ပြီးတော့ သွေးရိုးသားရိုး

သေတာ မဟုတ်ဘူး. . လူသတ်မှုတောင် တစ်သက်မဟုတ်

ဘူး. . နှစ်သက်ကို သတ်ထားတာ"

"ငါ ရှင်းပေးမယ်. . ကျွဲကြီး၊ ဒေါ်ဂွမ်းပုံကို ခေါ်ခဲ့၊

ပြီးရင် မြို့ဂါတ်ကို သွားပြီးအကြောင်းကြားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီး အကြောင်းကြားစရာ မလိုဘူး. . မကြာခင်
ရောက်လာတော့မှာပါ. . ဖုန်းဆက်ထားတယ်"

"ဟင်. . ."

မောင်ချင်းက ဦးမြသာထက် ခြေလှမ်းက သွက်နေ
၏။

"မင်း. . ဘာလို့ ငါ့ကို မစောင့်ဘဲလုပ်ရတာလဲ၊ ငါက
လူကြီးကွ. . မင်းတို့ဆရာတပည့်နှစ်ယောက် စည်းကျော်
ဘောင်ကျော်လုပ်တာ များပြီ"

"ခင်ဗျားကို အသိပေးလည်း ဘာမှလုပ်နိုင်တာမဟုတ်
လို့ အသိမပေးတာပဲ"

"မောင်ချင်း. . မင်းကွာ၊ ဒေါ်ဂွမ်းပုံကိုခေါ်ခဲ့ကြကွာ
ဂါတ်က လာမှထည့်ပေးလိုက်မယ်"

မောင်ချင်းနှင့် စကားဆက်ပြီး များလို့မရ. . ဒေါ်ဂွမ်းပုံ
ဆီက မိယု၏နောက်ဆုံးစာက သိပ်ကိုအရေးကြီးနေလေပြီ၊
မောင်ချင်းကတော့ မိယုသေဆုံးရခြင်းပေါ်မှာ ဦးမြသာနှင့်
ဦးရှုဒ္ဒတို့ကို စိတ်ထဲမှာသံသယဖြစ်နေသည်မှာ အမှန်ပင်ဖြစ်၏။

ဦးမြသာ ဒေါ်ဂွမ်းပုံကို အိမ်သို့ခေါ်ဆောင်လာပြီး





နောက်. . .

"ဒေါ်ဂွမ်းပုံ. . ခင်ဗျား၊ ခု ဖြစ်သွားတဲ့အမှုကို သဘော
ပေါက်တယ်နော်. . လူသတ်မှု"

"ကျွန်မ အလုပ်က လက်သည်အလုပ်. . တမင် သေ
စေလိုတဲ့သဘောနဲ့ လုပ်တာမှမဟုတ်တာဘဲ၊ ကိုယ့်ဝင်္ခကြွေး
ပါလာလို့ ခံရတယ်လို့ မှတ်ရမှာပဲ"

ဒေါ်ဂွမ်းပုံ မျက်နှာပေါ်တွင် သူမရင်ဆိုင်ရမည့် အမှု
အတွက် သိပ်ပြီးတုန်လှုပ်နေသော အမူအရာကို မတွေ့ရ
ပေ. . .

"ခင်ဗျားကို ကျုပ်ကယ်နိုင်တယ်"

"သူကြီး. . ကျွန်မအမှုကို သူကြီးကယ်လို့မရတော့ပါ
ဘူး. . လက်သိပ်ထိုးပြီး ဖြေရှင်းလို့ရတဲ့ အမှုမှမဟုတ်တာ. .
ကျွန်မဘက်က မလုပ်ပေးပါရစေနဲ့လို့ အတန်တန်ပြောတာကို
မိယုက အတင်းလုပ်ခိုင်းခဲ့တာပါ. . သူ့ကြမ္မာ သူဖန်တီးဖို့
အချိန်က ကျလာတာ"

"ဒေါ်ဂွမ်းပုံ. . ခင်ဗျားကို ကျုပ်ရှင်းရှင်းပဲမေးမယ်. .
မိယုခင်ဗျားကို စာတစ်စောင်ရေးပေးခဲ့တယ်ဆို ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကရ..သူက ဘာကိစ္စနဲ့ စာကိုရေးပေးခဲ့ မှာလဲ..ဘာမှ မရေးခဲ့ပါဘူး"

"ခင်ဗျား..မညာနဲ့နော်၊ ကျုပ်သေသေချာချာကို သိပြီးပြီ"

"သူကြီးသိတာ..သတင်းမှားကြီး ဖြစ်မှာပါ"

"ခင်ဗျားအတွက် ကျုပ်အကောင်းဆုံးဖြစ်အောင် တာ ဝန်ယူတယ်..မိယုစာ ထားခဲ့တာကို ပေးပါ"

"သူကြီးကတော့ ခက်နေပြီ၊ ကျုပ်ဆီမှာ ဘာမှမရှိဘူး"

ဒေါ်ငွမ်းပုံဘက်မှ အေးအေးဆေးဆေးပြောနေသော ကြောင့် ဦးမြသာ အခက်ကြုံနေသည်။

"ဆရာမြသာ..ဒီမိန်းမကြီးကို ခပ်ပျော့ပျော့ဆက်ဆံ လို့ မရဘူးနော်"

"ဟုတ်တယ်..ဆရာမြသာ ရဲတွေမရောက်ခင် စာ ကိုရမှဖြစ်မယ်"

"ဘာလဲ..နင်တို့က ငါ့ကိုနှိပ်စက်ပြီး စာကိုမေးမယ် ပေါ့၊ လုပ်ကြည့်လိုက်လေ ရဲတွေရောက်လာရင် အားလုံးကို ပြောပြလိုက်ရုံပဲ"





"ကျွဲကြီးနဲ့ အောင်ကြီး မင်းတို့ပါးစပ်တွေ ပိတ်ထား စမ်းကွာ..ကျုပ်တောင်းပန်ပါတယ် ဒေါ်ငွမ်းပုံ၊ ကျုပ်တပည့် တွေက စကားမပြောတတ်ကြတာပါ..ဒီလိုလုပ်ဗျာ ခင်ဗျား တစ်ခုခုဖြစ်သွားရင်တောင် ခင်ဗျားသမီးလေးဥမ္မာ့အတွက် ကျုပ်ငွေ(၃)သိန်းပေးမယ် ဘယ်လိုလဲ"

"သူကြီးက ခက်နေပါပြီ၊ ရှင့်ကို ကျွန်မက ညာပြော နေတယ်လို့ ထင်နေတာကိုး မိယုဘာစာမှ ရေးမထားခဲ့ပါဘူး"

"အင်းလေ..ခင်ဗျား ခေါင်းမာနေရင် ရတယ်၊ ကျန် ခဲ့မယ့် ဥမ္မာလေးရဲ့နောင်ရေးကို ခင်ဗျားထည့်ပြီး မတွက်စေတ် ဘူးပေါ့..."

"ကျွန်မက စိတ်ကို ဒုံးဒုံးချထားပြီးပါပြီ သူကြီး..." လေးအတွက် သူ့အဒေါ်တွေ သူ့ဦးလေးတွေက မောင်ရိုက်ပြီး ကြမှာပါ"

"တောက်..ခင်ဗျား...ဗျာ"

ဦးမြသာ ဘာမှမတတ်နိုင်တော့ပေ၊ရာတွေကို ပွနေ သူဘယ်လိုမှ စည်းရုံးလို့မရတော့သည်ကို နှုတ်ပိတ်ဖို့အကြံခေါင်းထဲသို့ ရောက်လာပြီကောင်မှ သတ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးကို အိမ်နောက်ဘက်သို့ ခေါ်ပြီး. . .

"ကျွဲကြီး. . ဘယ်လိုရှင်းမလဲ"

"သူ့ကိုယ်သူ သတ်သေတဲ့ပုံစံမျိုးနဲ့ ရှင်းရမှာပဲဆရာ မြသာ. . ."

"သူ့ကိုယ်သူ သတ်သေတာတော့ ဟုတ်ပြီ၊ ဘယ်ပုံစံ နဲ့သတ်သေတဲ့ပုံစံ လုပ်မလဲ. . ."

"လွယ်လွယ်လေးပါ. . တိုင်နဲ့ခေါင်းနဲ့ ဆောင့်တိုက် ပြီး သူ့ကိုယ်သူ သတ်သေတယ်ဆိုပြီး ပြောလိုက်ရုံပေါ့"

"အေး. . ကောင်းတယ်"

ဒေါ်ငွမ်းပုံကို ခေါ်ထားသည့်နေရာဆီသို့ ပြန်လာပြီး ကြောင်ကြီးက ဒေါ်ငွမ်းပုံဆီသို့ လိုက်သွားဖို့ ပြင်ဆင်ချိန်

လို့ မရဘူး—မြသာ. . ဦးမြသာ"

"ဟုတ်. . ."

ကိုရမှဖြစ်မယ်

ချင်းနှင့် ပြည်သူ့စစ် ခေါင်းဆောင်. . .

"ဘာ

ကို့ ရောက်လာကြသည်။ တိုက်မောင်းက

ပေါ့၊ လုပ်ကြည့်း မဟုတ်ပေမယ့် ရွာ(၅)ရွာ၏ပြည်သူ့စစ်

ပြောပြလိုက်





ခေါင်းဆောင် ဖြစ်သည်။ နေထိုင်သည်မှာ နံ့သာရိုင်းရွာ၏ အနောက်ဘက်ရွာတွင်ဖြစ်သည်။

"ဘာကိစ္စလဲ. . ကိုတိုက်မောင်း"

"ခင်ဗျား. . တပည့် ငပေါအလောင်းကို တောင်ခြေ ချောင်းရိုးမှာ တွေ့လို့လာပြီးသတင်းပို့တာ ပြီးတော့. . တာဝန်ရှိသူတွေပါ၊ လာပြီးစောင့်နေတယ်"

"ဟင်. . ."

ဦးမြသာ. . ဒေါ်ငွမ်းပုံကို လုပ်ကြံရန် အကြံအစည်ကို ပါ်လက်လျှော့လိုက်ရပြီး. . ကျွဲကြီးနှင့် အောင်ကြီးတို့သတ် ခဲ့သော ငပေါကိစ္စကပါ ပေါ်လာပြီဖြစ်သည်။

"ဒီကောင် ရေနစ်သေတယ်လို့ ကြားတယ်. . ."

"ရေနစ်သေတာ မဟုတ်ဘူး. . သေအောင်ရိုက်ပြီး ချောင်းထဲကို ပစ်ချထားတာ"

"ဟာဗျာ. . ဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့. . ခေါင်းမှာ ဒဏ်ရာတွေကို ပွနေ တာပဲ"

"တောက် မိုက်ရိုင်းလိုက်တာ. . ကျုပ်ကောင်မှ သတ်



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ ကျုပ်ကိုမကျေနပ်တဲ့လူတွေပဲ လုပ်မှာပေါ့ဗျာ"

"ဒါကတော့ အချိန်တန်ရင်ပေါ်လာမှာပေါ့ဗျာ. . ဟော ကားသံကြားတယ် လာကြပြီနဲ့တူကယ်"

ဦးမြသာအိမ်ရှေ့တွင် ရဲတပ်ဖွဲ့ဝင်ကား ထိုးရပ်ပြီး. . မြို့နယ်စခန်းမှူးတို့ ဆင်းလာခဲ့ကြသည်။

"ကိုတိုက်မောင်း ရောက်နေတာကိုး"

"ဟုတ်တယ်. . စခန်းမှူးကြီး ချောင်းထဲမှာ လူသေအလောင်းတစ်လောင်းကိုတွေ့လို့ လာပြီးစောင့်နေတာ. . ."

"သေတဲ့သူရော သိခဲ့ပြီလား"

"ဦးမြသာရဲ့တပည့်တစ်ယောက်. . ငပေါ်တဲ့"

"ငပေါ်. . ဟုတ်လား"

"ဟုတ်တယ်. . စခန်းမှူး"

"ကောင်းပြီ. . ပြီးရင် သွားစစ်ဆေးတာပေါ့. . ဪ ဦးမြသာ"

"ပြောပါ. . စခန်းမှူးကြီး"

"ခင်ဗျား. . ရွာအနီးအနားမှာ ဓားပြတိုက်မှုတွေ သစ်ခိုးမှုတွေက မကြာခဏဖြစ်နေတယ်နော်"





"ကျွန်တော်လည်း အတတ်နိုင်ဆုံးဖော်ထုတ်နိုင်ဖို့ ကြိုးစားနေပါတယ်. . ."

"ရဲဘော်. . ဒီက ဒေါ်ဝွမ်းပုံကို ကားပေါ်ခေါ်သွားကွာ"

"ဟုတ်ကဲ့. . ."

ဒေါ်ဝွမ်းပုံ လိုက်သွားပြီး မောင်ချင်းနွားသို့ ကပ်ကာ စကားပြောနေသည်ကို ဦးမြသာတွေ့လိုက်ရသည်။

"သူကြီး. . အသတ်ခံရတဲ့ အလောင်းဆီကို လိုက်ခဲ့ပါဦး"

"ဟုတ်ကဲ့. . လိုက်ခဲ့ပါ့မယ်"

ဦးမြသာတို့ (၃)ယောက် နောက်ကနေခပ်ခွာခွာ လိုက်ခဲ့သလို. . စခန်းမှူးနှင့် ကိုတိုက်မောင်းတို့က နယ်မြေလုံခြုံရေးကိစ္စတွေကို ပြောဆိုပြီးသွားနေကြသည်။

"ကျွဲကြီးနဲ့ အောင်ကြီး"

"ဗျာ. . ဆရာမြသာ"

"မင်းတို့ ပြောတော့. . ငပေါ်ကိစ္စကို ဘယ်သူမှမသိနိုင်ဘူး လုံးလုံးအစဖျောက်ပစ်လိုက်ပြီဆိုကွ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ကျွဲကြီးကြောင့် . . မြေမြုပ်မယ်ဆိုတာကို ချောင်းထဲဆွဲပြီး ပစ်ချခဲ့တာ. . ."

"ဆရာမြသာရယ် . . . ဘယ်သူသတ်တယ်ဆိုတာ ဘယ်လိုမှ မသိနိုင်ပါဘူး။ စိတ်ချစမ်းပါ"

"ဟူး . . အမှုတွေက တစ်ခါတည်းစုပြီး ရောက်လာတော့တာပဲ"

"ဆရာမြသာ . . ဟိုကောင်မောင်ချင်းကို လွှတ်ထားလို့မရတော့ဘူးနော်၊ ဒီကောင့်ကို ဒေါ်ဂွမ်းပုံတစ်ခုခုပြောသွားပုံရတယ်"

"မထူးပါဘူးကွာ . . ရှင်းသင့်တာတွေကို ရှင်းရတော့မှာပဲ. . ."

ဦးမြသာ မိုက်တွင်းနက်သည်ထက် နက်လာလေပြီ။



## အခန်း ◀ ၁၁ ▶

တံတားပျက်ကြီး၏ အောက်တွင် နွေဦးဝတီ၊ ကိုကြီးကျော်နှင့် မြင့်မြင့်မွန်တို့ တိုင်းတာမှုတွေပြုလုပ်နေသလို နတ်ဆိုးက နွေဦးဝတီနှင့်သိပ်ပြီးမဝေးသောနေရာတွင် ထိုင်ပြီးကြည့်နေလေသည်။ နွေဦးဝတီအတွက် အခုဆောက်မယ့် တံတားကြီးဟာ အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ် ဖြစ်နေလေပြီ။ တံတားကြီးတည်ဆောက်ရမည့် မြေအနေအထားက မလွယ်လှသောမြေ ဖြစ်နေခြင်းကြောင့်ပင် . . .

"ဟူး . . ."

နွေဦးဝတီ နဖူးမှချွေးစလေးတွေကို လက်ကလေးနှင့် သပ်ပြီး အောက်ခြေကိုတိုင်းတာရေးစက်ဖြင့် သေသေချာချာ တိုင်းတာနေစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ."

"မနွေဦးဝတီ"

"ဝုန်း. . ."

"အမေ့"

အပေါ်တံတားကျိုးမှ သစ်သားတိုင်ကြီး ပြုတ်ကျလာသဖြင့် နတ်ဆိုးပြေးပြီးဖက်ကာ တစ်ဖက်သို့လှဲချလိုက်သည်။

"ဒုတ်. . အ. . ."

နတ်ဆိုးခေါင်းနှင့် အောက်မှကျောက်ခဲနှင့် ဆောင့်မိသွားတော့၏။

"မနွေဦးဝတီ. . ဘာမှမဖြစ်ဘူးနော်"

"ကျွန်မ ဘာမှမဖြစ်ပါဘူး. . ရှင့်ခေါင်းမှာ သွေးတွေ"

နတ်ဆိုး သွေးစလေးတွေကို လက်နှင့်သုတ်ပြီး. . .

"နည်းနည်းလေးပါ. . ကျောက်ခဲပိုင်းနဲ့ ဆောင့်မိသွားတာပါ. . ."

"ရော့. . သွေးတွေကိုသုတ်လိုက်"

"ဟာ. . နှမြောစရာကြီး မနွေဦးဝတီရယ်. . လက်ကိုင်ပဝါလေးက ဖြူဖြူဖွေးဖွေးလေး. . နေပါစေ"





"သုတ်ဆို. . သုတ်လိုက်နော်"

နွေဦးဝတီ ကရုဏာဒေါသသံလေးနှင့် ပြောလိုက်တော့မှ နတ်ဆိုးသူ့ခေါင်းကသွေးတွေကို သုတ်လိုက်တော့သည်။

"တော်ပါသေးရဲ့ကွာ နတ်ဆိုးမြန်လို့. . နို့မို့ဆိုရင် မတွေးဝံ့စရာပဲဝတီ"

ကိုကြီးကျော် ပြုတ်ကျလာသည့် သစ်ချောင်းကြီးကို ကြည့်ပြီးပြောလိုက်သည်။

"ဘယ်လိုနေသေးလဲ နတ်ဆိုး"

"ဘာမှမဖြစ်လောက်ပါဘူး. . မနွေဦးဝတီ၊ ဒါမတော်တဆပြုတ်ကျတာမဟုတ်ဘူး"

"ဟင်. . ."

"လုပ်ကြံတာ. . ကျွန်တော်လူတစ်ယောက်ကို ရိပ်ခနဲတွေ့လိုက်ရတယ်"

နွေဦးဝတီတံတားပေါ်ကို မော့ကြည့်ပြီး. . .

"သူတို့ ဒါဘာရည်ရွယ်ချက်လဲ. . တံတားကြီးကို မဆောက်ဖြစ်အောင် လုပ်တာလား. . ကျွန်မကိုပုဂ္ဂိုလ်ရေး လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြံတာလား. . ."

"အဖြေတော့ရှာရမယ်နတ်ဆိုး. . သွားကြရအောင် အိမ်ရောက်ရင် ဆေးလည်းသောက်ရမယ်"

"ဒီလောက်ကြီးမလိုအပ်ပါဘူး. . မနွေဦးဝတီရယ်၊ ကုက္ကိုရွက်ညှစ်ပြီးထည့်ရင်တောင် ပျောက်ပါတယ်"

"ဘာစကားမှအပိုမပြောနဲ့ နတ်ဆိုး. . လုပ်ပေးတာကိုပဲခံရမယ်"

နွေဦးဝတီဆီမှ အမိန့်တစ်ခုလိုစကားကို နတ်ဆိုးမငြင်းနိုင်သူတစ်ဦး. . ချောင်းကမ်းပေါ်သို့ ရောက်သည်နှင့်. . .

"ဟင်. . ."

"ဟယ်"

မျက်နှာတွင် ပုဆိုးစည်းထားပြီး ရုပ်ဖျက်ထားသည့် လူ(၅)ယောက်. . လက်ထဲမှာဓါးရှည်နှင့် လှံတွေကို ကိုင်ဆောင်ထားသည်။

"မင်းတို့ ဒါဘာသဘောလဲ"

"ဘာသဘောရမလဲ. . မင်းတို့ကိုရှင်းမလို့"

"ရှင်တို့ ရဲတင်းလှချည်လား"





"ကြာတယ်ဟေ့. . ."

"ကိုကျော်. . မနွေဦးဝတီကိုခေါ်ပြီးထွက်၊ ကျွန်တော်ခုခံထားမယ်"

"နတ်ဆိုး"

"ကျွန်တော့်အတွက် ဘာမှမပူနဲ့. . လွတ်အောင်သာထွက်ကြပါ"

နတ်ဆိုး နွေဦးဝတီတို့(၃)ယောက် ရှေ့တွင်ရပ်ကာ ကောက်ယူလာသော ဝါးဆစ်ပိုင်းလေးကို ဆုပ်ကိုင်လိုက်သည်။

"ကျား. . ."

ဓါးသမား(၃)ယောက်က အရင်ဝင်ပြီးပိုင်းသဖြင့်. . နတ်ဆိုး. . နွေဦးဝတီတို့ ထွက်ပေါက်ကိုရအောင် အရဲစွန့်ပြီး တိုးဝင်တိုက်ခိုက်ရသည်။

"ဖြောင်း. . ရှီး. . ဒုတ်. . အင့်"

"ကိုကျော်. . ထွက်တော့"

ရွာဘက်သို့ ထွက်ပြေးလို့ရသည့် လမ်းကြောင်းပွင့်သွားသည်နှင့် ကိုကြီးကျော်နွေဦးနှင့် မြင့်မြင့်မွန်တို့ကိုဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်သွားတော့သည်။

"မလွတ်စေနဲ့. . လိုက်ကြစမ်း"

နွေဦးဝတီတို့နောက်သို့လိုက်ရန် ကြိုးစားသော လှံသ

မားကိုနတ်ဆိုးခုန်ပြီး တားဆီးလိုက်ချိန်တွင်. . .

"ဒုတ်. . အီး"

နတ်ဆိုးပခုံးကို လှံက စိုက်ဝင်သွားသည်။

"ကဲကွာ. . ."

"ဖြောင်း. . အား. . ."

နတ်ဆိုးခန္ဓာကိုယ်ထဲမှရှိသော အားအင်တွေကို ညှ

ထုတ်ပြီးလှံသမားကို ရိုက်ချလိုက်တော့သည်။

"ဟာ. . ."

"ဟင်. . ."

"ဘီ. . ဘီလူးစီးနေပြီ"

နတ်ဆိုးကိုကြည့်ပြီး ကျန်သည့်ကောင်တွေ သွေးပျက်

သလိုဖြစ်သွားတော့သည်။ နတ်ဆိုး၏ခေါင်းဒဏ်ရာမှ သွေ

တွေက ပါးစပ်ဆီသို့စီးကျနေသည်ကို ထွေးမပစ်ဘဲမျိုချလျက်

တိုက်ခိုက်နေသည့်ပုံစံမှာ ကြောက်မက်ဖွယ်ကောင်းနေလေ





"ကဲကွာ. . ဖြောင်း. . အား. . ."

နတ်ဆိုး လူသတ်ရန်ကြံစည်သူ(၅)ယောက်ကို အတင်းဖိပြီး တိုက်ခိုက်နေသည်ကို တစ်ဖက်မှ လူတွေပိုပြီးသွေးပျက်ကာ. . .

"ပြေး. . ပြေး. . ပြေး. . ဒီကောင်က လူမဟုတ်ဘူး နတ်မိစ္ဆာ. . နတ်မိစ္ဆာ"

ရန်သူ(၅)ယောက်ထဲမှ နှစ်ယောက်မှာမြေပြင်တွင် သွေးသံရဲရဲနှင့် ကျန်ရစ်ခဲ့ပြီး (၃)ယောက်ကတော့ သုတ်ခြေတင်ပြီးပြေးလေတော့သည်။ နတ်ဆိုးမာန်ကိုတင်းထားရင်း. . ခေါင်းတွေမူးနောက်လာသလို မျက်လုံးတွေလည်းပြာဝေလာသဖြင့် ဝါးဆစ်ပိုင်းကိုမြေကြီးနှင့်ထောက်ပြီး အားယူရင်ကာ ရှေ့သို့လျှောက်ရင်း. . .

"ဘုန်း. . ."

ခန္ဓာကိုယ်ကြီးကို ဘယ်လိုမှထိန်းထားနိုင်စွမ်းမရှိတော့ဘဲ ရှေ့သို့စိုက်ကျသွားသည်။ ဒါပေမယ့် နတ်ဆိုးသတိတော့လစ်မသွားခဲ့. . မြေပြင်မှနောက်ဆုံးအားကိုအသုံးပြုပြီး ပြန်ကုန်းထစဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



"နတ်ဆိုး . . နတ်ဆိုး"

"ဟင် . . နွေဦး . . ဝတီ . ."

နတ်ဆိုးရင်ထဲသို့ရောက်ရှိလာသော ခေါ်သံလေး

ကြောင့် . . ကျစ်ကျစ်ပါအောင်ကိုင်ထားသည့် ဝါးလုံးလေးကို

လက်ထဲမှလွှတ်ချလိုက်တော့သည်။

နတ်ဆိုးအတွက် ကမ္ဘာကြီးက မှောင်မည်းသွားခဲ့ပြီ

မဟုတ်လား . . နွေးထွေးသည့်လက်တစ်စုံပေါ်တွင် စိတ်ချစွာ

အားအင်တွေကို လျှော့ချလိုက်တော့သည်။

အခန်း ◀ ၁၂ ▶

အဖြူရောင်ပန်းတွေ ပွင့်ဝေနေသည့် ဥယျာဉ်ကြီးတစ်

ခုထဲသို့ နတ်ဆိုးရောက်သွားခဲ့သည်။

"ငါ ဘယ်ကိုရောက်နေတာလဲ"

ပန်းရနံ့သက်တွေက သင်းကြူပြီး မွှေးပျံ့နေလေ၏။

တိမ်တိုက်တွေ၊ ငှက်တွေကလည်း အဖြူရောင်တွေပင် . . .

"ဟင်"

အဖြူရောင်ကမ္ဘာကြီးထဲမှာ အရှားပါးဆုံးပန်းနုရောင်

ပန်းပွင့်လေးတစ်ပွင့်က ပွင့်နေလေသည်။ နတ်ဆိုးအဖြူရောင်

ပန်းဥယျာဉ်ကမ္ဘာကြီးကိုကြည့်ပြီး လျှောက်လာစဉ် . . တရား

ထိုင်နေသော သူတော်စင်ကြီးတစ်ပါးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ကြီးနားကိုရောက်လာသောအခါ. . .

"လူလေး. . ဘယ်ကိုသွားမလို့လဲကွယ်"

"ကျွန်တော် ဘယ်ကိုသွားရမှန်းမသိပါဘူး. . ခြေဦး တည့်ရာကို လျှောက်လာတာပါအဘ"

"မင်းခုရောက်နေတဲ့နေရာကိုရော သိရဲ့လား. . ."

"မသိပါဘူး"

"လူလေးရောက်နေတဲ့နေရာက ကြွင်ယာဖက်ဖူးစာ ဉယျာဉ်ကြီးတစ်ခုပဲကွယ်"

"ဗျာ. . ကြွင်ယာဖက်ဖူးစာ ဉယျာဉ်ကြီး. . ဟုတ် လားအဘ"

"ဟုတ်တယ်လူလေး. . ရှေ့ကိုဆက်ပြီးသွားရင် ရေ ကန်တစ်ကန်ကိုတွေ့လိမ့်မယ်။ ရေကန်ကြီးထဲမှာ လူလေးရွေး ချယ်ရမယ့်ဖူးစာရှင်တွေ ရေကစားနေကြလိမ့်မယ်. . ဒီမိန်းက လေးတွေထဲက လူလေးဖူးစာရှင်ကိုရွေးချယ်ရမှာ"

"ဟင်. . ."

"လူလေး. . ဟိုမှာပွင့်နေတဲ့ပန်းနုရောင် ပန်းကလေး ကို ခူးသွားပြီး သွားပေးပေတော့ကွယ်"





သူတော်စင်ကြီးမျက်လုံးကို ပြန်ဖွင့်ပြီးမှိတ်ကာ တရားပြန် ထိုင်နေလေသည်။ နတ်ဆိုး သူတော်စင်ကြီးပြောသည့် အတိုင်း ပန်းနုရောင်ပန်းပွင့်လေးကိုခူးပြီး ရေကန်ကြီးဆီသို့ လျှောက် ခဲ့သည်။

"ဟာ. . ."

ရေကန်ကြီးတွင် ရေဆော့ကစားနေသော မိန်းက လေးများစွာကို တွေ့လိုက်ရပြီး အားလုံးမှာသူနှင့်မလိုက်ဖက် လောက်အောင် လှပခြင်းများစွာနှင့် နတ်မိမယ်လေးတွေ အလားထင်ရသည်။ သူ့ထက်သူ အလှတွေကပြိုင်နေသော် လည်း နတ်ဆိုးလက်ထဲကပန်းကို ပေးရမည့်သူကို ရှာမတွေ့ သလို ဖြစ်နေသည်။

"မင်း. . တစ်ယောက်ကိုရွေးချယ်တော့လေ"

ကောင်းကင်တိမ်တိုက်ထဲမှ ထွက်ပေါ်လာသော အသံကြောင့် နတ်ဆိုးမိန်းကလေးတွေနားသို့သွားပြီး. . .

"ဟင်. . နွေဦးဝတီ"

ပန်းလျှောင်အိမ်ကြီးထဲတွင် နွေဦးဝတီကို တွေ့လိုက် ရသဖြင့် အနားသို့သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

မြေပြင်ပေါ်တွင်ပေါက်နေသော မြက်ခင်းတွေက ခ
များသဖွယ်ဖြစ်နေလေသည်။

"မင်းသူ့ဆီကိုသွားရင် ဒီဆူးမြက်ခင်းပြင်ကို နင်းပြီး
သွားလို့ရမှာနော်. . မင်းစဉ်းစားပါဦး၊ မင်းနောက်မှာ သူ့ထ
မက ချောလှတဲ့သူတွေကအများကြီး"

ကောင်းကင်ထက်က စကားသံတွေကို နတ်ဆိုးနား
ထောင်တော့. . သူ့နှလုံးသား၏ တောင်းဆိုချက်အတိုင်း
နွေဦးဝတီရှိရာကို မြက်ဆူးတွေနင်းပြီး လျှောက်လာခဲ့သည်
ခြေထောက်တွင် သွေးတွေကမြင်၍မကောင်းသလို နာကျင်
တွေက အပြင်းထန်ဆုံးခံစားနေရလေပြီ. . .

"နတ်ဆိုးရယ်. . ဘာလို့လာရတာလဲ၊ မလာပါနဲ့တော
ပြန်ပါ၊ ဟိုမှာကျွန်မထက် ချောလှတဲ့သူတွေရှိတယ်လေ"

"ဒီကမ္ဘာကြီးမှာ ဘယ်သူတွေဘယ်လောက်ပဲအလ
ဆုံးဖြစ်နေပါစေ. . မင်းထက်လှတဲ့သူ ငါ့နှလုံးသားမှာမရှိဘူး

"ရှင်မမိုက်မဲပါနဲ့. . ပြန်ပါ. . ပြန်ပါ"

"မပြန်ဘူး. . ငါ့ဘဝအတွက် မင်းဟာသိပ်ပြီးအရေး





တဲ့လူတစ်ယောက်ပါ. . ငါမင်းကိုသိပ်ပြီးချစ်တယ်ဝတီ"

"နတ်ဆိုး. . နတ်ဆိုး"

"ဟင်"

နတ်ဆိုးလက်မောင်းလေးကို ညင်သာစွာလှုပ်ပြီး ခေါ်
လိုက်သည့်အသံလေးကြောင့် နတ်ဆိုးမျက်လုံးကိုဖွင့်ပြီး ကြည့်
လိုက်ရာ. . .

"မနွေဦးဝတီ. . ကျွန်တော် ဘယ်ကိုရောက်နေတာလဲ"

"ရှင်. . မြို့ကဆေးရုံကိုရောက်နေတာ"

"ဟင်"

ဒေးဘက် အုတ်နံရံအဖြူကြီးတွေကို လှမ်းကြည့်ပြီး
အဖြူရောင်ပန်းဥယျာဉ်ကြီးကို ပြန်ပြီးမြင်ယောင်မိပြန်သည်။
ပြီးတော့ သူ့နှုတ်ဖျားမှအသံများထွက်သွားသလားဆိုသည်ကို
စိတ်မလုံသဖြင့်. . .

"မနွေဦးဝတီ"

"ဘာများလဲ နတ်ဆိုး"

"ကျွန်တော် ဘာတွေယောင်ပြီး အော်မိသေးလဲဟင်"

"ရှင်က ဘာအော်မိတယ်ထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဟို. . ဘာမှမထင်ပါဘူး စိတ်ထဲမှာအော်မိလိုက်သလားလို့ မေးကြည့်တာပါ"

"ဘာမှမထင်နဲ့. . ရှင်ဘာမှယောင်ပြီး မအော်ပါဘူး"

"ဟူး. . ."

နွေဦးဝတီစကားကြောင့် အသက်ရှူချောင်သွားလေသည်။ တကယ်လို့ သူ့အိပ်မက်ထဲမှာလို အော်မိရင် မျက်နှာပူစရာဖြစ်နေရဦးမည်။

"မနွေဦးဝတီ တစ်ယောက်တည်းလား. . ကိုကျော်တို့ရော"

"ကိုကျော်က ခုလေးတင်မှပြန်သွားတာပါ. . ရှင့်ကိုတစ်ညလုံးသူကစောင့်ပြီး ကျွန်မက မနက်မှရောက်တာပါ"

"အားနာစရာတွေဗျာ. . . "

"ဘာကို အားနာရမှာလဲ. . နတ်ဆိုးက ကျွန်မတို့ကိုအသက်နဲ့တောင်ရင်းပြီး ကာကွယ်ပေးခဲ့တာလေ။ နတ်ဆိုးသတိလစ်နေတာ (၂)ရက်ရှိပြီ. . ဗိုက်ဆာရောပေါ့"

"အင်း. . ဗိုက်ထဲမှာ ဟာတာတာဖြစ်နေသလိုပဲ"

"ဒါဆိုကော်ဖီနဲ့ မုန့်လေးစားလိုက်. . နောက်ပြီးမှပဲ





စားစရာတစ်ခုခု စီစဉ်ပေးမယ်"

"ကျေးဇူးတင်ပါတယ်"

"လုပ်ပြန်ပြီ. . ရှင့်စကားကို ရှင်မေ့နေပြီလား"

"အဲ. . နောက်မပြောတော့ပါဘူး"

နွေဦးဝတီ ကော်ဖီလေးကိုဖျော်ပြီးတိုက်မည်အပြု. . ခွက်ကိုလှမ်းပြီးအယူ. . .

"အ. . ."

"ရှင့်လက်က လှုပ်ရှားလို့မရသေးဘူး. . ကျွန်မပဲတိုက်ပါ့မယ် ငြိမ်ငြိမ်လေးသာနေပါ"

နတ်ဆိုးဘဝမှာ ပထမဆုံး ကြင်နာခြင်းတစ်ခုကို ရလိုက်သောနေ့ပင်. . .

"ရှင်သာ တစ်ခုခုဖြစ်သွားရင် ကျွန်မဖြေလို့တောင်ရမှာမဟုတ်ဘူး. . ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်"

"ဘာဖြစ်လို့လဲ မနွေဦးဝတီ"

"ရှင့်အသက်ကို ပြန်ပြီးပေးလို့. . ရှင့်ကိုပြောရမယ် ဘာလို့မနွေဦးဝတီလို့ ခေါ်နေတာလဲ ရှင်နဲ့ကျွန်မကအသက်ချင်းအတူတူပဲဟာ. . ပြင်ပြီးခေါ်ပါ"



www.burmeseclassic.com

"ဘယ်လိုခေါ်ရမှာလဲ"

"ရှင်ခေါ်ချင်သလိုခေါ်. . ."

နတ်ဆိုးခဏမျှ စဉ်းစားပြီး အဖြူရောင်ပန်းဥယျာဉ်

ကြီးထဲမှာ သူခေါ်ခဲ့မိသော အမည်လေးကိုသတိရသွားပြီး. .

"ဝတီလို့ ခေါ်မယ်နော်. . ခွင့်ပြုတယ်မဟုတ်လား"

"ခက်နေပြန်ပြီ. . ခွင့်ပြုလို့ခေါ်ခိုင်းနေတာပေါ့"

"ဩော်. . ဝတီ. . ဟို. . ကျွန်တော် ဆော်လိုက်တဲ့

ကောင်တွေရော ဖမ်းမိရဲ့လား"

"ဖမ်းမိထားပါတယ်. . နတ်ဆိုးလိုပဲ ဆေးရုံမှာလေ"

"ဘယ်သူခိုင်းတယ်ဆိုတာရော သိပြီးပြီလားဝတီ"

"နတ်ဆိုးလက်သံက ပြင်းသွားတယ်. . (၂)ယောက်

လုံး သတိတော့ရပါတယ်. . တစ်ယောက်က ပါးရိုးကျိုးသွား

ပြီး စကားမပြောနိုင်ဘူး. . တစ်ယောက်ကတော့ အာရုံကြော

ကိုထိပြီး ကြောင်တောင်တောင်ဖြစ်နေတယ်။ မေးလို့တော့

မရသေးဘူး. . သူတို့ဘယ်သူဘယ်ဝါဆိုတာတော့ သိပြီးပါပြီ

အရှေ့ပိုင်းရွာက အရက်သမားတွေ. . နယ်မြေစခန်းမှူးက

တော့ ခိုင်းတဲ့သူကိုဖော်ထုတ်နိုင်ဖို့ ကြိုးစားနေပါတယ်. .





မုန့်လေးကို ကုန်အောင်စားလိုက်ဦး"

"ဗိုက်ဝသလိုဖြစ်သွားပါပြီ. . ."

"ဘယ်လိုကြောင့်တုန်း. . စားတာဖြင့် မုန့်တစ်ခု

တောင်မကုန်သေးဘူး"

"ဝတီရဲ့စေတနာတွေကြောင့်ပါ. . ."

"ဒါကတော့ နတ်ဆိုးရယ်. . တူညီသောစေတနာ တုံ့

ပြန်မှုလေးတစ်ခုရယ်ပါ. . အမှန်ပြောရရင်နတ်ဆိုးရဲ့စေတနာ

ကို ဝတီလိုက်လို့ မမီနိုင်သေးပါဘူး. . ဝတီ ခုလိုအသက်ရှင်

နေရတာ နတ်ဆိုးကြောင့်ပါ"

"ဦးလေးစံဖက မှာထားတယ်"

"ဘာကိုလဲ"

"ဝတီပေါ်မှာ တာဝန်ကျေတဲ့ ကိုယ်ရံတော်ဖြစ်ရမယ်

တဲ့လေ"

နွေဦးဝတီအတွက် ရင်ဖိုစေသော ကိုယ်ရံတော်လေး

ပင်. . .။

www.burmeseclassic.com

## အခန်း ◀ ၁၃ ▶

"မင်းတို့သူ့ကို မသတ်နိုင်ရင် မင်းတို့ကိုသူကသတ်မှာကွ. . ."

"ဗျာ. . ."

"ဟာ. . ."

ဦးရှဉ့်၏စကားလုံးသည် ဦးမြသာတို့ရင်ထဲကို ထိုးဖောက်ဝင်ရောက်သွားတော့သည်။

"ဒီကောင်က လူရောဟုတ်ရဲ့လားဆရာကြီး. . . ကျော်ဘပြောသလို နတ်မိစ္ဆာကြီးများဖြစ်နေမလားဘဲ"

"ဟုတ်တယ်. . ဒီကောင် နတ်ဆိုးဆိုတဲ့ အမည်အတိုင်း တကယ့်နတ်မိစ္ဆာကြီးတစ်ကောင်လိုပဲ"





"ဘယ်. . ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

ဦးမြသာ တကယ်ပင် တုန်လှုပ်နေလေပြီ။

"ငါတစ်ယောက်လုံး ရှိနေတာကို မင်းတို့ကဘာကိုကြောက်နေရတာလဲ. . ဒီကောင့်အတွက် ငါခိုင်းတာကိုသာလုပ်ပေး"

"ဘာလုပ်ပေးရမလဲဆိုတာကို ပြောပါဆရာကြီး"

"ချိုကောင်းတဲ့ ကျွဲတစ်ကောင်ရှာခဲ့ကြ"

"ဘာလုပ်မလို့လဲ. . ဆရာကြီး"

"မြသာ ငါဘာလုပ်မလို့လဲဆိုတာကို ကြိုပြီးမမေးနဲ့ ငါခိုင်းတာကိုသာလုပ်. . ပြီးရင်သိရမယ်"

"ဟုတ်ကဲ့ပါ"

"ဆေးရုံက (၂)ကောင်ကိစ္စကိုရော. . ဘာတွေပြင်ဆင်ထားလဲ"

"ဆရာ့တပည့် မညံ့ပါဘူး. . ဆေးရုံပေါ်က (၂) ကောင် ထုတ်ဖော်ပြောလည်း ကျွန်တော်တို့ဆီကို ရောက်မလာနိုင်ပါဘူး. . သူတို့ကိုခိုင်းတဲ့ခွေးကြီးကို နယ်စပ်ကိုပြေးခိုင်းလိုက်ပြီ"

"မင်း. . ဒီတစ်ခါတော့မဆိုးဘူး. . ဒေါ်ငွမ်းပုံကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကရော”

“ခုထိတော့ သက်ဆိုင်ရာက ဘာမှမကြားရသေးပါဘူး. . .”

“ဆရာမြသာ. . ဟိုလူ မောင်ချင်းပုံစံက တစ်ခုခုကို သိထားသလိုပဲနော်”

“မြသာ. . မင်းအမြန်ဆုံးလုပ်ရမှာက မောင်ချင်းကို ရှင်းဖို့ပဲ”

“ဆရာကြီး နဲ့သာရိုင်းရွာမှာ လူသတ်မှုတွေက ဆက်တိုက်ဖြစ်နေလို့ မကောင်းဘူးဆရာကြီး. . .”

“မင်းတို့. . လုပ်တာကိုင်တာ မသေသပ်လို့ ခုလိုဖြစ်ရတာပေါ့. . ဒီလောက် တောတောင်တွေနက်တဲ့ထဲမှာ အလောင်းကိုပေါ်အောင် သတ်တယ်. မောင်ချင်းဆိုတဲ့ကောင်ကို တစ်သက်စာအလောင်းမတွေ့အောင် ရှင်းဖို့လုပ်ကြ”

“ဒီတစ်ခါတော့ စိတ်ချပါဆရာကြီး”

“ဆရာမြသာ”

“ဘာလဲကျွဲကြီး”

“မြို့ကစခန်းမှူးနဲ့အဖွဲ့ ရောက်နေတယ်”

“ဟင်. . .”





“ဆရာမြသာကို တွေ့ချင်လို့ စောင့်နေတယ်”

“ဆရာကြီး. . ကျွန်တော်သွားလိုက်ဦးမယ်”

“မြသာ. . စကားပြောတာ ပါးနပ်ပါစေ. . ရဲဆိုတာမင်းထက်အဆပေါင်းများစွာ ပါးနပ်တယ်သတိထား. . .”

“ဟုတ်ကဲ့ပါ”

ဦးမြသာအိမ်ကို အသွက်လက်ဆုံးခြေလှမ်းများနှင့် လျှောက်လာခဲ့တော့၏။ ဦးမြသာအိမ်တွင် မြို့နယ်စခန်းမှူးနှင့် မြို့နယ်မှတာဝန်ရှိသူ(၃)ဦးကိုပါ တွေ့လိုက်ရသည်။

“တောင်းပန်ပါတယ်ဗျာ. . ရွာထဲမှာ လုပ်စရာလေးတွေလိုက်ပြီး လုပ်နေရလို့ပါ”

“ရပါတယ်ဦးမြသာ”

“ဘာကိစ္စများ အကြောင်းပေါ်လာလို့လဲ”

“အကြောင်းကိစ္စကတော့များတယ် ဦးမြသာ”

“ဟုတ်ကဲ့. . ပြောပါဦး”

“ပထမဆုံးကိစ္စကတော့ မိယုသေဆုံးမှုအကြောင်းကို အရင်ဆုံး ပြောကြရအောင်”

“ဟင်. . .”

မိယုသေဆုံးမှုနှင့် ပတ်သက်ပြီး ဦးမြသာလိပ်ပြာမလုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာတော့အမှန်. . အထူးသဖြင့် မိယုနောက်ဆုံးရေ
ခဲ့သောစာကို မရလိုက်ခြင်းကြောင့်ဖြစ်သည်။

"မိယုသေဆုံးမှုက ဒေါ်ဂွမ်းပုံနဲ့တင် မပြတ်သေးဘူ
လား. . ."

"မပြတ်သေးဘူး ဦးမြသာ. . မိယုကိုခုလိုဖြစ်စေဖို့
အားပေးတဲ့သူ ရှိနေခဲ့တယ်လို့ သတင်းရထားပါတယ်. . ခို
ခိုင်လုံလုံတော့ မဟုတ်သေးပါဘူး. . ဒါပေမယ့် အနီးစပ်ဆုံ
ကောက်ချက်တွေအရ သေဆုံးမှုဟာ ဦးမြသာပါဝင်ပတ်သက်
နေတယ်လို့ သိထားရပါတယ်။ ဒါကြောင့်ဦးမြသာ မိယုနဲ
ဘယ်လိုဆက်စပ်မှုရှိတယ်ဆိုတာကို သိချင်ပါတယ်"

"ရွာလူကြီးတစ်ယောက်အနေနဲ့. . ရွာမှာရှိတဲ့သူတွေ
နဲ့ ပတ်သက်နေရမှာပါ စခန်းမှူးကြီးရယ်. . မပတ်သက်ပါဘူး
လို့ ပြောလို့မရဘူး"

"ကျွန်တော်ဆိုလိုတဲ့သဘောက ပုဂ္ဂိုလ်ရေးဆက်နွယ်
မှုကိုပါ"

"ပုဂ္ဂိုလ်ရေးဆက်နွယ်မှုကတော့ ဘာမှမရှိပါဘူး. .

"မိယု မသေခင်(၃)ရက်လောက်က သူကြီးဆီမှာ ပိုက်
ဆံလာယူတယ်လို့ကြားတယ်. . အဲဒါ ဟုတ်လား"





"ဟင်"

ဦးမြသာ တုန်လှုပ်စရာစကားပင်. . မိယု ဦးမြသာ
အိမ်ကထွက်သွားပြီးသိပ်မကြာ. . မောင်ချင်းအိမ်ရှေ့ဘက်က
ဖြတ်သွားသည်ကို တွေ့လိုက်ရသဖြင့် မောင်ချင်းနှင့်မိယုတွေ့
ပြီး သူ့ဆီကပိုက်ဆံယူသွားသည်ကို တွေ့ခြင်းပင်ဖြစ်မည်။

"မိယု ပိုက်ဆံလာပြီးယူတာမဟုတ်ပါဘူး. . ကျုပ်
မိန်းမဆီငွေလာပြီး ချေးတာပါ"

"ထားလိုက်ပါလေ. . အဖြေတစ်ခုကတော့ ထွက်
လာမှာပါ ဒုတိယကိစ္စကပေါ်အသတ်ခံရတဲ့ကိစ္စပါပဲ. . ."

"လူသတ်တရားခံကို သတင်းရပြီလား"

"သံသယရှိတဲ့လူတွေသတင်းတော့ ရပါပြီ"

"ဘယ်သူတွေများလဲ"

"ပြောဖို့စောပါသေးတယ်. . ဖမ်းဆီးတဲ့အခါတော့
သူကြီးကိုအသိပေးမှာပါ. . ကဲ မြို့နယ်(မ. ယ. က) တာဝန်ရှိ
သူတွေက ဆက်ပြီးပြောစရာရှိတာ ပြောပါလိမ့်မယ်"

"ဒီလိုဦးမြသာ. . နံ့သာရိုင်းရွာ ပတ်ဝန်းကျင်ဒေသ
တွေမှာ ခါးပြမှုတွေကြောင့် ရွာ(၄)ရွာကလူကြီးတွေကို တာ
ဝန်က ယာယီရပ်ဆိုင်းလိုက်ပါပြီ ဒါကိုလာပြီးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားတာပါ. . .”

“ဘာ. . .”

ဦးမြသာ၏ အမက်မောဆုံးရာထူးကြီးကို ရုပ်သိမ်းလိုက်ခြင်းကြောင့် ဆောက်တည်ရာမရဖြစ်နေသည်။

“ကျုပ်လည်း ကြိုးစားပြီးဖော်ထုတ်နေတာပဲဗျာ. . .”

“စိတ်မကောင်းပါဘူး ဦးမြသာ. . မြို့နယ်ဥက္ကဋ္ဌရဲ့ ထုတ်ပြန်ချက်ကို လာပြီးပြောရတာပါ”

“အင်း. . ဘာတတ်နိုင်မလဲ နံ့သာရိုင်းရွာကို ဘယ်သူက လွှဲပြောင်းပြီးတာဝန်ယူမှာလဲ”

“ခု ယာယီအုပ်ချုပ်ရေးအတွက်. . ဦးစံဖကို တာဝန်လွှဲပြောင်းပေးရပါလိမ့်မယ်”

“ရွာသူရွာသားတွေက သဘောမတူရင်ရော”

“မတတ်နိုင်ဘူး ဦးမြသာ. . ဦးစံဖကိုရွာလူကြီးတာဝန်ပေးရတာ အထက်ကတိုက်ရိုက်အမိန့်နဲ့ လုပ်ပိုင်ခွင့်ကိုပေးတာဖြစ်တယ်. . တည်ဆောက်မယ့်တံတားကြီး ပြီးဆုံးတဲ့အထိ တာဝန်ယူရမှာဖြစ်တယ်. . တံတားကြီးပြီးသွားရင် ရွာထဲက ပြန်ပြီးရွေးချယ်တဲ့သူကို တင်မြှောက်မှာပါ”

ဦးမြသာ၏ ပထမဆုံးကျဆုံးခန်းကို ရောက်ခြင်းပင်။





“ဦးမြသာ. . အပ်ရမယ့်ပစ္စည်းတွေကို တစ်ခါတည်း အပ်လိုက်ပါ”

“ကောင်းပါပြီ”

ဦးမြသာ ရွာလူကြီးတံဆိပ်တုံးအပါအဝင် သက်ဆိုင်သော ပစ္စည်းတွေကိုအပ်လိုက်ရတော့သည်။

“ဪ. . ဦးမြသာ ပြောရမှာတော့စိတ်မကောင်းပါဘူး. . ဒီနေ့ကစပြီးဦးမြသာ၊ ကျွဲကြီးနဲ့ အောင်ကြီးတို့ ခရီးသွားမယ်ဆို ကျွန်တော်တို့ရဲစခန်းက ခွင့်ပြုချက်ယူရပါမယ်”

“စခန်းမှူး စကားအရဆိုရင်. . ကျုပ်တို့ကို သံသယတရားခံစာရင်းထဲမှာ သွင်းထားတာပေါ့”

“ဟုတ်ပါတယ်. . မိယုနဲ့ငပေါ်သေဆုံးမှုအတွက် သံသယတရားခံအဖြစ် သတ်မှတ်ထားတဲ့သဘောပါ. . သွားခွင့်ပြုပါဦး”

“ကောင်းပါပြီ စခန်းမှူးကြီး. . .”

စခန်းမှူးကြီးနှင့် မြို့နယ်မှတာဝန်ရှိသူများ ပြန်သွားပြီးနောက် ဦးမြသာခြေပစ်လက်ပစ် ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်တော့သည်။

“ဆရာမြသာ. . ဘာတွေဖြစ်နေပြီလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အောင်ကြီးနဲ့ ကျွဲကြီး. . ."

"ပြောပါဆရာမြသာ. . ."

"ငါ သူကြီးမဟုတ်တော့ဘူးကွ"

"ဗျာ. . ."

"ဟာ. . ."

"မိယုနဲ့ ငပေါသေဆုံးမှုအတွက်လည်း. . သံသယ တရားခံအဖြစ် သတ်မှတ်လိုက်ပြီ"

"ဘာ. . ."

"မင်းတို့(၂)ယောက်လည်းပါတယ်"

"တောက်. . ဒါဟိုဟာမ လက်ချက်ကြောင့်ဖြစ်မယ်"

"ဒေါ်ဂွမ်းပုံလား အောင်ကြီး"

"ဒီမိန်းမကြီး မွှေးခဲ့တဲ့မီးက စပြီးလောင်ပြီကွ. . ဆရာကြီးရှုဒ္ဓ မကယ်နိုင်တော့ဘူးလားမသိဘူး"

"ဆရာကြီးဆီကိုသွားပြီး နည်းလမ်းကောင်းတစ်ခုကို ရှာရတော့မယ်"

"ခုရွာမှာ သူကြီးကဘယ်သူလဲ. . ."

"ဦးစံဖ"

"ဘာ. . ဒုက္ခိတကြီးကို ရွာလူကြီးတင်ရတယ်လို့ကွာ"





"အထက်လူကြီးတွေက တိုက်ရိုက်ခန့်ထားတာ. . တံတားကြီးပြီးမှ နောက်တစ်ယောက်ကိုရွေးရမှာ"

"ကျုပ်တို့ရဲ့ရွာထဲက စီးပွားရေးလုပ်ငန်းတွေကိုရော ဘယ်လို လုပ်မလဲ. . ."

"ဦးစံဖဘက်က ဘာတွေလုပ်မလဲဆိုတာကို ကြည့်ပြီး တော့ လုပ်သင့်တာကိုလုပ်ရမှာပေါ့"

"တခြားသူဆိုရင်. . တော်သေးတယ်။ ဒီလူကိုမှရွေးပြီး တာဝန်ပေးရတယ်လို့ကွာ. . ကျွန်တော်တို့တော့ အနေအထိုင်ပိုရှိဖို့တော့ လိုနေပြီဆရာ"

"သိပ်ပြီးတော့. . အခြေအနေ မကောင်းဘူးဆိုရင် တော့. . နယ်စပ်ဘက်ကိုထွက်ရမှာပေါ့ကွာ ဟူး. . ."

"ဆရာမြသာ. . ဆရာကြီးရှုဒ္ဓပြောသလို ဟိုကောင် ဟာ ဆရာမြသာအတွက် နတ်ဆိုးကောင်ဖြစ်နေပြီလား. . ဒီကောင်စရောက်ကတည်းက အကုသိုလ်တွေက ဆက်တိုက် ကိုဝင်နေတာပဲ"

"ဖြစ်နိုင်တယ်. . နတ်ဆိုးဆိုတဲ့ကောင်က နတ်မိစ္ဆာရဲ့ စေတမန်ကောင်ဖြစ်ကိုဖြစ်ရမယ်"

"ဆရာကြီးရှုဒ္ဓက အပြတ်ရှင်းဖို့ပြင်ဆင်နေပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပူနဲ့. . ကျွဲကြီးကိုအမှောင်ထဲမှာထားထားပြီး ဘာလု မလဲမသိဘူးနော်"

"ဆရာကြီးရှုဒ္ဒရဲ့ ကယ်တင်မှုကိုပဲ စောင့်ရတော့မှာ ပေါ့"

ဦးမြသာတို့အိမ်ထဲမှအထွက် ဇနီးသည်ဒေါ်ခင်မှုံကို တွေ့လိုက်ရပြန်သည်။ မျက်နှာကမသာမယာ. . .

"ရှင် ဘယ်ကိုသွားမလို့လဲကိုမြသာ"

"ဆရာကြီးဆီကို. . ဘာဖြစ်လာလို့လဲ"

"ဘာဖြစ်ရမလဲ. . ဟိုကောင်မောင်ချစ်ဆီက ပိုက်ဆံ တွေက တောင်းလို့မရတော့ဘူး. . အရင်းရောအတိုးပါဆိုရင် (၁၅)သိန်းလောက်ရှိနေပြီ. . ခုသူနဲ့အကြွေးကိစ္စသွားပြောတာ ဒင်းကပေးစရာမရှိဘူးဆိုပြီး ပြောလိုက်တယ်. . ကိုမြသာ သူ့ လယ်တွေကို ကျွန်မသိမ်းချင်တယ်. . ရှင့်သူကြီးအာဏာနဲ့ လုပ်လိုက်ပါ"

"ခင်မှုံ. . ."

"ဘာလဲတော်"

"ငါသူကြီးမဟုတ်တော့ဘူး"

"ဘာ. . ."





"စောစောကတင် ငါ့တာဝန်တွေကို အထက်ကလူကြီးတွေက ရုပ်စဲလိုက်ပြီ. . .

"ရှင်. . ဒါ. . ဒါဆို ကျွန်မငွေတွေ ဆုံးရတော့မှာပေါ့ ဟုတ်လား"

"နေပါဦးကွာ. . တစ်မျိုးကြံတာပေါ့၊ ဆရာကြီးရှုဒ္ဒ တစ်ယောက်လုံးရှိနေတာပဲ အဆင်ပြေရမှာပေါ့"

"ခု နန့်သာရိုင်းရွာလူကြီးက ဘယ်သူလဲ"

"ဦးစံဖေ"

"သွားပါပြီ. . အတိုးမပြောနဲ့ အရင်းတောင်ပြန်ပြီး ရတော့မှာမဟုတ်ဘူး"

ဒေါ်ခင်မှုံစိတ်ဓါတ်ကျဆင်းပြီး အိမ်ပေါ်သို့ တက်သွားလေသည်။

"ဆရာမြသာသားက ဒီနှစ် ရွာကိုပြန်မလာသေးပါလား. . ."

"ဒီလထဲပြန်ရောက်မယ်လို့တော့ ပြောတာပဲ. . ဒင်းကတော့ရန်ကုန်မှာ ဘာမှမသိဘူး။ မိဘပို့တဲ့ငွေနဲ့ သုံးလိုက်ဖြုန်းလိုက်နဲ့. . ဟုတ်နေတာပဲဟေ့"

"သားတစ်ယောက်တည်း ရှိတာပဲ. . သုံးပါစေဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမြသာရှာဖွေထားတဲ့ ငွေ၊ ရွှေတွေက တစ်သက်မကုန်လောက်ပါဘူး. . .”

“ဆရာမြသာဇနီး ရန်ကုန်မတက်သေးဘူးလား. . .”

“မင်းကဘာလုပ်မလို့လဲ အောင်ကြီး”

“ရွှေလက်ကောက်လေး ထုခွဲချင်လို့. . .”

“ငွေကကုန်ပြီလားကွ”

“ကုန်သလောက်ဖြစ်နေပြီလေ”

မတရားရသည့်ငွေသည် အကျိုးမဲ့စွာ ဆုံးရှုံးတတ်လေ၏။

## အခန်း ◀ ၁၄ ▶

နတ်ဆိုးဒဏ်ရာပျောက်ကင်းကာစမို့. . နွေဦးဝတီ တံတားတည်ဆောက်မည့်နေရာကို မလိုက်ခဲ့ဖို့ပြောပေမယ့်. . နတ်ဆိုးကမရ။ အန္တရာယ်များသောနေရာဖြစ်နေ၍ လိုက်ခဲ့သည်။

“နတ်ဆိုးရယ်. . ရဲဘော်(၃)ဦးတောင် စောင့်ကြပ်နေတာပဲ ဘာကိုစိုးရိမ်နေရတာလဲ”

“စိတ်မချဘူးလို့ပဲ ပြောတတ်တယ်ဝတီ. . .”

“ဝတီက နတ်ဆိုးကျန်းမာရေးကြောင့် မလိုက်စေချင်တာပါ”

“တို့ကျန်းမာရေး အကောင်းအတိုင်းပဲ. . ဘာမှကို



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ဘူး"

"ထားပါတော့ရှင်. . ဦးလေးစံဖလည်း လူကြီးတာဝန်ရတော့မှပဲ ဦးမောင်ချင်းနဲ့ ဆရာတပည့်(၂)ယောက် အလုပ်တွေများနေတော့တယ်"

"မနေ့က ပြဿနာတက်တယ်ဆို နတ်ဆိုး. . ."

"ဟုတ်တယ် ကိုကျော်. . ဦးမြသာလက်ထက်က သူ့ခွင့်ပြုချက်နဲ့ဖွင့်ထားတဲ့ အရက်ဆိုင်တွေကို ပိတ်ခိုင်းလို့. . အောင်ကြီးတို့က မကျေနပ်ပြီး ဦးချင်းနဲ့စကားများတာ"

"ရန်ရော ဖြစ်သေးလား"

"ရန်ပွဲထိတော့ မဖြစ်လိုက်ပါဘူး. . သူတို့ကိုကယ်မယ့်သူတို့ဆရာကြီးက ဘာမှမဟုတ်တော့တာ. . ဒီကောင်တွေ အရင်လိုတော့ သွေးမကြွရဲတော့ဘူး"

"နတ်ဆိုး. . ဒီလူတွေ ပေါ်ပေါ်ထင်ထင် ရန်မူလို့မရရင် ကောက်ကျစ်နိုင်တယ်နော်. . သတိပိုပြီးထားရမယ်"

"ဒါ့ကြောင့် ဝတီ့ကိုစိတ်မချလို့ လိုက်လာတာ"

နွေဦးဝတီတို့ကို လုပ်ကြံဖို့ကိစ္စဖြစ်ပွားပြီးနောက်ပိုင်း သက်ဆိုင်ရာမှ လုံခြုံရေးရဲသားတွေကို နေရာချထားပေးလိုက်လေသည်။ ဘယ်လောက်လုံခြုံရေးတပ်ဖွဲ့တွေရှိရှိ နွေဦးဝတီ





ဘေးတွင် နတ်ဆိုးရှိမှလုံခြုံနိုင်မယ်လို့ထင်မှတ်နေသူမှာ. . သူမပင်မဟုတ်ပါလား. . .။

"ဝတီ. . ရုံးချုပ်က စာဝင်ပြီဆို"

"ဟုတ်တယ်ကိုကျော်. . မကြာခင်တံတားအတွက် ပစ္စည်းတွေလာပြီးချတော့မှာတဲ့"

"ပစ္စည်းစုံရင်တော့ သိပ်ပြီးကြာလိုက်မှာမဟုတ်ဘူး"

"မထင်နဲ့. . ကိုကျော် အနည်းဆုံး(၁)နှစ်လောက် အချိန်ယူရမယ်"

"ဟာ. . ."

"ဘာလဲ ရန်ကုန်ကိုလွမ်းနေပြီလား. . ."

"လွမ်းရတာပေါ့ဗျာ. . ."

"ကိုကျော်. . နောက်ဆိုလွမ်းစရာမလိုတော့ပါဘူး"

"ဘာလို့လဲ. . ငါကရန်ကုန်ကို ပြန်ရတော့မှာပေါ့. . ဝမ်းသာစရာကြီးပဲဟော့"

"ကိုကျော်ရန်ကုန်ပြန်ရမှာ မဟုတ်ဘူး. . ရုံးချုပ်ကနေလူ(၅)ဦးထပ်ပြီး ပို့တဲ့ထဲမှာ ကိုကျော့်ချစ်ချစ်ပါ ပါလာမှာ"

"ဟေ. . တကယ်ပြောတာလားဝတီ"

"ဒါမျိုးက နောက်စရာမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



နွေဦးဝတီတို့နောက်တွင် နတ်ဆိုးကလိုက်ပါလျက် စကားသံတိတ်ဆိတ်နေလေသည်။

"နတ်ဆိုး. . နတ်ဆိုး. . ."

"ဝတီ. . ဘာလဲဟင်"

"ဘာတွေများ စဉ်းစားခန်းဖွင့်နေတာလဲ. . ကပ်ပြီး ခေါ်တာတောင် နှစ်ခါခေါ်ရတယ်လို့"

"အတွေးလွန်သွားလို့ပါ. . ."

"ကောင်းကင်ကြီးကိုကြည့်ပြီး အတွေးလွန်တယ်ဆို တော့ ငှက်တွေလို မိုးပေါ်ကိုပျံချင်လို့လား. . နတ်ဆိုး"

"ဝတီတို့က ပညာတတ်တွေဆိုတော့ တို့ပြောမယ့်စ ကားကိုလက်ခံနိုင်ပါ့မလားဆိုပြီး. . စဉ်းစားချင့်ချိန်နေတာပါ"

"ဘာစကားများလဲ နတ်ဆိုး. . ."

"တို့အဘက တို့ကိုပြောပြဖူးတယ်. . ဟိုမှာမြင်နေရ တဲ့ ငှက်အုပ်ကြီးကိုတွေ့လား"

"အင်း. . တွေ့နေရတယ်၊ အများကြီးပဲနော် ဘာဖြစ် လို့လဲ"

"ဒီငှက်အုပ်ကြီးက တောကိုခင်တွယ်တဲ့ငှက်တွေ. . သူတို့ ခုပျံဝဲတဲ့ပုံစံကိုကြည့်ရင် အသိုက်ပြောင်းကြတာလေ. .





တော်ရုံတန်ရုံရာသီဥတုဆိုးဝါးရင်တောင် တောထဲမှာ ခိုကပ် ပြီးနေတဲ့ငှက်တွေ. . သူတို့ပြောင်းရွှေ့ပြီဆိုရင် တောကြီးတစ်ခု ခုဖြစ်တော့မှာ သေချာတယ်"

"ဟင်. . ."

"ဘယ်နေ့၊ ဘယ်ရက်ဆိုတာတော့ မပြောတတ်ဘူး ဝတီ. . ဒါကြောင့်ဝတီတို့တံတားအတွက် အန္တရာယ်တစ်ခု ဖြစ်လာမှာကို စိုးရိမ်တာပါ။ တို့ပြောတာတွေက စနစ်တကျ တိကျတဲ့တွက်ချက်မှုမဟုတ်တော့ ယုံချင်မှယုံမှာပါ"

"နတ်ဆိုးရယ်. . ဝတီယုံကြည်ပါတယ် ခုရက်ပိုင်းမှာ လုပ်ငန်းကြီးတွေက မစသေးပါဘူး. . ဝတီကိုယ်တိုင်လည်း ကမ်းကမြေအနေအထားကို စိတ်တိုင်းမကျသေးပါဘူး. . စိတ်တိုင်းကျတော့မှ တံတားဆောက်ဖို့ စတင်မှာပါနတ်ဆိုး"

"ဝတီ. . ."

"ဝတီစကားတစ်ခွန်းလောက်ပြောမယ်. . နောက် ဘယ်လိုကိစ္စကိုပဲဖြစ်ဖြစ် ဝတီ့ကိုပြောရမယ်နော်. . ရင်ထဲမှာ ဘာမှမချန်ထားရဘူး. . ဘယ်လိုလဲ နာခံမှာလား"

"နာခံရမှာပေါ့ ဝတီရယ်"

တံတားကြီးဆီသို့ ရောက်ရှိလာပြီး. . နွေဦးဝတီ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကျော်နှင့် မြင့်မြင့်မွန်တို့က လုပ်စရာရှိသည်များကို လုပ်ကိုင်နေကြသည်။

"ကိုကျော်နဲ့ မြင့်မြင့်မွန်တို့က ဒီဘက်ကမှတ်တိုင်ကို ကိုင်ထားပေး. . ကျွန်မဟိုဘက်ကို နတ်ဆိုးနဲ့ကူးမယ်"

"အင်း. . ."

"နတ်ဆိုး. . သွားကြရအောင်"

နတ်ဆိုး. . စက်လှေကလေးနှင့် တစ်ဖက်ကိုကူးလာပြီး နွေဦးဝတီက တံတားအတွက်လိုအပ်သည့် တိုင်းတာမှုများကို ပြုလုပ်နေသည်။

"နတ်ဆိုး. . အောက်ကိုဆင်းရအောင်"

နတ်ဆိုးလက်မောင်းလေးကို အားပြုပြီး နွေဦးဝတီ ချောင်းအောက်ဖက်သဲပြင်ဆီသို့ လာခဲ့ကြသည်။

ချောင်းအောက်သဲပြင်တွင် နွေဦးဝတီလုပ်ကိုင်လို့ သိပ်မကြာ. . .

"ဟင်"

နတ်ဆိုးနားထဲတွင် လေတိုးသံတစ်ခုကို ကြားလိုက်ရပြီး. . .

"ဝတီ. . လာ. . လာ"





"နတ်ဆိုး. . ဘာဖြစ်တာလဲ. . ဘာဖြစ်လို့လဲဟင်"

"နောက်မှဖြေမယ်. . အပေါ်ကိုအမြန်ဆုံး တက်ရအောင်"

နတ်ဆိုး စိုးရိမ်ဇောနှင့် နွေဦးဝတီလက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး ကုန်းမြင့်ပေါ်ဆီသို့ ပြေးတက်ပေမယ့်. . နတ်ဆိုး ကြားလိုက်ရသော လေတိုးသံကြီးက ဖြတ်သန်းဝင်ရောက်လာလေပြီ. . .

"ဝေါ. . ."

"ဟယ်"

"ဝတီ. . ဒို့လက်ကို တင်းတင်းဆွဲထား အပေါ်ကို မရောက်လို့ မဖြစ်ဘူး ရေတွေပါဆင်းတော့မှာ. . ."

ချောင်းထဲတွင် အနည်းငယ်သာ စီးဆင်းနေသော ရေတွေက ခဏတွင်းမှာ များပြားလာပြီး. . ရေ၏အော်မြည်သံကြီးတစ်ခုကိုပါ ကြားလိုက်ရတော့သည်။

"ဟီ. . . ဝေါ"

နတ်ဆိုးအပေါ်မှ သစ်မြစ်ကို ဆုပ်ကိုင်ပြီး အပေါ်သို့ ဆွဲတက်လိုက်ရသည်။ ပြီးမှ နွေဦးဝတီကို ဆွဲတင်ကာ ကမ်းနှင့် ခပ်လှမ်းလှမ်းတွင်ဆောက်ထားသော ဇရပ်လေးပေါ်သို့ ပြေး



www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့ကြတော့သည်။

"ဝေါ. . . ဖြောင်း. . . ဝုန်း"

ချောင်းထဲမှ ရေတိုးသံများကို ကြားလိုက်ရတော့ သည်။ လေကြမ်းနှင့်အတူ အချိန်အခါမဟုတ်သော မိုးကပ ရွာချလေတော့သည်။ နွေဦးဝတီတို့နှစ်ယောက်သား ဇရပ် ထောင့်လေးမှ လေကွယ်ရာတွင် ထိုင်လိုက်ကြသည်။

"မိုးကလည်း အချိန်အခါမဟုတ်ဘဲ ရွာတယ်နော်"

"တောင်တန်းစကားအရ ပြောရရင် တောင်ခေါင်း ဆေးမိုးလို့ခေါ်တယ်. . ဝတီ"

"တော်သေးတာပေါ့. . နတ်ဆိုးက သိတာမြန်လို့"

နွေဦးဝတီ သူ့လက်ဖဝါးလေးကို သတိထားပြီးကြည့် လိုက်တော့ သွေးစတွေကို တွေ့လိုက်ရသဖြင့်. . .

"နတ်ဆိုး လက်ကိုပြစမ်း"

"ဘာလုပ်မလို့လဲ. . . ဝတီ"

"ပြဆိုပြ. . ."

နတ်ဆိုး. . သူ့လက်ဖဝါးလေးကို ပြလိုက်တော့ ကွဲ ဒဏ်ရာမှ သွေးတွေထွက်နေသည်ကို တွေ့လိုက်ရသဖြင့်. . .

"နတ်ဆိုးရယ်. . ."





သစ်မြစ်ကို ဆွဲပြီးတက်စဉ်က ဒဏ်ရာဖြစ်ပေမယ့်. . နွေဦးဝတီကို ထိုဒဏ်ရာနှင့်ပင် အပေါ်ကိုရအောင်ဆွဲတင်ခဲ့ ခြင်းပေါ်မှာ ဝမ်းနည်းမိတော့သည်။

"ဒို့ကြောင့် နတ်ဆိုးဘယ်လောက်ထိ ဒဏ်ရာတွေရ နေဦးမှာလဲ. . နတ်ဆိုးရယ်"

ခေါင်းတွင်စည်းထားသော လက်ကိုင်ပဝါလေးကို ဖြေပြီး နတ်ဆိုးလက်တွင် စည်းပေးထားလိုက်သည်။ ဇရပ်အ ပြင်ဘက်တွင် မိုးတွေက သည်းထန်စွာ ရွာသွန်းနေလေပြီ။

"ဝတီ. . ချမ်းနေပြီလား"

"အေးလာသလိုပဲနော်. . ခုအေးတာကြီးက တစ် မျိုးပဲ"

"ဟုတ်တယ်. . . ဝတီ၊ မိုးအေးတာမျိုးမဟုတ်ဘူး ရေခဲပြင်က အေးတဲ့အအေးမျိုးလေ. . အရိုးအကြောထဲထိ စိမ့်ပြီးဝင်တာ. . ."

နွေဦးဝတီ ဝတ်လာသည်မှာ တီရှပ်လက်ပြတ်ကလေး နှင့် ဂျင်းဘောင်းဘီ. . အအေးဒဏ်ကို ဘယ်လိုမှမကာကွယ် နိုင်. . .။

"ရော့. . ဒို့အင်္ကျီကိုဝတ်ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မ. . မဟုတ်တာ နတ်ဆိုးရယ်"

"ဝတီ. . ဒို့က ဒီအအေးဒဏ်ကို ငယ်ငယ်တုန်းကဆို ပြေးလွှားပြီး ဆော့ကစားနေကျ အေးလို့ အေးမှန်းတောင် မသိဘူး. . စိတ်ထဲမှာ မသတီရင်တော့ မဝတ်ပါနဲ့"

"နတ်ဆိုးနော် စကားပြောတာမကြိုက်ဘူး. . ဝတီ မဝတ်တာက နတ်ဆိုးကို သနားလို့. . ပေးပေး ဝတ်မယ်"

နွေဦးဝတီ. . နတ်ဆိုးပေးသော အင်္ကျီအထူကို ဝတ်လိုက်တော့ နွေးသလိုဖြစ်သွားသည်။

"အလို့. . . နတ်ဆိုးအင်္ကျီက နွေးသားပဲ"

"အင်္ကျီက နွေးတာမဟုတ်ဘူး. . နွေးစေချင်တဲ့ဆန္ဒလေးက ဝတီကိုနွေးစေခဲ့တာပါ"

"နတ်ဆိုးတောင်. . စကားပြောတတ်လာပြီ"

"အရင်က ပြောနေတာ စကားတွေမဟုတ်ဘူးလား"

"မဟုတ်ဘူး. . စကားလုံးတွေ"

"ထားလိုက်ပါတော့ဗျာ. . ."

"ဒီမိုးက. . တိတ်ပါ့ဦးမလား"

"မိုးမတိတ်တာက ပြဿနာမရှိဘူး. . အရေးကြီးတာက လေငြိမ်သွားပြီး အရှေ့လေတိုက်ရင် ရေပါပြန်ပြီးကျသွား





လိမ့်မယ်. . ဒါမှဟိုဘက်ကမ်းကို ပြန်ပြီးကူးလို့ရမှာ ခဏ တော့စောင့်ရမယ်. . ."

"နတ်ဆိုး. . ."

"ဝတီ"

"လက်ဖဝါးက ဒဏ်ရာက မနာဘူးလား"

"မနာပါဘူး. . ."

"နတ်ဆိုးရယ်. . ဒီလောက် ကွဲရှတာ မနာဘဲရှိပါ့ မလား ဘာလို့ညာပြောရတာလဲ"

"ဝတီ စိတ်မကောင်းဖြစ်မှာစိုးလို့ပါ"

"ဝတီ ဒီကိုရောက်တာ အရမ်းကိုကံကောင်းတယ်"

"ဘာလို့လဲ. . ဟင်"

"ဝတီ့ဘဝမှာ စစ်မှန်တဲ့သံယောဇဉ်တစ်ခုကို ရရှိလိုက်လို့ပါ. . ."

"ဘယ်သူဆီကများ ရသွားတာလဲ"

"ဘယ်သူရှိမလဲ နတ်ဆိုးရယ်. . ရှင်. . ရှင်"

"ဒို့ သံယောဇဉ်ကို ခုလိုအသိအမှတ်ပြုပေးတာကို အရမ်းဝမ်းသာမိပါတယ်. . ဝတီ"

"ဒီဘက်တိုးလေ. . မိုးတွေပက်နေတာကို ကျောပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိုင်နေရတယ်လို့"

နတ်ဆိုး . . ရွှေဦးဝတီဘေးကို တိုးကပ်ပြီး ထိုင်လိုက်တော့၏။

နှစ်ဦးသား စကားသံလေးတွေ တိတ်ဆိတ်သွားပြီး ထိတွေ့ခြင်း၏ နွေးထွေးမှုလေးပေါ်မှာ ရင်ဖိုနေခဲ့ကြသည်။

"လေငြိမ်သွားပြီ . . သွားကြရအောင် ရေလည်းကျလောက်ပါပြီ၊ မိုးတိတ်တဲ့အထိစောင့်နေရင် ဟိုဘက်ကမ်းကလူတွေ စိုးရိမ်နေကြမယ်"

"သွားကြမယ်လေ . . ."

"ဒီမှာ ခဏလေးနေဦး"

နတ်ဆိုးဇရပ်ထဲမှ ပြေးဆင်းသွားပြီး၊ ပိန်းရွက်ကြီးတစ်ရွက်ကို ခူးလာခဲ့သည်။

"တစ်ယောက်ကတော့ မိုးလုံတယ်"

"ဟုတ်ပါ့နော် . . နည်းတဲ့ ပိန်းရွက်ကြီးမဟုတ်ဘူးအဟိ . . . ."

"ဘာလို့ရယ်တာလဲ . . . ဝတီ"

"နတ်ဆိုးပေးတဲ့ ထီးလေးကို သဘောကျလို့ပါ"

ရွှေဦးဝတီက ပိန်းရွက်လေးနှင့် ရွာနေသည့်မိုးကို ကာ





ပြီးလာခဲ့သလို နတ်ဆိုးကတော့ မိုးရေထဲမှာ အင်္ကျီချွတ်နှင့် ဘေးတွင်ကပ်ပြီး လိုက်လျက် . .

"နတ်ဆိုးလက်ကိုပေးထား . . မိုးရေထဲမှာ ဒဏ်ရာကစပ်မှာပေါ့"

"ရပါတယ် . . ဝတီရယ်"

"ပေးဆို . . ခုပေး"

ရွှေဦးဝတီ အမိန့်ပေးသံပါတိုင်း နတ်ဆိုးတစ်ယောက် ဘယ်သောအခါမှ မငြင်းနိုင်ခဲ့ . . နတ်ဆိုး လက်ကလေးကို ဆုပ်ကိုင်လျက် ကမ်းနံဘေးဆီသို့ လျှောက်လာခဲ့ကြသောသူတို့(၂)ယောက်၏ နှလုံးသားသံစဉ်လေးတွေ လွင့်ပျံ့စေသော နေ့ကလေးတစ်နေ့ပင် ဖြစ်ခဲ့လေပြီ၊ ဒါပေမယ့် မတူညီသောဘဝ(၂)ခု၏ ဆုံစည်းခြင်းသည် ကြေကွဲခြင်း၏ကဗျာတစ်ပုဒ်ပင် မဟုတ်လား . . ။

ဂ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၁၅ ▶

"ဆရာကြီး . . သူတို့ထွက်လာကြပြီ"

ကျွဲကြီးက ဦးရှုဒ္ဒကို အပြေးကလေးလာပြီး ပြောလိုက်သည်နှင့် . . .

"အောင်ကြီး တံခါးကိုဖွင့်ပြီး ကျွဲကြီးကိုထုတ်လိုက်"

"ရှူး . . . ရှူး"

အခန်းအမှောင်ထုထဲမှ ထွက်လာသော ကျွဲကြီးမှာ ပင်ကိုယ်စိတ်ပျောက်ပြီး နှာမှုတ်လေ၏။

"နဖားကြိုးကို နိုင်နိုင်ဆွဲထား . . ကျွဲကြီးနဲ့ မြသာ"

"ပြောပါဆရာကြီး"

"ကျွဲပါးစပ်ကို ဖြဲလိုက် . . . "

ကျွဲကြီးနှင့် ဦးမြသာ ကျွဲပါးစပ်ကို ဖြဲလိုက်သည်နှင့်





ဦးရှုဒ္ဒ ကျွဲပါးစပ်ထဲသို့ စိတ်ကြွဆေးရည်တွေကို လောင်းပြီး ထည့်လိုက်တော့သည်။

"ရပြီ . . ဒီကောင်ကြီးကို ဟိုကောင်တွေလာမယ့် လမ်းပေါ်ကို လွှတ်လိုက်တော့ ဟား . . ဟား . . ဟား . . ဒီ တစ်ခါတော့ နတ်ဆိုးဆိုတဲ့ကောင် မရှုမလှသေစေရမယ် . . သွားကြတော့"

ကျွဲကြီးနှင့် အောင်ကြီး ကျွဲကိုဆွဲပြီး ထွက်လာလို့ သိပ် မကြာ . . .

"ဝူး . . . ဝူး . . . ဝမ်း"

"ဟာ . . . "

"အောင်ကြီး . . နဖားကြိုးကို နိုင်အောင်ဆွဲထားလေကွာ . . . "

"ဆွဲတာပဲ မရဘူးကွ"

နှစ်ယောက်သား အရိုင်းစိတ်ဝင်နေသော ကျွဲကြီးကို ခြေကန်ပြီး ဆွဲပေမယ့် ဘယ်လိုမှမရသည့်အပြင် ကြိုးပါပြတ် တောက်ထွက်သွားတော့၏။

"ဝူး . . . ဝူး . . . "

ကျွဲကြီးက သူတို့ကိုပါ ပြန်ပြီးရန်မူနေသဖြင့် အနားကို မကပ်ရဲတော့ဘဲ လွတ်အောင်ပြေးကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွာဘက်ကို ပြေးပြီ"

"ပြေးပါစေတော့ကွာ. . နောက်ကပဲ အခြေအနေကို လိုက်ပြီးကြည့်တော့မယ်"

အောင်ကြီးတို့ ဦးတည်တာက တစ်နေရာ. . ဖြစ်ပေါ်နေတာက တခြား။

"ကျွဲ. . ကျွဲကြီး. . . ရမ်းနေပြီ"

"ဖြောင်း. . . ဝုန်း. . . ဝုန်း"

အရှိုင်းစိတ်ဝင်နေသည့် ကျွဲမှာ ရွာထဲရောက်သွားပြီး မြင်သမျှကို တိုက်ခိုက်နေတော့သည်။

"အား. . ."

"ဟာ. .ကိုကျော့မောင်ကို ကျွဲခတ်သွားပြီ လုပ်ကြပါဦး"

တစ်ရွာလုံး ဆူညံပွက်လောရိုက်သွားပြီး ကျွဲချိုခတ်ချက်နှင့် ခြေကန်မှုအောက်တွင် လူတော်တော်များများ ထိခိုက်ကုန်လေပြီ။

"ရွာထဲမှာ တစ်ခုခုဖြစ်နေပြီ. . ."

"ဟုတ်တယ်. . နတ်ဆိုး အော်သံတွေက ပွက်လောရိုက်နေတာပဲ"

နတ်ဆိုးတို့ ရွာထဲကို ဘေးပေါက်လမ်းမှပြေးပြီး ဝင်လာကြစဉ်. . .





"ဟာ. . ဦးလေးစံဖ"

"ဒုက္ခပါပဲ. . ဟိုမှာကျွဲကြီး"

ဦးစံဖမှာ ဒူးလေးကို ကိုင်ပြီး. . ကျွဲကြီးကို ပစ်ဖို့ ကြိုးစားပေမယ့် မအောင်မြင်ပေ။

"နတ်ဆိုး. . ဦးစံဖကို ကယ်ပါဦး"

ကျွဲကြီးမှာ ဦးစံဖဆီကို ဦးတည်ပြီး ပြေးလာသည်ကို တွေ့လိုက်ရတော့သည်။ နတ်ဆိုး. . ကိုကြီးကျော်ဆီက ကြိုးခွေကိုယူပြီးပြေးထွက်သွားကာ. . .

"ဝှီ. . . ဝှီ. . . ဝှီ"

ကြိုးကွင်းဖြင့် ကျွဲကြီးကို အနီးကပ်လှမ်းပစ်ပြီး ခေါင်းကို စွပ်လိုက်ပေမယ့်. . ကျွဲ၏ဆွဲအားကို မနိုင်သဖြင့် မြေကြီးတွင် တရွတ်တိုက်ပြီး ပါသွားလေတော့သည်။

"ဘုရား. . ဘုရား. . နတ်ဆိုးကို ဝင်ကူပါဦး"

ရွှေဦးဝတီ နှုတ်ဖျားထက်မှ စိုးရိမ်မှုကြောင့် အော်ဟစ်ပြီး ပြောလိုက်မိ၏။ နတ်ဆိုးနားဆီသို့ ဘယ်သူမှဝင်ပြီး ကူဖို့မှာ မလွယ်ကြပေ။ နတ်ဆိုး တရွတ်တိုက်ပါရင်းက. . ပိတောက်ပင်ကြီးနားသို့ မြေတွင်လှိမ့်ပြီး ရောက်အောင်သွားကာ. . .

"ကဲကွာ. . ."

ခြေထောက်ဖြင့် ပိတောက်ပင်ကြီးကို ကန်ပြီး၊ ကြိုးကို



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ပင်တွင် ပတ်လိုက်တော့သည်။

"ဝူး. . . ဝူး. . ."

ကျွဲကြီးမှာ အရှိန်တန့်သွားပေမယ့် မာန်ကမကျဘဲ. . နတ်ဆိုးဆီကို တိုက်ခိုက်ဖို့ ဦးတည်လိုက်တော့သည်။ နတ်ဆိုးဆီမှာ ဘာလက်နက်မှ မရှိသဖြင့် ဘေးသို့ကြည့်လိုက်တော့ ကောက်လှိုင်းစည်းများထမ်းရင် အသုံးပြုသည့် နှစ်ဖက်ချွန်ဝါးလုံးကို တွေ့လိုက်ရပြီး. . လှမ်းယူကာ ကျွဲဆီသို့ ပြေးထွက်ပြီး မျက်နှာချင်း ဆိုင်လိုက်တော့သည်။

"အို. . ."

နွေဦးဝတီ မကြည့်ရဲတော့သဖြင့် မျက်လုံးကိုစုံမှိတ်လိုက်ရတော့၏။

"ဝေါင်း. . ဝူး. . ."

ကျွဲကြီးဆီမှ အသံနက်ကြီးကို ကြားလိုက်ရပြီး၊ ကျွဲ၏ ရင်ညွန့်တည့်တည့်တွင် ဝါးချွန်ကြီးက စိုက်ဝင်ပြီး၊ နတ်ဆိုးက ဘေးဘက်တွင် လဲနေသည်။

ကျွဲကြီးမှာ လူးလွန့်ပြီးနေရာမှ မြေပြင်ပေါ်သို့ လဲကျသွားပေမယ့် အသက်ကမသေသေးဘဲ ပြန်ပြီးထရန်ကြိုးစားနေသဖြင့်. . .

"ဒိုင်း. . ."





"ဟင်. . ."

ပြည်သူ့စစ်ခေါင်းဆောင် ကိုတိုက်မောင်းနှင့် မြို့နယ် စခန်းမှူး ကိုမောင်မောင်နိုင်တို့အဖွဲ့ ရောက်လာကြသည်. . ကျွဲကြီးကို သေနတ်နှင့်ပစ်လိုက်သူမှာ စခန်းမှူးမောင်မောင်နိုင် ဒီတစ်ခါတော့ ကျွဲကြီးမှာ သွေးအိုင်ထဲတွင် လုံးလုံးမလှုပ်တော့. . .

"ကိုတိုက်မောင်း. . ထော်လာဂျီစီစဉ်ဗျာ၊ ဒဏ်ရာရတဲ့သူတွေကို ဆေးရုံကို အမြန်ပို့မှ ဖြစ်မယ်. . ."

ကိုတိုက်မောင်းနှင့် ဦးမောင်ချင်းတို့က ဒဏ်ရာရထားသူများတွေကို ဆေးရုံသို့ပို့ရန် ပြင်ဆင်နေကြတော့၏။ စခန်းမှူး မောင်မောင်နိုင်မှာ သေဆုံးနေသော ကျွဲကြီးကို သေသေချာချာကြည့်ပြီး စစ်ဆေးနေသည်။

"ဒီကျွဲပိုင်ရှင်. . ဘယ်သူလဲ ဦးစံဖ"

"မောင်တိုး ရှိလား. . ."

"ရှိပါတယ်. . သူကြီး"

"မင်းက ရွာမှာ ကျွဲအငှားကျောင်းနေတဲ့ကောင်ဆိုတော့. . ဘယ်သူ့ကျွဲလဲဆိုတာ သိမှာပေါ့"

"သူကြီး. . ဒီကျွဲက ကျွန်တော်တို့ရွာက ကျွဲမဟုတ်ဘူး ညောင်ပိုင်းရွာက ဦးဖြူရဲ့ကျွဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ပြီး. . ငါတို့ရွာကို ရောက်ရတာလဲ"

"ဒီကျွဲပျောက်သွားတာ (၇)ရက်လောက်ရှိပြီ၊ ခုမှ ဘယ်ကနေထွက်လာရသလဲ မသိဘူး"

"ကျွဲက အရိုင်းစိတ်ဝင်သွားတာလား မသိဘူး"

"ဦးစံဖ. . ဒီကျွဲကို ဆေးရုံမှာ စစ်ဆေးဖို့လုပ်ရမယ်၊ နတ်ဆိုး မင်းဘာဖြစ်သွားသေးလဲ"

"နည်းနည်းပါးပါး ပွန်းပဲ့သွားတာပါ. . ဆရာ"

"ဦးစံဖ အိမ်ကိုသွားကြရအောင် ဟိုရောက်မှစကားပြောကြတာပေါ့"

"ကောင်းပါပြီ. . . စခန်းမှူး"

နတ်ဆိုးဘေးတွင် နွေဦးဝတီကပ်ပြီး လိုက်ပါလာသည်။

"သူကြီး. . သူကြီး. . ."

ရွာသားထဲမှ ချာတိတ်ဆလိုင်းထူး အပြေးကလေးရောက်လာပြီး ခေါ်လိုက်သည်။ ထို့ကြောင့် သူကြီးက. . .

"ဘာလဲ. . . ဆလိုင်းထူး"

"ဒီကျွဲလွတ်လာတဲ့ နေရာကို ကျွန်တော်သိတယ်"

"ဟေ. . ."

"ကဲ. . ငါ့ညီ လမ်းမှာမပြောနဲ့ အိမ်ကိုလိုက်ခဲ့"





"ဟုတ်ကဲ့. . ."

ဆလိုင်းထူးကိုပါ. . အိမ်ကိုခေါ်လာခဲ့တော့သည်။ ဦးစံဖ အိမ်သို့ရောက်သည်နှင့်. .

"ဆလိုင်းထူး. . ပြောစမ်း၊ ဒီကျွဲ ဘယ်ကလွတ်လာတာလဲ. . ."

"ဦးရှဒ္ဒနဲ့ ဦးမြသာတို့ပိုင်တဲ့ ယာခင်းထဲက ကျွဲတဲကနေ အောင်ကြီးနဲ့ ကျွဲကြီးတို့က ဆွဲထုတ်လာပြီး၊ ကြိုးပြတ်ထွက်သွားတာပါ"

"မင်းကိုယ်တိုင်. . တွေ့တာလား"

"ဟုတ်ကဲ့. . ကျွန်တော်ကိုယ်တိုင်တွေ့တာပါ"

"မင်းကို သူတို့တွေ့သွားလား. . ."

"မတွေ့ဘူး. . ကျွန်တော်က သဖန်းပင်ပေါ်မှာ ငှက်သိုက်တက်ပြီးနှိုက်နေရင်းနဲ့ တွေ့တာပါ"

"ဆလိုင်းထူး. . မင်းငါတို့ကို ပြောခဲ့တာ ဘယ်သူမှ မပြောနဲ့ကြားလား"

"ဟုတ်ကဲ့. . ."

"ကဲ. . မင်း သွားတော့"

ဆလိုင်းထူးထွက်သွားပြီးနောက်. . .

"စခန်းမှူး. . ဘယ်လိုယူဆလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွဲကြီးကို စိတ်ရိုင်းဝင်အောင် မူးယစ်ဆေးတစ်ခုခု တိုက်ထားတာ သေချာတယ်"

"ဒါ ဘာသဘောလဲ. . ."

"တစ်ယောက်ယောက်ကို လုပ်ကြံဖို့ ပြင်ဆင်ရင်း လွတ်သွားတာသေချာတယ်. . ဦးစံဖ"

"ရှုဒ္ဓနဲ့ မြသာ လက်ချက်ပဲဖြစ်ရမယ်"

"အောင်ကြီးနဲ့ ကျွဲကြီးကို ဖမ်းပြီးစစ်ရင်တော့ အဖြေသိရမှာပါ"

"ခုတစ်ခါတည်း ဖမ်းမလား. . စခန်းမှူး"

"တစ်ခါတည်း ဖမ်းမယ်. . ဒီကောင်တွေ ဘယ်မှာ ရှိနိုင်မလဲဆိုတာကို အရင်စုံစမ်းပြီး ဝင်ဖမ်းမယ်"

"ဒီကောင်တွေ ရှိတဲ့နေရာကို ကျွန်တော်သိတယ်"

မောင်ချင်း. . ရောက်လာပြီးပြောသဖြင့်-

"သေချာအောင် ကျွန်တော်သွားကြည့်ပြီး. . စခန်းမှူး တို့က နောက်ကနေလိုက်ဖို့ပြင်ထား"

"ဦးချင်း ကျွန်တော်လိုက်ခဲ့မယ်"

"ကောင်းတာပေါ့ကွာ. . တစ်ယောက်က စောင့်ပြီး တစ်ယောက်က ပြန်သတင်းပို့လို့ ရတာပေါ့၊ သွားကြမယ်"

"နတ်ဆိုး. . ."





"ဝတီ. . ."

"သတိနဲ့ သွားနော်"

"ဟုတ်. . ."

မောင်ချင်းနှင့် နတ်ဆိုးတို့ ခပ်သွက်သွက်ကလေး ထွက်လာခဲ့ကြတော့သည်။

"ဒီကောင်တွေ အလယ်သချိုင်းဇရပ်မှာ နေ့တိုင်းဝိုင်းဖွဲ့နေတာ. . ခုလည်း ဝိုင်းဖွဲ့လောက်တယ်"

"အလယ်သချိုင်းကို ဘေးတောစပ်ကနေ သွားမှ ကောင်းမယ်"

"အေး. . ဒါမှ ဒီကောင်တွေ မတွေ့နိုင်မှာ"

သချိုင်းဘက်ကို သွားသော တောလမ်းဆီသို့ဝင်လာခဲ့ကြတော့၏။

"ဟို. . ဇရပ်နောက်က သချိုင်းဂူဘက်ကို လူတစ်ယောက်ဝင်သွားသလိုပဲ"

"ဟုတ်တယ်. . နတ်ဆိုး"

နတ်ဆိုးတို့ ဂူတွေကို ကွယ်ပြီး၊ စကားသံကြားရာဘက်ကို ချဉ်းကပ်သွားခဲ့ကြ၏။

"အောင်ကြီး မင်းကိုဆရာကြီးက ဒေါ်ပွနေလောက်ပြီ"

"ပွပွကွာ. . မတတ်နိုင်ဘူး၊ ငါ့ကို ရှုဒ္ဓဆိုတဲ့လူ ထိရဲ



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်လို့လား. . .”

“မထိရဲဘူးလို့ မင်းက ဆိုလိုတာပေါ့”

“ဟုတ်တယ်. . သူ့ကို ခုလိုဘဝမျိုးရောက်အောင် ငါ လုပ်ပေးခဲ့ရတာ”

“လုပ်စမ်းပါဦး”

“မင်းတို့ထင်ထားသလို. . ရုဒ္ဒကဘာမှတတ်တဲ့သူ မဟုတ်ဘူး. . ငါကရွာထဲကသတင်းတွေကို သယ်လာပြီးသူ့ကို ပြောပြ. . သူ့ကိုယ်သူအကြားအမြင်ရတဲ့ပုံနဲ့ လုပ်စားနေတာ မြသာဆိုတဲ့နတ်ရူးကြီးကိုလည်း ဒီလိုပုံစံနဲ့ အယုံသွင်းခဲ့တာကွ ဟား. . ဟား. . ဟား. . ရုဒ္ဒဆိုတဲ့လူက ဓါးပြမှု၊ လူသတ်မှုနဲ့ ပြေးနေတဲ့ ဦးခေါင်ကျင်။ ငါတို့ရွာမှာလာပြီး ခြေရာဖျောက်နေတာကွ. . ငါ့ကိုအံ့တုရဲမယ်များမှတ်နေလား. . လူရှေ့သူရှေ့မှို့ သူ့ကိုဟန်ဆောင်ပြီး ပြောဆိုနေတာ. . .”

“မသိပါဘူးကွာ. . ငါတို့က တကယ့်နတ်ဆရာထင်ပြီး ကန်တော့နေရတာ မင်းပြောမှပဲ ဘာမှမဟုတ်တဲ့ကောင် ဖြစ်နေတာကိုး. . .”

“ငါတို့ရွာမှာ နတ်ဘီလူးကတော့ တကယ်ရှိတယ်”

“ဘယ်သူလဲ. . .”

“နတ်ဆိုးဆိုတဲ့ကောင်လေ. . ခုကြည့်ပါလား ဒီ





လောက်အရိုင်းစိတ်ဝင်နေတဲ့ကျွဲကြီးကို အပြတ်ရှင်းလိုက်တာ မယုံနိုင်စရာပဲ”

“အောင်ကြီး. . .”

“ဘာလဲ ကျွဲကြီး”

“ဆရာမြသာတို့ နတ်ဆိုးကိုယှဉ်နိုင်ပါ့မလား”

“ကျွဲကြီး. . ဒီလောက်ခံနေရတာတောင် မင်းကယှဉ်နိုင်မလားမေးနေသေးတယ်. . မစဉ်းစားနဲ့တော့ နတ်ဆိုး လက်ချက်နဲ့ မသေချင်ရင်၊ ခုကတည်းက ရှောင်တိမ်းဖို့ပြင် တော့. . .”

“မင်းကရော”

“ငါကဆုံးဖြတ်ပြီးပြီ. . ဒီညလစ်တော့မှာ သူတို့အခြေ အနေတွေက မကောင်းဘူး. . ရဲစခန်းက ကြီးရှည်ရှည်နဲ့လှန် ထားတာ သိပ်မကြာခင်ဖမ်းတော့မှာကွ”

“မင်းသွားမယ့်နေရာကို ငါ့ကိုပါခေါ်ကွာ. . .”

“ခေါ်ရမှာပေါ့. . သောက်ကြရအောင်”

“ချကွာ. . .”

အောင်ကြီးနှင့်ကျွဲကြီး ဂူဘေးတွင် အေးအေးဆေး ဆေးအရက်သောက်နေကြတော့သည်။

“ဦးချင်း. . ပြန်ပြီးခေါ် လိုက်တော့. . ကျွန်တော် ဒီနှစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လုံးကို ထိန်းထားလိုက်မယ်"

"နတ်ဆိုး. . လက်တော့မလွှန်စေနဲ့နော်"

"စိတ်ချပါ. . ."

မောင်ချင်း သချိုင်းထဲမှထွက်သွားပြီးနောက် နတ်ဆိုး ဂူဖြူတစ်ခုပေါ်သို့ ခုန်တက်လိုက်ပြီး. . အောင်ကြီးတို့ကို အသံပြုလိုက်သည်။

"အောင်ကြီးနဲ့ ကျွဲကြီး"

"ဟာ. . နတ်. . နတ်ဆိုး. . ."

"မင်း. . မင်း. . ဘာလာလုပ်တာလဲ"

"ခင်ဗျားတို့ကိုတွေ့ချင်လို့ လာတာပေါ့ကွာ"

"ဘာ. . ဘာကိစ္စရှိလို့လဲ နတ်. . နတ်ဆိုးရာ"

အောင်ကြီးရော၊ ကျွဲကြီးပါ တုန်လှုပ်နေလေပြီ. . သူတို့ဘယ်လိုမှ မယှဉ်နိုင်မှန်းကို သိထားခြင်းကြောင့်ပင်ဖြစ်သည်။

"ခင်ဗျားတို့ကို သိသင့်တာလေးကို သိရအောင် လာပြီးပြောပြတာ. . ."

"ပြော. . ပြောပါကွာ"

"လွန်ခဲ့တဲ့ (၂၅)နှစ်လောက်က နဂါးငွေ့တောင်တန်းရဲ့တောထဲက ရက်စက်ယုတ်မာမှုကို သတိရမှာပေါ့"

"အဲ. . ဟို. . သ. . တိ. . ရပါတယ်"





"ဒီတုန်းက ခင်ဗျားတို့သတ်လို့မသေခဲ့တဲ့ ဦးစောထီးရဲ့မွေးစားသား ခွာလျှံဆိုတာ ကျုပ်ပဲ"

"ဘာ. . ."

"ဟင်. . မင်း. . မင်းကခွာလျှံ. . ဟုတ်လား"

"ဟုတ်တယ်"

"ဒီလောက်ချောက်ကြီးထဲကျတာတောင် မင်းတို့မသေဘူး"

"ဘယ်သေမလဲ. . ကျုပ်က နတ်ဘီလူးတစ်ကောင်ပဲ"

"နတ်ဆိုးရယ်. . မြသာသတ်ခိုင်းလို့ သတ်ရတာပါကွာ. . ငါတို့ကသတ်ချင်လို့မဟုတ်ပါဘူး. . ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ရမှာပေါ့ဗျာ. . ."

နတ်ဆိုး ဂူပေါ်မှခုန်ဆင်းလာပြီး အနားသို့ကပ်သည်နှင့် ကျွဲကြီးက ကြောက်ကြောက်လန့်လန့်နှင့် သူ့ခါးကြားက ဓါးမြှောင်နှင့်နတ်ဆိုးကိုကပ်ပြီး ထိုးလိုက်သည်။

"ဗွိ. . ကဲ ကွာ. . ဖြောင်း. . အား. . ."

ကျွဲကြီး မှောက်သွားသည်နှင့် အောင်ကြီးသုတ်ခြေတင်ပြီး ပြေးဖို့ပြင်လိုက်ပေမယ့်. . နတ်ဆိုး၏ခြေကန်ချက်ကြောင့် ဂူပေါ်တွင်မှောက်သွားပြီး နှစ်ယောက်စလုံး အနားယူသွားတော့သည်။ နတ်ဆိုး. . သချိုင်းထဲမှကြိုးတိုကြိုးစတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ချည်နှောင်ကာ စခန်းမှူးမောင်မောင်နိုင်တို့အဖွဲ့ကို စော
နေလိုက်လေသည်။ သိပ်မကြာ. . မောင်ချင်းနှင့်စခန်းမှူး
အဖွဲ့ ရောက်လာကြသည်။

"ငါ့ကောင်က ပွဲတောင်သိမ်းလိုက်ပါလားကွ. . .

"ပြေးဖို့လုပ်နေတာနဲ့ သိပ်ထားလိုက်တာပါ. . ဆရ
မောင်မောင်နိုင်"

"ကဲ. . ရဲဘော် ဒီနှစ်ကောင်ကို ခေါ်ခဲ့ကြတော့"

"ဆရာမောင်မောင်နိုင်"

"ဘာများလဲ ကိုမောင်ချင်း"

"ဟို(၂)ယောက်ကိုရော ဖမ်းမှာလား"

"သူတို့ဆီက ထွက်ချက်သိတာနဲ့ တစ်ခါတည်းဖ
မယ်. . ပြေးမလွတ်ပါဘူးဗျာ၊ ဦးမြသာ့ရဲ့နောက်ဆုံးနေ့
ရောက်ပါပြီ"

နတ်ဆိုး. . ဦးမြသာကို ရာဇဝင်ကြွေးဆပ်ချင်ပေမ
ဦးစံဖမှ ဥပဒေမဲ့လက်စားချေခြင်းကို ခွင့်မပြုသောကြောင့်
သည်းခံပြီးနေနေခဲ့ရတော့သည်။နာကြည်းမှုတွေကတော့
ထဲမှာ ပြည့်နှက်နေလျက်. . .။



## အခန်း ◀ ၁၆ ▶

"ဆရာကြီးရှုဒ္ဒ. . ဆရာကြီး"

ဦးမြသာ အောင်ကြီးတို့သတင်းရရချင်း ဦးရှုဒ္ဒဆီကို
သုတ်ခြေတင်ပြီး ပြေးလာခဲ့လေသည်။

"ဟင်. . ."

ဦးရှုဒ္ဒနေထိုင်သော အိမ်တံခါးကြီးကိုပိတ်လျက် ခေါ်
သံကိုပြန်ပြီး မထူးသောကြောင့် ဦးမြသာအိမ်တံခါးကို တွန်း
ဖွင့်ပြီး ဝင်ခဲ့ရာ အိမ်ထဲတွင် ဦးရှုဒ္ဒတစ်ယောက်မရှိတော့ပေ။
ဦးရှုဒ္ဒ. . အောင်ကြီးတို့သတင်းရကတည်းက သူ့အတွက်
အခြေအနေ မကောင်းတော့ဘူးဆိုသည်ကို တွေးပြီး. . တစ်
ခါတည်း လစ်ခဲ့လေပြီ. . ဦးမြသာကိုပင် မခေါ်နိုင်တော့ပေ။

"ဆရာကြီးက ငါ့တောင်မစောင့်တော့ဘူးဟ. . ."



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင်တင်ထားသော စာခေါက်လေးကိုမြ
သဖြင့် ကောက်ယူပြီးဖတ်ကြည့်လိုက်သောအခါ. . .

"မြသာ...

ဇါနဂါးငွေတောင်တန်းတောင်ခြေမှာ စောင့်နေ
မယ် လိုက်ခဲ့..."

မင်းဆရာ

"ရှိ"

ဦးမြသာ အိမ်ကိုတစ်ခေါက်ပြန်ရန် မမီတော့သည်ကို
သဘောပေါက်လိုက်ပြီး တစ်ခါတည်းပြေးဖို့ ဆုံးဖြတ်လိုက်
သည်။

ဇနီးသည်ခင်မှုံဆီကို နောက်မှအဆက်အသွယ် ပြု
လုပ်တော့မည်။

"ငါ့ဘဝကို အခုလိုဖြစ်အောင်လုပ်တာ. . ဟိုကောင်
နတ်ဆိုး. . မင်းကိုငါကိုယ်တိုင် တစ်နေ့ပြန်ပြီးသတ်မယ်ကွ"

ဦးမြသာ နောက်ဖေးခြံပေါက်မှထွက်ပြီး ချောင်းဖော
ဆိပ်ဆီသို့ ထွက်လာခဲ့သည်။ ခါးကြားတွင်ခြောက်လုံးပြူးကို
ထိုးလျက်. . .

"ဦးမြသာ. . ."

"ဟာ. . မင်း. . နတ်ဆိုး"





"သိပ်ဟုတ်တာပေါ့. . နာမည်ရင်းကိုရော သိချင်
လား. . ခွာလျှံလို့ခေါ်တယ်"

"ဘာ. . ခွာလျှံ. . ဟို. . ဟို. . စောထီးနဲ့အတူ ပါ
သွားတဲ့ခွာလျှံ"

"ခင်ဗျားကြီး မှတ်ဉာဏ်ကောင်းသေးတာပဲ. . ကျုပ်
ကိုရွာကနေ အမိပွာယ်မရှိတဲ့အကြောင်းတွေနဲ့. . ဒုက္ခပေးရုံ
တင်မဟုတ်ဘူး. . တောထဲမှာတောင် လိုက်ပြီးသတ်တဲ့သူကို
ကျုပ်ကတူညီတဲ့တုံ့ပြန်မှုကို ပေးရမှာပေါ့. . "

"နတ်ဆိုး. . ဒီမှာတွေ့လား"

ဦးမြသာ. . သေနတ်ထုတ်ပြီး ချိန်လိုက်သည်။

"ခင်ဗျားသေနတ်လောက်ကတော့ ကျုပ်အတွက်
ဘာမှမဖြစ်လောက်ပါဘူး ဦးမြသာ. . ပစ်ရင်ထိအောင်ပစ်
နော်. . ."

"ကဲကွာ. . ချောက်. . ဟင်"

နတ်ဆိုးကံကောင်းသွားတယ်လို့ ဆိုရမည်။ ဦးမြသာ
သေနတ်ကျည်ဆန်ဂျမ်(ပ)ဖြစ်ပြီး ကျည်မထွက်. . .။

"ဟား. . ဟား. . ဟား. . နတ်ဆိုးဘာကောင်လဲ ဆို
တာသိပြီလား. . ."

ဦးမြသာ နောက်တစ်ကြိမ်ထပ်မပစ်ခင် နတ်ဆိုးပြေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခုန်ကန်လိုက်တော့သည်။

"ဖြောင်း . . အီး . . ."

ဦးမြသာ၏အရှိုက်ကို ကန်မိသဖြင့် နောက်သို့လန်ကျသွားတော့သည်။ နတ်ဆိုးသူ့ဘဝ၏ နာကျင်ဖွယ်ကောင်းသော ပုံရိပ်ဟောင်းတွေကို ပြန်ခံစားမိပြီး . . ဦးမြသာကို ဘေးမှသစ်ချောင်းဖြင့် ရိုက်ဖို့ပြင်လိုက်စဉ် . . .

"နတ်ဆိုး . . မလုပ်နဲ့လေ"

"ဟင် . . ဝတီ"

နွေဦးဝတီ အပြေးကလေးရောက်လာပြီး နတ်ဆိုးလက်မောင်းလေးကို ဆုပ်ကိုင်ထားလိုက်သည်။

"သူ့ကို တရားဥပဒေအတိုင်းပဲဖြစ်ပါစေ နတ်ဆိုးရယ်"

"ဟင်း . . ဘုတ် . . ."

နတ်ဆိုး . . လက်ထဲက တုတ်ချောင်းကို လွှတ်ချလိုက်တော့သည်။

"ဟိုမှာ စခန်းမှူးတို့အဖွဲ့လာနေပြီ . . ."

"နတ်ဆိုးရေ . . ငါတို့က ခုပွဲမှာ လက်ထိတ်ခတ်ဖို့သက်သက်ဖြစ်နေတယ်"

"တစ်ယောက်ကတော့ လွတ်သွားတယ် . . ဆရာမောင်မောင်နိုင်"





"ဦးရုဒ္ဒလား . . ."

"ဟုတ်ကဲ့"

"ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူးကွာ . . ဦးမြသာ . . ခင်ဗျားသတိရပြီလားဗျ"

"ဆရာ . . ဆရာရယ် . . ကျုပ် . . ကျုပ် . . ဘာ အပြစ်တွေကျူးလွန်မိလို့လဲ"

"ခင်ဗျားဘာအပြစ်တွေကျူးလွန်သလဲဆိုတာ ပြောရမှာသိပ်ပြီးများလွန်းလို့ ဘယ်ကစပြီးပြောရမှန်းတောင် မသိတော့ပါဘူး . . လူသတ်မှု၊ ဓါးပြမှု၊ သစ်ခိုးမှုတွေနဲ့ ဖမ်းတယ်လို့ပဲသိလိုက်ပါ . . ခင်ဗျားငြင်းမယ်ဆိုငြင်းလို့ရပါတယ်"

"မငြင်းတော့ပါဘူးဗျာ . . ."

"သွားကြမယ် . . နံ့သာရိုင်းရွာအတွက် အခုမှမကောင်းတဲ့မိစ္ဆာကို ရှင်းနိုင်တာပါ . . ဦးစံဖ"

"ပြောပါစခန်းမှူး"

"ဦးမြသာပိုင်ဆိုင်မှုတွေကို စိစစ်ပြီး သိမ်းသင့်တာတွေကို သိမ်းဖို့လုပ်ပါ"

"ဟာ . . မ . . မလုပ်ကြပါနဲ့ဗျာ"

"ခင်ဗျား . . မတရားဓါးပြတိုက်ပြီးယူထားတဲ့ ပစ္စည်းတွေကို ဥပဒေလမ်းကြောင်းကပဲ ပြန်ယူရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . နတ်ဆိုး"

"ဘာလဲ ဦးမြသာ. . ."

"မင်း. . မင်းကြောင့် ငါခုလိုဖြစ်ရတာကွ"

"ဦးမြသာ. . ခင်ဗျားပြုခဲ့တဲ့ မကောင်းမှုတွေကို တစ် သက်လုံးဖုံးကွယ်ထားလို့ ရမယ်ထင်နေလား. . ဘယ်တော့ မရဘူး. . ခင်ဗျားကံကောင်းပါတယ် ကျုပ်စိတ်အတိုင်းသာဆို ခင်ဗျားအသက်ရှင်ခွင့်တောင် ရမှာမဟုတ်ဘူးမှတ်"

ဦးမြသာကို သက်ဆိုင်ရာမှ ခေါ်ဆောင်သွားပြီး နောက်. . ရွာသားတွေကိုဦးစံဖ ခေါ်ယူလိုက်သည်။ ရွာသူ ရွာသားတွေက ဘာကြောင့်ခေါ်မှန်းမသိကြပေ. . .။

"မောင်ချင်း. . လူစုံပြီလားဟေ့"

"စုံနေပါပြီ. . သူကြီး"

နတ်ဆိုးနှင့် နွေဦးဝတီတို့က ဘေးခုံလေးတွင်ထိုင်ပြီး ဦးစံဖ ရွာသူရွာသားတွေကို ဘာပြောမလဲဆိုတာကို နားစွင့်နေ ကြသည်။

"ခင်ဗျားတို့ကိုခေါ်ရတဲ့ အကြောင်းကတော့ ဦးမြသာ အကြောင်းကို အရင်ရှင်းပြမယ်. . သိသင့်သလောက်လည်း သိနေကြမှာပါ. . ဦးမြသာဟာ ရွာသူကြီးဘဝနဲ့လူသတ်၊ ဓါး ပြတိုက်ပြီး ဒုစရိုက်မှုတွေကို ကျူးလွန်ခဲ့တယ်. . ပြီးတော့





ရွာသူရွာသားတွေကို သူကြီးအာဏာနဲ့ လယ်ယာတွေ၊ ကျွဲ၊ နွားနဲ့ အိမ်တွေကို သိမ်းယူတယ်. . ပြီးတော့ ရွာထဲမှာသူ့ လက်အောက်ခံကောင်တွေကို အရက်ဆိုင်တွေ၊ လောင်းက စားဝိုင်းတွေလုပ်ခိုင်း. . ရွာရဲ့အကျင့်စာရိတ္တတွေကို ဖျက်ဆီး ပစ်ခဲ့တာ. . သိပ်ယုတ်မာခဲ့ပါတယ်. . ခုတော့သူ့ဇာတ်ကို သူ သိမ်းသွားပြီ"

"လူယုတ်မာကြီးကို သေဒဏ်ကိုချပစ်ရမှာ. . ."

"ငါတို့ကတော့. . သူတော်ကောင်းကြီးမှတ်နေတာ ခုမှဘီလူးဇာတိကို ပေါ်တော့တယ်"

"တောက်. . ဒင်းကို သက်ဆိုင်ရာလက်ထဲမအပ်ရ ဘူး. . တစ်ခါတည်း သတ်ပစ်လိုက်ရမှာ"

ရွာသူရွာသားများထံမှ စကားသံများ ထွက်ပေါ်လာ တော့သည်။

"ခုလို ဦးမြသာရဲ့ယုတ်မာမှုကို ဖော်ထုတ်ပေးနိုင်တာ ရယ်. . ရွာသူရွာသားတွေကို ရှေ့ဆက်ပြီး မတရားအနိုင်ကျင့် မှုတွေကို ကယ်ပေးလိုက်တာ ဟောဒီက မောင်နတ်ဆိုးရဲ့ ကျေးဇူးကြောင့်ပါ"

"ဟုတ်တာပေါ့ဗျာ. . သူ့ကြောင့် ရွာသားတွေကို ဟို ကျွဲရိုင်းကြီးသတ်တာကို မခံရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးရှင်လေးပါတော်. . နို့မို့ဆိုရင် ဦးမြသာရဲ့ ယုတ်မာမှုတွေကို ဘယ်လောက်ထိခံနေရမလဲ မသိဘူး"

"အားလုံး ကျုပ်စကားကိုဆက်ပြီး နားထောင်ပါ. . လွန်ခဲ့တဲ့(၂၅)နှစ်လောက်က ကျုပ်ဆီမှာ ခင်ဗျားတို့တောင်းဆိုခဲ့တဲ့ အဖြစ်ကလေးတစ်ခုကို သတိရကြမှာပါ. . မှတ်မိကြမှာပါ. . ."

"မှတ်မိပါတယ်သူကြီး. . ဒီတုန်းက ဦးမြသာကရွာမှာ မကောင်းဆိုးဝါးကလေးတစ်ယောက် ရောက်နေပြီ ရှင်းလင်းပစ်ဖို့ ရွာသူကြီးဆီကို သူကဦးဆောင်ပြီးလုပ်ခဲ့တာလေ"

"သိပ်ဟုတ်ပေါ့ဗျာ. . ဒီကလေးဟာ ဟောဒီက နတ်ဆိုးခေါ် ခွာလျှံလေးပါပဲ"

"ဟာ. ."

"ဟင်. ."

ရွာသူရွာသားအားလုံး အံ့သြကုန်ကြတော့သည်။

"ဒီတုန်းက ရာသီဥတုကြောင့် လယ်ယာစိုက်ပျိုးရေးတွေ အခက်အခဲဖြစ်ခဲ့တာကို ဘာမှအပြစ်မရှိတဲ့ကလေးပေါ်မှာ ပုံချပြီးလုပ်ခဲ့ကြတာပါ. . ဒီကလေးကို ရွာကမောင်းထုတ်လိုက်ကြပြီး ဘာထူးလဲ အဲဒီနှစ်က သီးနှံတွေဆက်ပြီးပျက်စီးကြတာပဲလေ. . တကယ့်အဖြစ်မှန်ကို မရှာဖွေဘဲနဲ့ မြသာရဲ့





စကားကိုယုံစားခဲ့မိလို့ ဖြစ်ခဲ့ကြတာပါ. . ခုဒီကလေးကပဲ ခင်ဗျားတို့ရွာရဲ့ ကံကြမ္မာကိုကယ်တင်လိုက်ပြီ. . ကျုပ်ပြောချင်တာက ခုနတ်ဆိုးကို ရွာကနေမောင်းထုတ်ဖို့ ဆန္ဒရှိတဲ့သူဆိုတင်ပြနိုင်တယ်"

ရွာသူရွာသားများ ဘယ်သူမှအသံထွက်မလာကြတော့ပေ။ ခဏကြာမှရွာသားတစ်ဦး ထရပ်ပြီး. . .

"ဒီတုန်းက မှားယွင်းခဲ့တာကို ရွာသားတွေအားလုံးကိုယ်စား တောင်းပန်ပါတယ် မောင်နတ်ဆိုး. . ."

"ဟုတ်ပါတယ်ကွယ်. . ကျေနပ်ပေးပါ"

"ခွင့်လွှတ်ပေးကွယ်. . ."

"မောင်နတ်ဆိုး"

"ဗျာ. . ဦးလေးစံဖ"

"မင်းပြောလိုက်လေကွယ်"

"ကျွန်တော့်စိတ်ထဲမှာ ရွာသားတွေအပေါ်မှာ ဘယ်လိုမှသဘောမထားပါဘူး. . ကျွန်တော် စိတ်အနာဆုံးက ဦးမြသာပါ အားလုံးကို ခွင့်လွှတ်ပါတယ်"

"ကဲ. . နောက်ဆုံးစကားပြောမယ်။ သေသေချာချာနားထောင်ကြပါ. . ကျုပ်တို့ရွာကြီးမှာ နှစ်ပေါင်းများစွာပျက်စီးနေတဲ့တံတားကြီးကို မကြာခင်တည်ဆောက်တော့မယ်. .



www.burmeseclassic.com

www.burmeseclassic.com



ဒီတံတားကြီးသာပြီးသွားခဲ့ရင် ရွာရဲ့အဓိကကျတဲ့တောင်ယာနဲ့လယ်ယာလုပ်ငန်းတွေကို အဆင်ပြေချောမောစွာ လုပ်ကိုင်နိုင်တော့မှာဖြစ်တယ်. . ဒီတော့နံ့သာရိုင်းရွာသူရွာသားအားလုံး ညီညီညွတ်ညွတ်နဲ့ စုပေါင်းပြီးလုပ်အားပေးကြပါလို့. . မေတ္တာရပ်ခံချင်ပါတယ်"

"စိတ်ချပါသူကြီး. . ကျုပ်တို့ရွာသားတွေ တတ်နိုင်တဲ့ဘက်ကဝင်ပြီး လုပ်ကိုင်ပေးမှာပါ"

"ခုလိုကြားရတာ ဝမ်းသာပါတယ်ဗျာ. . ."

ဦးမြသာ သူကြီးလက်ထက်တွင် ရွာ၏တိုးတက်မှုကို တစ်ခုမှမလုပ်ခဲ့တဲ့အပြင် ဘာသာရေးပွဲ၊ ရိုးရာပွဲတွေကိုပင် သူ၏လောင်းကစားပွဲများနှင့် ရောယှက်ပြီးလုပ်ကိုင်ခဲ့သောကြောင့် ပျက်စီးခဲ့သည်မှာကြာပြီဖြစ်သည်။

"သူကြီးကို တစ်ခုတင်ပြပါရစေ"

"ဘာကိုလဲကွာ. . တင်ပြလေ"

"ဒီနှစ်ရွာဘုရားပွဲကို အကောင်းဆုံးဖြစ်အောင် လုပ်ချင်ပါတယ်. . ."

ရွာစေတီကြီးမှာ ဒီနှစ်ဆိုရင်နှစ်ပေါင်း(၁၀၀) ပြည့်တဲ့နှစ်ကို ရောက်ခဲ့ပြီဖြစ်သောကြောင့် နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နံ့သာရိုင်းရွာတွင် အစည်ကားဆုံး ကျင်းပဖို့ဆုံး





ဖြတ်ချက်ချလိုက်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်တော့၏။

"နတ်ဆိုး. . ."

"ဝတီ. . ဘာပြောမလဲ ပြောလေ"

"ဝတီ. . နတ်ဆိုးအတွက် အရမ်းကိုရင်ထဲမှာ ကြည်နူးသလိုခံစားရတယ်သိလား"

"တို့လည်းဝမ်းသာမိပါတယ်. . တို့ပေါ်မှာ တစ်ချိန်က မကောင်းတဲ့ မိစ္ဆာတစ်ကောင်လိုမြင်နေတဲ့ နံ့သာရိုင်းရွာသူရွာသားတွေက ခုလိုနားလည်သွားကြတာကို အရမ်းဝမ်းသာမိတယ်. . ."

ကြည်နူးခြင်းထပ်တူ ခံစားချက်လေးတွေနှင့် နှစ်ဦးသားရင်ထဲမှာကား. . .။

ဤ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၁၇ ▶

ဒေါ်ခင်မှုံတစ်ယောက် ခင်ပွန်းဖြစ်သူအပြစ်ဒဏ်ကျခံ ပြီးနောက်. . ဦးမြသာမတရားရှာဖွေထားသည့် ပစ္စည်းတွေကို လည်း သက်ဆိုင်ရာမှ သိမ်းဆည်းလိုက်သဖြင့် အရင်လိုဘဝ မျိုးမဟုတ်တော့ပေ။ ဦးစံဖ၏ထောက်ထားစာနာမှုကြောင့် ဆက်ပြီး ဘဝရပ်တည်ခွင့်လေးကို ရထားပေမယ့် နံ့သာရိုင်းရွာ တွင်ဆက်ပြီးနေရန် အင်အားမရှိတော့ပေ. . အိမ်ခြံများကို ရောင်းချပြီး တခြားရွာသို့ ပြောင်းရွှေ့ပြီးနေထိုင်တော့သည်။ ရန်ကုန်မှာရှိသော သားဖြစ်သူကျော်ဦးမြသာကိုလည်း ရန်ကုန် မှာဆက်ပြီး မထားနိုင်ဘဲ ရွာကိုပြန်ပြီး ခေါ်ထားရ တော့သည်။

"တောက်. . အဘကို ထောင်ထဲပို့ပြီး သားတို့ဘဝ တွေကို ခုလိုဖြစ်အောင်လုပ်တာ ခွာလျှံဆိုတဲ့ကောင်ပေါ့"





"ဟုတ်တယ်သား. . သူနဲ့ သူကြီးဦးစံဖ ဒင်းတို့(၂) ယောက်ကို တစ်သက်မကျေဘူး. . မင်းအဘက အမေ့ကို စကားတစ်ခွန်းပြောခဲ့တယ်သား"

"ဘာစကားလဲအမေ. . ."

"သူ့သားကို သူ့ကိုယ်စား ဒင်းတို့ကိုလက်စားပြန်ပြီး ချေခိုင်းတဲ့"

"စိတ်ချ. . သားဒင်းတို့(၂)ယောက်ကို အဘကိုယ်စား လက်စားပြန်ပြီး ချေပေးပါ့မယ်"

အသိတရားမဲ့သော မိဘ၏စကားကို ဆင်ခြင်တုံတ ရားမရှိသောသားဖြစ်သူက နားထောင်လျက်. . မိုက်တွင်းကို ဆက်ပြီးတူးတော့မည်ဖြစ်၏။

"ဒေါ်ခင်မှုံ. . ဒေါ်ခင်မှုံ. . ."

"ဟော. . ဘယ်သူလဲ. . ဝင်ခဲ့လေ"

လူငယ်တစ်ဦး အိမ်ထဲကိုဝင်လာပြီးနောက်. . .

"ဘာကိစ္စလည်း ချာတိတ်"

"လူကြီးတစ်ယောက်က စာပေးခိုင်းလိုက်လို့. . ."

"ဘယ်သူလဲ. . ."

"မသိဘူး"

"ပေး. . ပေး. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မှုံ. . ချာတိတ်လာပေးသောစာကိုယူပြီး ဖတ်လိုက်သည်။

"ဒေါ်ခင်မှုံ...

ခင်ဗျားသားပြန်ရောက်ပြီဆိုတဲ့သတင်းကို ကြားတယ်၊

ကျုပ်ဆီကိုခေါ်လာခဲ့ပါ...သူ့ဖခင်အတွက် ရာဇဝင်ကြွေးတွေ

ဆပ်ဖို့အတွက် တိုင်ပင်စရာတွေရှိတယ်

ရှဒ္ဓ"

"အမေ. . ဘယ်သူ့စာလဲ"

"မင်းအဘရဲ့ဆရာဆီကစာပါ သား. . ."

"အဘပြောတဲ့ဆရာကြီးရှဒ္ဓဆိုတာလား. . ."

"ဟုတ်တယ်. . သားကိုသူကတွေ့ချင်လို့တဲ့၊ ရော့. . ဖတ်ကြည့်လေ"

ကျော်ဦးမြသာ ဒေါ်ခင်မှုံ ပေးလိုက်သောစာကို ဖတ်လိုက်ပြီး ဖခင်အတွက်နှင့်သူ့ဘဝအတွက် ဦးရှဒ္ဓနှင့်အတူလုပ်ကိုင်ဖို့ကို ဆုံးဖြတ်လိုက်သည်။

"သား. . ဘယ်လိုသဘောရလဲ"

"ဆရာကြီးရှဒ္ဓဆီကို သွားမယ်မေမေ. . သူ့ဆီကိုသွားဖို့လွယ်ပါ့မလား. . သူကဝရမ်းပြေးဖြစ်နေတာမဟုတ်လား"

"ဆရာကြီးရှဒ္ဓဆီကို သွားလို့ရပါတယ်. . သားဖေဖေ





ထောင်ထဲရောက်သွားကတည်းက ဆရာကြီးရှဒ္ဓက မေမေ့ကို အဝေးကနေစောင့်ရှောက်နေခဲ့တာသားရေ. . သူ့ကျေးဇူးတွေက ဆပ်လို့မကုန်ပါဘူးကွယ်"

"မေမေ. . ခုသွားကြမှာလား"

"မှောင်စပျိုးတော့မှသွားမယ်သား. . ."

"မေမေ့ကိုမေးရဦးမယ်. . နံ့သာရိုင်းရွာမှာ တံတားဆောက်ဖို့အတွက် ပြင်ဆင်နေတယ်ဆို"

"ဟုတ်တယ်သား. . ရန်ကုန်က အင်ဂျင်နီယာမိန်းကလေးတစ်ဦး ဦးစီးပြီးလုပ်နေတာပဲ သူ့နာမည်က. . နေပါဦး. . နွေဦးဝတီတဲ့"

"ဟင်. . နွေဦးဝတီ"

ကျော်ဦးမြသာ အံ့အားသင့်စေခဲ့သော အမည်လေးတစ်ခုပင်. . ရန်ကုန်တွင်သူစွဲလမ်းခဲ့သောသူမကို မမျှော်လင့်ဘဲ သူ၏နယ်နိမိတ်တွင် ရောက်နေခဲ့လေပြီ။

"ဟိုကောင် နတ်ဆိုးနဲ့ ဘာလိုလိုဖြစ်နေတယ်လို့. . ပြောတာပဲ"

"ဘာ. . ."

နှလုံးသားနုနု ကျွဲခတ်တာထက် နာကျင်စေသော စကား. . ဖခင်အတွက်နာကြည်းချက်နှင့် ပေါင်းစပ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆိုးကို ကျော်ဦးမြသာ. . စက္ကန့်ပိုင်းလောက်တောင် လူ့ပြည်တွင် မထားချင်တော့ပေ။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကိုကြိတ်လိုက်မိတော့၏။

မဒါ်ခင်မွှံနှင့် ကျော်ဦးမြသာ မှောင်စပျိုးချိန်တွင်. . ခါတ်မီးလေးကိုဆွဲပြီး ရွာနောက်ဖက်ချောင်းရိုးလေးဘက်ကို ဆင်းလာခဲ့ကြသည်။ ကျော်ဦးမြသာက လှေကိုလှော်ခတ်ရင်း ချောင်းရိုးအတိုင်းစုန်ဆင်းလာခဲ့သည်။

"သားရေ. . ရှေ့နားက လျှိုလေးထဲကိုဝင်လိုက်"

လှေတစ်စင်းသာသာ ချောင်းလက်တက်လေးထဲသို့ ဝင်လာပြီးသိပ်မကြာ. . ဝါးတံတားလေးတစ်ခုဆီသို့ ရောက်ခဲ့ကြသည်။

"လှေကိုဒီမှာပဲထားခဲ့သား. . ကြိုးတော့ သေသေချာချာချည်ခဲ့ကွဲ. . အပြန်ကျရင်အခက်တွေ့မယ်"

ကျော်ဦးမြသာ. . မိခင်ဖြစ်သူပြောသည့်အတိုင်း လှေကလေးကို ဝါးတိုင်တွင်ချည်ခဲ့ပြီး ကုန်းပေါ်သို့တက်ခဲ့ကြပြီး ကွင်းပြင်တစ်ခုကို တစ်နာရီနီးပါးလျှောက်ခဲ့ပြီးမှ. . ယခင်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တပ်တွေ အသုံးပြုခဲ့သော တိုက်ပျက်ကြီးတစ်ခုကို ရောက်ခဲ့ကြသည်။

"ဘယ်သူလဲ. . ."

တိုက်ပျက်ထဲမှ လူတစ်ယောက်အသံကြောင့်. . .

"ဒေါ်ခင်မှုံလာတယ်လို့ ပြောလိုက်"

"ဒါဆိုရင် ဝင်ကြပါ"

ဒေါ်ခင်မှုံတို့ တိုက်ပျက်ထဲကိုရောက်မှ မီးထွန်းကြတော့သည်။

"ခင်မှုံ. . လာဗျာ၊ကျုပ်ကစောင့်နေတာ"

ဦးရုဒ္ဒထွက်လာပြီး အခန်းတစ်ခုထဲသို့ ခေါ်လိုက်လေသည်။

"ရန်ကုန်မှာ ပညာသွားသင်တဲ့ ကျော်ဦးမြသာဆိုတာ မင်းလား. . ."

"ဟုတ်ပါတယ်"

"မင်းနဲ့ငါက နံ့သာရိုင်းရွာမှာ တစ်ခါမှမဆုံဖြစ်ခဲ့ကြဘူး. . မင်းရွာကိုလာတဲ့အချိန်ဆိုရင် ငါကခရီးထွက်နေတာနဲ့ လွဲနေခဲ့ရတယ်။ မင်းအရက်သောက်မလား"

"တစ်ခွက်လောက်တော့ သောက်ချင်တယ်"

ကျော်ဦးမြသာတစ်ယောက် မိဘရှေ့တွင်ထားရမည့်





ဂါရဝတရားကို အလေးမထားဘဲ ဦးရုဒ္ဒဆီကအရက်ခွက်ကို ယူပြီး သောက်လေသည်။ မိခင်ဖြစ်သူကလည်း သားဖြစ်သူကို တားမြစ်ခြင်းမရှိဘဲ ဦးရုဒ္ဒဘေးတွင်ထိုင်လျက်. . .

"မင်းအဖေနဲ့ ပတ်သက်ပြီး မင်းသိပြီးလောက်ပြီပေါ့"

"အမေပြောပြလို့ သိပြီးပါပြီ. . ."

"မင်းဘာဆက်ပြီးလုပ်မလဲ ကျော်ဦးမြသာ"

"ကျုပ်. . ဒီကောင်တွေကို လက်စားပြန်ပြီးချေမယ်"

"သိပ်ပြီးကောင်းတာပေါ့ကွာ. . ချေကိုချေရမယ် တစ်ခုတော့ရှိတယ် ငါကခုမှအင်အားကို ပြန်ပြီးစုရတာဆိုတော့ ငါတို့မှာငွေကြေးအခက်အခဲတော့ ရှိနေတယ်. . ပါသမျှလေးတွေနဲ့ ခုလိုလူအင်အားရအောင် လုပ်ထားရတာဆိုတော့ ငွေကကုန်သလောက်ဖြစ်နေပြီ. . ."

"ဆရာကြီး ဘယ်လိုရှာမယ်လို့ စဉ်းစားထားလဲ"

"ရွာတွေမှာ ပြည်သူ့စစ်တွေက လုံခြုံရေးတင်းကျပ်ထားတော့ ဓါးပြဝင်ပြီးတိုက်ဖို့မလွယ်ဘူး. . တိုက်မယ်ဆိုရင် လက်နက်အင်အား၊ လူအင်အားကောင်းဖို့လိုတယ်. . လူစုဆောင်းရတာ သိပ်ပြီးပြဿနာမရှိပေမယ့် လက်နက်ဝယ်ဖို့က ငွေလိုတယ်"

"ငွေများများရမယ့် လုပ်ကွက်ကလေးမရှိဘူးလား. . .



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး"

"တွေ့ထားတယ် ကျော်ဦးမြသာ"

"ဘယ်မှာလဲ"

"နို့သာရိုင်းရွာမှာ ရှေးဟောင်းစေတီကြီးကို တူးဖော်ပြီး ပြန်ပြီးတည်ဆောက်ဖို့လုပ်နေတဲ့နေရာမှာ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်တွေနဲ့ ရွှေ၊ ငွေ၊ ပတ္တမြားတွေက ငါတို့အတွက် လွယ်လွယ်နဲ့အဆင်ပြေစေမယ့် နည်းလမ်းပဲ. . နယ်စပ်ဘက်ကို ထုတ်ပြီးရောင်းရင် လက်နက်ပါဝယ်လို့ရတယ်. . ဘယ်လိုသဘောရလဲ"

"သိပ်ကောင်းတဲ့နည်းလမ်းပါ ဆရာကြီး"

"မင်းနဲ့ငါ စတင်ပြီးလှုပ်ရှားရမယ့်ပွဲပဲဟေ့"

"ဘယ်နေ့စမလဲ ဆရာကြီး"

"မနက်ဖြန်လကွယ်နေ့ဆိုတော့. . လှုပ်ရှားလို့ အကောင်းဆုံးနေ့ပဲ"

"ခုလက်ရှိအင်အားက ဘယ်နှစ်ယောက်ရှိလဲ"

"မင်းနဲ့ဆို(၆)ယောက်. . နောက်ဆိုရင် အယောက်(၆၀)ဖြစ်ရမှာပေါ့ကွာ. . ဟား. . ဟား. . ဟား. . ဒေါ်ခင်မှုံဒီညတော့ ဒီမှာပဲအိပ်ပြီး မနက်ကျမှခင်ဗျားပြန်ပေတော့. . ကျော်ဦးမြသာကတော့ ကျုပ်ဆီမှာနေပြီး မနက်ဖြန်ကို လုပ်





ငန်းစမယ်. . ."

"ရှင့်သဘောပါပဲ. . ."

"ကျော်ဦးမြသာ. . သောက်ကွာ"

ငရဲမကြောက်သော လူမိုက်များ၏ ညကတော့. . ရစ်မူး၍ကောင်းနေဆဲ။ ကျော်ဦးမြသာနှင့်ရုဒ္ဒတို့၏ အဆုံးစွန်ကျသော ယုတ်မာမှု၏ခြေလှမ်းတွေကတော့ စတင်တော့မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၁၈ ▶

ချောင်းကူးတံတားကြီးကို စတင်ပြီးအုတ်မြစ်ချသည့် နေ့ကလေးက ပြီးဆုံးခဲ့လေပြီဖြစ်သည်။ နံ့သာရိုင်းရွာသူရွာသားများလည်း ညီညီညွတ်ညွတ်နှင့် ပါဝင်လုပ်အားပေးခဲ့သောကြောင့်. . နွေဦးဝတီကြည်နူးမိခဲ့တာအမှန်. . .

"ဝတီ. . ."

"ဩော်. . နတ်ဆိုး လာလေ"

နွေဦးဝတီရပ်ပြီးကြည့်နေသော ကုန်းမြင့်ပေါ်သို့. . နတ်ဆိုးကို လှမ်းပြီးခေါ်လိုက်သဖြင့် နတ်ဆိုးတက်ခဲ့သည်။

"ဘာဖြစ်လို့လဲ"

"ရန်ကုန်က စာပေးခိုင်းလိုက်လို့"

နွေဦးဝတီ ကြည့်လိုက်တော့ ဖခင်ကြီးဆီမှ စာဆို





သည်ကို သိလိုက်ရသည်။

"အိမ်ရောက်မှပဲ ဖတ်တော့မယ်. . ."

စာအိတ်ကလေးကို ခေါက်ပြီး အိတ်ကပ်ထဲသို့ထည့်လိုက်လေသည်။

"ဝတီ. . တံတားကြီးဆောက်ရင် ဘယ်လောက်ကြာမှာလဲဟင်. . ."

"ခုလိုစက်ကိရိယာတွေရော လူအင်အားပါကောင်းရင် သိပ်ပြီးမကြာလှဘူးလို့ ထင်တာပဲ. . ဘာလို့မေးတာလဲ"

"ဩော်. . ဝတီနဲ့ ဒီရွာလေးမှာ တွေ့ရမယ့်ရက်ကလေး ဘယ်လောက်ကျန်သေးသလဲ ဆိုတာကို သိချင်လို့ပါ. . ."

"ဟင်. . ."

နွေဦးဝတီအနေဖြင့် ဆုံစည်းခြင်းပေါ်မှာသာ အမှတ်တရဖြစ်ခဲ့ပြီး ခွဲခွာရမည့်အချက်ကို သတိမမူခဲ့သောကြောင့် နတ်ဆိုးစကားက သူမရင်ကို သတိပေးလိုက်သလိုဖြစ်သွားသည်။

"နတ်ဆိုးရယ်. . ခုချိန်မှာ ဝမ်းနည်းစရာကောင်းတာတွေကို မပြောနဲ့နော် ဒို့မတွေးချင်ဘူး"

"ဒို့ တောင်းပန်ပါတယ်. . ဝတီ၊ နောက်ဆိုမပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး သွားကြရအောင် အပြန်မိုးချုပ်မယ်"

"အင်း. . ."

နှစ်ယောက်အတူတူ ဆင်းလာခဲ့ကြစဉ် မြို့နယ် အင်ဂျင်နီယာရုံးမှ ကိုသာအောင်တို့နှင့် ဆုံလိုက်ရသည်။

"နွေဦးဝတီအတွက် သမိုင်းမှတ်ကျောက်တင်မည့် တံတားတစ်ခုဖြစ်ခဲ့မှာပါဗျာ. . ."

"ကျွန်မ တစ်ယောက်တည်းကြောင့်ဆိုတဲ့ သမိုင်းကို တော့ မရေးထိုးချင်ဘူးနော်. . အဖက်ဖက်က ပူးပေါင်း ဆောင်ရွက်လို့ အောင်မြင်တယ်ဆိုတာကိုပဲ ကျွန်မကသမိုင်း ရေးထိုးချင်တယ်"

"ရှေ့အပတ်မှာ ညွှန်ချုပ်ကိုယ်တိုင်ဆင်းပြီးကြည့်မယ် လို့ကြားတယ်"

"လူကြီးတွေ စိတ်ဝင်စားတော့ ပိုပြီးကောင်းတာပေါ့ ရှင်. . ."

"နွေဦးဝတီ. . ."

"ဘာများလဲ ကိုသာအောင်"

"နံ့သာရိုင်းရွာမှာနေရတာ ပျော်ရွှင်မှုရှိရဲ့လား. . ."

"နေရတာ စိတ်ချမ်းသာသွားပါပြီရှင်. . ရွာမှာဟိုမ ကောင်းဆိုးဝါးတွေမှ မရှိတော့တာ"





"သူကတော့ ပျော်မှာပေါ့. . ကျုပ်ကတော့ မပျော်နိုင် သေးဘူးဗျ"

ကိုကြီးကျော်မျက်နှာကို မဲ့ရွဲ့ပြီး ပြောနေလေသည်။

"ခင်ဗျားသတင်း ကြားတယ်နော်"

"ခင်ဗျားက ဘာသတင်းတွေကြားရပြန်ပြီလဲ. . ."

"ခုရန်ကုန်ဌာနချုပ်ရုံးက လာကြမယ့်ထဲမှာ ခင်ဗျား မဒီလေးပါတယ်ဆို"

"ဝတီ. . ဒါနင့်လက်ချက်မဟုတ်လား"

"အံမာ. . သူများအကြောင်းကို စပ်စပ်စုစုမပြောပါ ဘူးနော်. . ."

"ဒါဆို ဘယ်လိုလုပ်ပြီးသိတာလဲ"

"ဘယ်သူပြောလို့မှမဟုတ်ဘူး. . ခင်ဗျားကိုယ်တိုင် ပြောတာလေ"

"ကျုပ်က. . ဘယ်တုန်းကများပြောဖူးလို့လဲ"

"ဟိုတစ်နေ့က ခင်ဗျားရုံးချုပ်ကို ဖုန်းဆက်ပြီးခင်ဗျား ပြောနေတာကို အကုန်ကြားနေရတာပဲ"

"ဟာ. . ဗျာ. . ."

"ကဲ. . ရှင်းပြီလား"

ကိုကြီးကျော်ဘာမှပင် မပြောနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



“ဟိုမှာ သူကြီးနဲ့ ကိုမောင်ချင်းတို့ပါလား”

ကိုမောင်ချင်းက ဦးစံဖကိုတွဲပြီးလာနေသည်ကို တွေ့လိုက်ရပြီး . . မျက်နှာချင်းဆိုင်ရောက်တော့ . .

“နတ်ဆိုး . . .

“ဗျာ . . ဦးလေးစံဖ”

“မင်းဒီည စေတီဟောင်းကြီးမှာသွားပြီး . . လူငယ်တွေနဲ့ စောင့်ဦးကွာ”

“ဟုတ်ကဲ့ပါ . . .”

“ဘာသတင်းတွေ ရထားလို့လဲဦးစံဖ”

“ရွာစေတီဟောင်းကြီးက ဌာပနာတွေကို . . ငရဲမကြောက်တဲ့လူမိုက်တွေက မျက်စိကျနေကြတယ် . . ဘယ်သူဘယ်ဝါဆိုတာတော့ မသိပါဘူး . . ကိုယ့်ဘက်က သတိရှိတော့ပိုကောင်းတာပေါ့ကွာ”

“ရှေးဟောင်းစေတီကြီးက ရတနာတွေက ခုကာလပေါက်ဈေးနဲ့ဆို သိန်းမနည်းဘူး တန်တာ . . ဒီကောင်တွေလောဘတက်မယ်ဆိုလည်း တက်လောက်တယ် . . ငရဲမကြောက်တဲ့လူမိုက်ဆိုတာ ရှိသေးတာပဲနော်”

“ဦးမြသာလိုလူစားတွေ နေမှာပေါ့ဗျာ . . .”

“နတ်ဆိုး . . လူငယ်တွေကို အသောက်အစားကို မ





လုပ်စေနဲ့နော်”

“စိတ်ချပါဦးလေး”

နံ့သာရိုင်းရွာ၏ လုံခြုံရေးကိစ္စများကို နတ်ဆိုးကဦးဆောင်ပြီး လုပ်ကိုင်ရသည့်တာဝန်ကို ယူထားရခြင်းကြောင့် ညစဉ်ရွာ၏လုံခြုံရေးတာဝန်တွေကို ဆောင်ရွက်နေသည်။

“နတ်ဆိုးလည်း ပင်ပန်းပြီနော် . . ညဘက်ဆို ရွာလုံခြုံရေးတာဝန်ကိုယူရပြီး . . မနက်ဆိုဝတီ့ရဲ့ လုံခြုံရေးတာဝန်ကိုပါ ယူရတယ်”

“ဝတီရယ် . . တို့ခုလိုလုပ်ကိုင်နေရတာကို အရမ်းကျေနပ်နေတာပါ”

“နတ်ဆိုး . . ခုရက်ပိုင်းအအေးက ပိုလာတယ်နော် အနွေးအကျႌထပ်ဝတ်ထား . . ရပါတယ်မလုပ်နဲ့ ကြားလား”

“ဟုတ်ကဲ့ . . ဝတီပေးထားတဲ့ ခေါင်းစွပ်ဆွယ်တာလေးကို သွားပြီဆိုတာနဲ့ ဝတ်ထားတာပါ”

“ဒီလိုလိမ္မာရမှာပေါ့ . . .”

နှစ်ဦးကြားမှာ ဘယ်သူမှမသိနိုင်သော ကြိုးမဲ့ချည်တိုင်လေးတစ်ခု စိုက်ထူထားခဲ့ကြပြီမဟုတ်လား . . ဒါပေမယ့် တေးဆိုငှက်ကလေးတစ်ကောင်ရဲ့ ရင်ထဲကသီချင်းလေး တစ်ပုဒ်လိုပင် . . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဝတီ. . နင့်ကိုပြောစရာရှိတယ်"

ကိုကြီးကျော်. . နွေဦးဝတီနှင့် နတ်ဆိုးတို့အနားကို လျှောက်လာပြီး ပြောသောစကား. . .

"ဘာပြောမှာလဲ. . ."

"ဟိုတစ်နေ့က ငါရန်ကုန်ကိုဖုန်းဆက်တုန်းက. . ဆုလဲ့သူနဲ့တောင် စကားပြောဖြစ်သေးတယ် သူကနင်နဲ့ပတ်သက်ပြီး ငါ့ကိုပြောခိုင်းလိုက်တာကို ခုမှသတိရပြီးပြောမလို့"

"သေရေးရှင်ရေးဆိုရင် ခက်ပြီ"

"ဆောရီးဟာ. . နင်နဲ့ငါက ခုလိုမှမတွေ့တာ ငါက တံတားဆောက်လုပ်ရေး ပစ္စည်းတွေကိစ္စနဲ့ လုံးပန်းနေရတာ မေ့သွားတာပေါ့"

"ကဲပါ. . ဘာလဲ ပြော. ."

"နင့်မိဘတွေက နင့်ကိုမန္တလေးက ကုမ္ပဏီပိုင်ရှင် အောင်မျိုးသက်ဆိုတဲ့သူနဲ့ စေ့စပ်ဖို့လုပ်နေပြီတဲ့"

"ဘာ. . ."

"ဟင်"

နတ်ဆိုးနှလုံးသားကို အရှိန်ပြင်းစွာစိုက်ဝင်သွားသော မြားတစ်စင်းပမာပင်. . ဒါပေမယ့်နတ်ဆိုးဖြေသိမ့်နိုင်ပါသည်။ ထိုက်တန်သောလက်ကို ထိုက်တန်သူသည်သာ ဆုပ်ကိုင်ရ





စမြဲမဟုတ်လား. . သူ့လိုအရိုင်းတစ်ယောက်အတွက် ယာယီ ယုံကြည်မှုတစ်ခုနှင့် အမှတ်တရကိုသာ ပိုင်ဆိုင်ခွင့်ရရမည် လေ. . .။



www.burmeseclassic.com

www.burmeseclassic.com

လက္ခယ်ညမို့ စေတီဟောင်းကြီး ပရိဝုဏ်ထဲတွင် အမှောင်ထုက စိုးမိုးထားလေသည်။ လုံခြုံရေးတာဝန်ယူထားကြသည့် လူငယ်တွေက စေတီကြီးမှဌာပနာထားသည့်နေရာအနီးတွင် မီးဖိုကလေးလုပ်ပြီး ရေနွေးဝိုင်းဖွဲ့သောက်နေသည်။ ကိုမောင်ချင်းနှင့် နတ်ဆိုးကတော့ စေတီကြီးပတ်ဝန်းကျင်ကို လှည့်ပတ်စစ်ဆေးပြီး ပြန်လာကြသည်။

"ဘာထူးခြားလဲ ကိုနတ်ဆိုး"

"ထူးခြားတာတော့ မတွေ့ပါဘူး"

"လာဗျာ. . ရေနွေးပူပူလေးကို လက်ဖက်ခြောက် ခါးခါးလေးနဲ့ သောက်ရအောင်. . ဦးချင်းအိပ်ချင်အိပ်လေ. . ကျွန်တော်တို့ရှိနေတာပဲဟာ"





"အေးပါကွာ. . အသက်ကြီးတော့ အရင်လိုအိပ်ရေးပျက်တာကို ခံနိုင်ရည်မရှိတော့ဘူးကွ"

နတ်ဆိုးတို့ဝိုင်းဖွဲ့ပြီး ရေနွေးကြမ်းသောက်နေစဉ်. . .

"တုတ်. . တုတ်. . တုတ်. . ."

"ဟာ (၉း၀၀)နာရီတောင်ထိုးနေပြီ. . နှစ်ဖွဲ့ခွဲပြီး စောင့်မယ်. . ခေါင်ရမ်းတိုး. . မင်းတို့အရင်အိပ်ကြ ငါတို့နောက်(၃)နာရီကျရင်နှိုးမယ်"

"ဟုတ်ကဲ့ အစ်ကိုနတ်ဆိုး"

နတ်ဆိုးတို့လူစု (၂)စုခွဲပြီး အိပ်သည့်သူကအိပ်၊ စောင့်သည့်သူက စောင့်ပြီးနေလိုက်ကြစဉ်. . .။

"ဝုတ်. . ဝုတ်. . ဝုတ်. . ."

"ဟင်"

ခွေးဟောင်သံက အဝေးဆီမှဆိုပေမယ့် နတ်ဆိုးစိတ်ထဲတွင် တစ်မျိုးဖြစ်သွားပြီး ထိုင်နေရာမှထကာ ဘေးဘက်ကို ထွက်ပြီးကြည့်လိုက်တော့. . စေတီကြီးကုန်းမြင့်နှင့် အဝေးဆီမှ မီးရောင်တစ်ခုကို တွေ့လိုက်သည်။ မီးရောင်က စေတီဘက်ကိုလာသောကြောင့် ရန်သူလား၊ မိတ်ဆွေလားဆိုသည်ကို ခွဲခြားပြီးလေ့လာကြည့်တော့ ရန်သူမဖြစ်နိုင်. . ဓါတ်မီးကို တောက်လျှောက်ထွန်းပြီးလာနေခြင်းကြောင့်ပင်. . .



www.burmeseclassic.com

www.burmeseclassic.com



ခါတ်မီးရောင် အနားသို့ရောက်တော့. .

"ဟင်. . ဝတီ"

"နတ်ဆိုး"

နွေဦးဝတီ၊ မြင့်မြင့်မွန်နှင့် ကိုကြီးကျော်တို့ကို တွေ့လိုက်ရသည်။

"ဝတီရယ်. . ဘာလို့လာတာလဲ"

"မသိဘူးဟေ့. . ဘာ စိတ်ဖောက်ပြန်သလဲ မသိဘူး စေတီဘက်ကို လာချင်တယ်ဆိုတာနဲ့ လိုက်ခဲ့ရတာ. . ကဲ နေခဲ့တော့ ပြန်ချင်တဲ့အခါ နတ်ဆိုးကိုသာ ပို့ခိုင်းလိုက်. . မနက်ကျရင်ချစ်ချစ်ကိုသွားပြီး ကြိုရမှာဟေ့. . "

"ကြွကြွ. . သူတစ်ယောက်တည်း ပြန်ပါစေ. . မွန် အဖော်မလိုက်နဲ့"

"ဟာ. . ဒီ ဒီလိုတော့မလုပ်ပါနဲ့ ဝတီရယ်. . မပြန်ရဲဘူး"

"မပြန်ရဲရင်. . ဟိုမှာ ဦးချင်းတို့နဲ့သွားပြီးအိပ်"

"ဝတီ. . နင် ရက်စက်တာလွန်ပြီနော်. . ဒီလောက် အေးတာကို သူမို့ ဘာမှမဖြစ်သလိုလာရတယ်"

"ကဲပါ. . ကိုကြီးကျော်ရယ် ကျွန်မလည်း အလုပ်တွေ များနေတာနဲ့ စေတီကြီးရဲ့ဥာပနာတွေကို မဖူးရသေးဘူး. .





သွားပြီးဖူးရအောင်"

"သဘောပဲဗျာ. . "

မြင့်မြင့်မွန်နှင့် ကိုကြီးကျော် ထွက်သွားပြီး နတ်ဆိုးနဲ့ နွေဦးဝတီနှစ်ယောက်တည်း ကျန်ခဲ့ချိန်တွင်. .

"ဘာလို့ အနွေးထည်ဝတ်မသွားတာလဲ"

"စိတ်လောပြီး ထွက်လာခဲ့လို့ပါ ဝတီ"

"ရော့. . ဝတ်လိုက်"

ချစ်ရသူကို ဆုံးရှုံးရတော့မည်ဆိုသည်ကို သိနေပေမယ့် ကြေကွဲမှုပုံရိပ်ကိုတော့ မမြင်စေလိုတာအမှန်ပင်. . .

"နတ်ဆိုး. . ဝတီ့ကိုအိမ်က စေ့စပ်ပေးတော့မယ်ဆိုတာ သိပြီးပြီနော်"

"အင်း. . ကိုကြီးကျော် ပြောနေတာကို ကြားတယ်လေ. . "

"ဘာလို့ ဒီအကြောင်းကိုမမေးတာလဲ နတ်ဆိုး. . "

"ဝတီ့ရဲ့မိသားစုကိစ္စပေါ်မှာ မမေးသင့်ဘူးထင်လို့ပါ"

"တို့စေ့စပ်တဲ့ပေါ်မှာ နတ်ဆိုးသဘောတူလား. . "

"ဟင်. . . "

နတ်ဆိုးဖြေရခက်လှသောစကားပင်ဖြစ်နေသည်။

"ဖြေလေနတ်ဆိုး. . "



www.burmeseclassic.com

www.burmeseclassic.com



"တို့ဆိုတဲ့ကောင်က ဝတီ့ပေါ်မှာအဲဒီလောက်ထိ ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူးဝတီရယ်"

"ဝတီက ဆုံးဖြတ်ခိုင်းနေတယ်"

"တို့ . . ဘာနဲ့ဆုံးဖြတ်ရမလဲဝတီ"

"နတ်ဆိုးက ဘာနဲ့ဆုံးဖြတ်ချင်လို့လဲ"

"ဘဝနဲ့ဆုံးဖြတ်ရမလား . . နှလုံးသားနဲ့ ဆုံးဖြတ်ရမလား . . ."

"ဝတီ . . နှစ်ခုလုံးကဆုံးဖြတ်တာ ကြားချင်တယ်"

"ဘဝနဲ့ဆုံးဖြတ်ရမယ်ဆိုရင် ဝတီ့အတွက်မန္တလေးကကုမ္ပဏီပိုင်ရှင်ဟာ အသင့်လျော်ဆုံးလို့ ဆုံးဖြတ်မိမှာပါ"

"နှလုံးသားနဲ့ ဆုံးဖြတ်ရင်ရော . . ."

"တို့မပြောပါရစေနဲ့ဝတီ"

"ဝတီ အားကိုးယုံကြည်တဲ့ သူရဲကောင်းကြီးက ဘာလို့သတ္တိတွေမရှိတော့တာလဲ . . ပြော . . ."

"မိုက်မဲလှတဲ့ စကားဖြစ်နေမှာစိုးလို့ပါ"

"ပြောမှာသာပြော . . လူမိုက်စကား မဖြစ်စေရဘူး"

"တို့ . . ဝတီ့ကို ဒီလောကကြီးမှာ ဘယ်သူ့ကိုမှ မပိုင်ဆိုင်စေချင်ဘူး"

"ဘာကြောင့်လဲ"





"တို့ . . ဟင်"

နတ်ဆိုး စကားမဆက်ခင် လှမ်းပြီးတွေ့လိုက်သောသဏ္ဍာန်တွေကြောင့် နွေဦးဝတီလက်ကိုဆွဲပြီး ဌာပနာနေရာသို့ ပြေးလာခဲ့သည်။

"ကိုနတ်ဆိုး . . ဘာဖြစ်လာတာလဲ"

"စေတီနားကို လူတစ်စုလာနေကြတယ် . . ."

"ဘာ . ."

"ဟင် . . ."

"အားလုံးနိုးလိုက်ပြီး နေရာယူထားကြတော့ . . ."

"ဟုတ်ကဲ့"

နတ်ဆိုးတို့အားလုံး နေရာကိုယ်စီယူပြီး စောင့်နေလိုက်ကြသည်။

"ဝတီ . . ဒီနေရာကမထွက်နဲ့နော်"

"အင်း . . ."

စေတီပေါ်သို့ လူတစ်စုတက်လာပြီးနောက် . . .

"ဆရာရဒ္ဓိ . . လူတွေတစ်ယောက်မှ မတွေ့ပါလား"

"ဟိုမှာ အိပ်နေတာလေ . . နံ့သာရိုင်းရွာရဲ့အကျင့်တွေပဲကွ . . အနားကပ်ပြီးမှ ရှင်းသင့်တာကိုရှင်းမယ်"

ကိုမောင်ချင်းတို့(၃)ယောက်က တမင်အိပ်ချင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေခြင်းဖြစ်သည်။ ကျော်ဦးမြသာတို့(၆)ယောက်. . အနားသို့ရောက်တော့. . .

"ဟော့ကောင်တွေ ထကြစမ်း"

"ဟင်. . မင်း. . မင်းတို့ဒါဘာလုပ်တာလဲရှဒ္ဒ. . "

"ဘာလုပ်ရမလဲကွ. . စေတီကြီးရဲ့ ဌာပနာတွေကို လာယူတာ"

"မင်းတို့မိုက်ရိုင်းလှချည်လား"

"တိတ်စမ်း. . ခင်ဗျားစကားမရှည်နဲ့"

"ဩော်. . မြသာရဲ့သားက မြသာလိုပဲကိုးကွ"

"တယ်. . ဒီလူကြီး"

"ကျော်ဦးမြသာ. . စိတ်လျှော့လိုက်ဦး အရေးကြီးတာကိုအရင်ယူပြီးမှ ဆက်ရှင်းမယ်. . ဟော့ကောင်တွေပစ္စည်းတွေ ထည့်စမ်း"

"လွယ်လှချည်လားရှဒ္ဒ"

"ဟင်. . မင်း. . မင်း. . . "

"နတ်ဆိုး. . မင်းတို့သေစမ်းကွာ"

"ကျော်ဦးမြသာ. . မပစ်နဲ့"

ရှဒ္ဒလှမ်းပြီးတားပေမယ့်. . ကျော်ဦးမြသာက နတ်ဆိုးကိုပစ်လိုက်သော်လည်း သေနတ်ကို ကျွမ်းကျင်စွာမပစ်တတ်



BURMESE CLASSIC .com



သောကြောင့် ဘေးအုတ်ခုံကို ထိသွားသည်။

"မင်းက. . ထိအောင်မပစ်တတ်ရင် ငါကထိအောင် ကန်တတ်တယ်ကွ"

"ဖြောင်း. . . အင့်"

"ချကြဟေ့"

နတ်ဆိုးတို့လူစုတွေ ရှဒ္ဒတို့အုပ်စုကို အနီးကပ်ဝင်ပြီး လုံးထွေးလိုက်သောကြောင့် ဘာမှမတတ်သာဘဲ အဖမ်းခံရတော့သည်။ နတ်ဆိုးကန်ချက်ကြောင့် ကျော်ဦးမြသာ ဘေးသို့ လွင့်စင်ပြီး လဲကျသွားရာမှ ပြန်ပြီးထချိန်တွင် နွေဦးဝတီကို တွေ့သွားပြီး ပြေးဆွဲကာ. . .

"တွေ့လား. . နတ်ဆိုး"

"ကျော်ဦးမြသာ နင်. . နင်လွှတ်နော်"

"ဟား. . ဟား. . ဟား. . ငါ့အတွက် ဒီအခွင့်အရေးကို လက်လွှတ်ခံလို့မရဘူး၊ နတ်ဆိုး မင်းနောက်ဆုတ်ပြီးနေခဲ့တော့. . မနေရင် ငါ့ဓားမြှောင်က မင်းရဲ့အသည်းဘူးလေးလည်ချောင်းကို ဖောက်ဝင်သွားမယ်"

"မင်း. . ဘာလုပ်ချင်လဲပြော"

"ငါ့လူတွေကို ပြန်ပြီးလွှတ်ပေးလိုက်"

"နတ်ဆိုး မလွှတ်ပေးနဲ့ ဂူယုတ်မာတွေ တောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို မလုပ်ပေးနဲ့ ဝတီသေချင်သေပါစေ. . . ”

“မင်း ပါစပ်ပိတ်ထားစမ်း. . ကြာတယ်ကွာ”

ရွာသူရွာသားများနှင့်အတူ ဦးစံဖတို့ကကျော်ဦးမြသာကို ဝိုင်းထားလိုက်ကြပြီ ဖြစ်သည်။ ထို့အပြင် လုံခြုံရေးတာဝန်ကျနေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စခန်းမှူးမောင်မောင်နိုင်တို့ပါ အသင့်ရောက်နေကြပြီဖြစ်သည်။

BURMESE CLASSIC .com

ကျော်ဦးမြသာ နောက်သို့ဆုတ်လာရင်း. . .

“ဟာ. . . အား”

ကျော်ဦးမြသာ ခြေထောက်တွင် မီးစနှင့်ထိုးလိုက်သလို ခံစားလိုက်ရပြီး နွေဦးဝတီကို လက်မှလွတ်ထွက်သွားတော့သည်။ နွေဦးဝတီ. . ကျော်ဦးမြသာ လက်ထဲမှလွတ်သည်နှင့် နတ်ဆိုးရင်ခွင်ထဲသို့ ပြေးဝင်တော့သည်။

“ကယ်. . ကယ်ကြပါ”

“ဟင်. . . ”

အားလုံးကြည့်နေသည့်ကြားမှ ကျော်ဦးမြသာ မြေပြင်ပေါ်တွင်လဲကျသွားသဖြင့် ဓာတ်မီးများနှင့် ထိုးကြည့်လိုက်သောအခါ မြွေပွေးကြီးတစ်ကောင် ပြေးထွက်သွားသည်ကို တွေ့လိုက်ရတော့သည်။

“ဒါ. . ဘုရားရိုက်တာပဲကွ”





“သူ့အကုသိုလ်နဲ့သူ ပြန်ခံရတာ”

ကျော်ဦးမြသာကို ကယ်ဖို့လုပ်ပေမယ့်. . အသက်ကမမီတော့ပေ။

“ကျန်တဲ့သူတွေ ခေါ်ခဲ့ကြတော့ဟေ့”

ရုဒ္ဒ. . . ကျော်ဦးမြသာ၏ အလောင်းကို ကြည့်ရင်းသွေးပျက်စွာနှင့် ပါသွားတော့သည်။ လူမိုက်တို့ဇာတ်သိမ်းကအပြီးသတ်ခဲ့လေပြီ. . စေတီကြီးပေါ်တွင် ကျန်ရစ်ခဲ့သူနှစ်ဦးကတော့ နတ်ဆိုးနဲ့ နွေဦးဝတီ. . .

“ကဲ. . ပြောရမယ့်စကားကို ဆက်ပြီးပြော. . . ”

“ဝတီရယ်. . ဒို့ဆိုတဲ့ကောင်က တောထဲမှာ ဘဝရပ်တည်ရသူပါ. . ဝတီဘဝနဲ့အရမ်းကို ခြားနားနေလို့ ဝတီ့မိဘတွေက သဘောတူနိုင်ပါ့မလား. . ဒါပေမယ့် မင်းကိုဒို့ချစ်တယ်ဆိုတာကို ဝန်ခံပါရစေ”

“နတ်ဆိုးရယ်. . မိဘတွေက ဝတီ့ဆန္ဒမပါရင်အတင်းမစီစဉ်ပါဘူးတဲ့. . ဒါကြောင့် မနက်ဖြန် အကြောင်းပြန်မလို့”

“ဘယ်လို အကြောင်းပြန်မှာလဲဝတီ. . . ”

“ဖေဖေနဲ့ မေမေ. . သမီးမှာ သိပ်ချစ်ရတဲ့ တောသားလေးတစ်ယောက်ရှိနေပြီလို့ပေါ့. . . ”



www.burmeseclassic.com

www.burmeseclassic.com



"ဝတီ. . ."

"ရှင်နော်. . ဒါ ဘုရားကုန်းမြေ"

ချစ်သူပခုံးလေးကို ဖက်မယ်ပြုပြီးမှ လက်ကလေးကို သာ ဆုပ်ကိုင်ပြီး စေတီကြီးရင်ပြင်တော်ပေါ်မှ ဆင်းလာခဲ့ တော့သည်. . .။

ပရိသတ်အားပေးမှုကို အစဉ်လေးစားနေမည့်
ရွှေဘဝင်



BURMESE CLASSIC .com
www.burmeseclassic.com